မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၃၀)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သည့် (၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

နိုင်ငံတော်သမ္မတက (၆၇)ကြိမ်မြောက်
ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူမိပါသည်။

၁၉၄၇ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းမှုကာလ အထွတ်အထိပ်ရောက်ချိန် အမျိုးသားရေးလှုပ်ရှားမှုနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ရှမ်းပြည်နယ်နေ့သည် မိမိတို့နိုင်ငံ၏ နိုင်ငံရေးသမိုင်းတွင် အရေးပါသောမှတ်တိုင်တစ်ခုအဖြစ် စတင်သမိုင်းတွင်လာခဲ့ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ဗြိတိသျှ ကိုလိုနီအစိုးရနှင့် အကြိတ်အနယ်ဆွေးနွေးစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်အား ကိုယ်စားမပြုဟူ၍ စော်ဘွားများက အင်္ဂလန်သို့ ကြေးနန်းရိုက်အကြောင်းကြားခဲ့ခြင်းကို ချေဖျက်ရန် ရှမ်းပြည်လူထုခေါင်းဆောင်များက ဦးဆောင်ပြီး လူထုဆန္ဒဖော်ထုတ်ပွဲများကျင်းပကာ တောင်တန်းနှင့် ပြည်မ အတူတကွလွတ်လပ်ရေးရရှိလိုကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ထိုသို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် နိုင်ငံရေးလိုအပ်ချက်ဖြစ်သည့် တောင်တန်းဒေသများနှင့် ပြည်မတို့ အတူတကွ လွတ်လပ်ရေးရယူကြမည်ဟူသည့် ဆုံးဖြတ်ချက်ကို အခိုင်အမာ ချမှတ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် တောင်တန်းဒေသများနှင့် ပြည်မအတူတကွ လွတ်လပ်ရေးရယူကြရန် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တောင်တန်းဒေသမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ သဘောတူညီမှုရရှိအောင် ကြိုးပမ်းနိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ရှမ်းပြည်နယ် နိုင်ငံရေးခေါင်းဆောင်များနှင့် အကျေအလည်ဆွေးနွေးပြီး **"ပြည်မနှင့် အတူတကွပူးပေါင်းပြီး အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရယူမည်"** ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ဆုံးဖြတ်ခဲ့သော

စာမျက်နှာ ၃ ကော်လံ ၁ ✱

ပြုပြင်ပြောင်းလဲမှုများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ ဒေသတွင်း အဖွဲ့အစည်းများ၌ အခွင့်အလမ်းကောင်းများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

တတိယအကြိမ် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(ဘင်းမ်စတက်) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် မတ် ၁ ရက်မှ ၄ ရက်အထိ နေပြည်တော်၌ကျင်းပမည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပနိုင်ရန် ဆပ်ကော်မတီများအလိုက် ခွဲဝေပေးထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်

စာမျက်နှာ ၈ ကော်လံ ၁ ●

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တတိယအကြိမ် ဘင်္ဂလားပင်လယ်အော် ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (ဘင်းမ်စတက်) ထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြစ်၊ အပျော်စီးသင်္ဘောနှင့် ကမ္ဘာလှည့်ခရီးသည်များ

သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၆

ပုဂ္ဂလိကလုပ်ပိုင်ခွင့်များကို ပိုမိုဦးစားပေးလုပ်ကိုင်ခွင့်ပြုနေသော ယနေ့ကာလတွင် ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် ဝင်ရောက်လုပ်ကိုင်လာသော ပုဂ္ဂလိကလုပ်ငန်းရှင်များ တိုးပွားလာလျက်ရှိရာ ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘော ခရီးစဉ်ဝန်ဆောင်မှုပေးခြင်းများ တိုးတက်လာပြီဖြစ်သည်။

"ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောတွေ အခုဆိုရင် စုစုပေါင်း ခြောက်စင်းလောက် ရှိလာပြီဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေ တင်ဆောင်ပြီး နေဝင်ဆည်းဆာအလှနဲ့ သဘာဝမြင်ကွင်းအလှတွေကို ခံစားနိုင်အောင်၊ ပြည်တွင်း ပြည်ပခရီးသည်တွေကို ခံစားမှုအသစ်၊ စိတ်ကျေနပ်စရာ ဝန်ဆောင်မှုအစီအစဉ်တွေ ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကျွန်တော်တို့ အပျော်စီးသင်္ဘောအစီအစဉ်မှာ ပူးပေါင်းလုပ်ဆောင်ဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်" ဟု အပျော်စီးသင်္ဘောခရီးစဉ်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်မည့် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးခင်မောင်ဦးက ပြောကြားသည်။

အပျော်စီးသင်္ဘောတစ်စင်းတည်ထောင်ရာတွင် ကုန်ကျစရိတ်မှာ ခန့်မှန်းခြေ ငွေကျပ်သိန်း ၂၀၀၀ မှ ၃၀၀၀ ခန့်အထိရှိနေရာ လောလောဆယ်တွင်

စာမျက်နှာ ၅ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကိုယ်ပိုင်အလုပ်

အလုပ်ကို အကြမ်းအားဖြင့် သုံးမျိုးသုံးစားခွဲခြားနိုင်သည်။ အစိုးရအလုပ်၊ ပုဂ္ဂလိကကုမ္ပဏီအလုပ်၊ ကိုယ်ပိုင်အလုပ်ဟူ၍။ ထိုအလုပ် သုံးမျိုးစလုံးသည် ဖွဲ့စည်းပုံ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ မတူကွဲပြားကြသလို ကြိုးစားအားထုတ်မှုမှာလည်း ကွဲပြားခြားနား လျက်ရှိသည်ကို တွေ့ရပေသည်။ အကျိုးသက်ရောက်မှု၊ ထိရောက်မှု၊ အောင်မြင်မှုတို့မှာလည်း တူနိုင်မည်မဟုတ်ပါ။ အကြောင်းအရင်းကို စစ်ကြောကြည့်လျှင် လုံ့လစိုက်အားထုတ်မှုချင်း ကွာခြားလေသောကြောင့်ပေတည်း။

အစိုးရအလုပ်သည်ကား ရည်မှန်းချက်၊ လျာထားချက်၊ မျှော်မှန်းချက်များ ပြည့်မီအောင် စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်ရသည့် သဘောရှိပါသည်။ ရည်မှန်းချက်ပန်းတိုင်သို့ မတိမ်းမစောင်း မှန်မှန်ထိန်းကျောင်းလုပ်ကိုင်သွားကြရသည့် သဘောလည်းရှိပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် စည်းကမ်းဘောင်အတွင်းမှသာ လုပ်နိုင်ပါသည်။ စည်းကမ်းဘောင်ကိုကျော်ပြီး လုပ်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့်လည်း ကုမ္ပဏီ(ဝါ) ပုဂ္ဂလိကအလုပ်နှင့် နှိုင်းစာလျှင် တိုးတက်မှုနှုန်းမှာ နှေးကွေးနိုင်ပါသည်။ သို့သော်ကား ပုဂ္ဂလိကတိုးတက်မှုစံနှုန်းကို လိုက်မမီစေကာမူ ပျက်စီးဆုံးရှုံးမှု၊ မအောင်မြင်မှုမှာ နည်းပါးတတ်ပါသည်။

ကုမ္ပဏီအလုပ်သည်ကား ထိုသို့မဟုတ်ချေ။ အကျိုးအမြတ်မရှိသော အလုပ်တစ်ခုကို ချက်ချင်းရပ်ပစ်နိုင်သည်။ အောင်မြင်မည်ဟုယူဆရသော နည်းဗျူဟာကို အမြန်ဆုံးပြင်ဆင်နိုင်သည်။ အောင်မြင်မှုစံနှုန်းမကောင်းလျှင် ကောင်းအောင်ထိန်းကျောင်း ပြုပြင်သွားနိုင်သည်။ ဤသည်မှာ ပုဂ္ဂလိကအလုပ်၏ အားသာချက်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေချိန် ပုဂ္ဂလိကအခန်းကဏ္ဍကိုကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်သွားနိုင်ရန် အစိုးရက တွန်းအားပေးလုပ်ဆောင်နေပြီဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အဓိကမိတ်ဖက်မှာ ပုဂ္ဂလိကကဏ္ဍပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်အတွင်း **Privatization** ကို ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်သွားနိုင်ပါမှ အမြန်ဆုံးကြီးပွားတိုးတက်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းခွင်တစ်ခုအတွင်း ပါဝင်သော အလုပ်သမား၊ ပညာရှင်အားလုံးသည် လုပ်ငန်းရှင်၏ အကျိုးစီးပွားကိုရှေးရှုပြီး အလုပ်လုပ်ကြရသည်။ သို့သော် ကုမ္ပဏီအလုပ်သည် တိုးတက်မှုကောင်းသည်ဆိုနိုင်သော်လည်း ကိုယ်ပိုင်အလုပ်ကိုကား မီနိုင်လိမ့်မည်မဟုတ်ပါ။

ကိုယ်ပိုင်အလုပ်ဖြစ်ခြင်းကြောင့် အားထုတ်ကြိုးစားမှုမှာလည်း အမြင့်ဆုံးစံချိန်ဖြစ်သည်။ စေတနာထားလုပ်ကိုင်ပုံမှာလည်း ကိုယ်ပိုင်အလုပ်က အသာကြီးပင်ဖြစ်သည်။ မည်သည့်အလုပ်မဆို ကိုယ်ပိုင်အလုပ်ကို မီနိုင်မည်မဟုတ်ပါ။ မိမိကိုယ်တိုင်လုပ်သည့် အလုပ်ဖြစ်ခြင်းကြောင့် ဆုံးရှုံး၍မဖြစ်ပါ။ သေချာပေါက်အောင်မြင်အောင်လုပ်ပါသည်။ အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်တတ်ကြပါသည်။ ကိုယ်ပိုင်အလုပ်ကို မည်သူမျှ ထိခိုက်ပျက်စီးအောင်မလုပ်ပါ။ မအောင်မြင်မှာကိုလည်း အလွန်အမင်းစိုးရိမ်ပူပန်တတ်ကြပါသည်။ အောင်မြင်မှုအထွတ်အထိပ်ကို ရလိုသောဆန္ဒမှာ ကိုယ်ပိုင်အလုပ်လုပ်သူတိုင်း၏ ဆန္ဒဖြစ်ပါသည်။ ဤသည်မှာ ကိုယ်ပိုင်အလုပ်၏ အားသာချက်ပင်ဖြစ်ပါသည်။

ထို့ကြောင့် အစိုးရအလုပ်လုပ်သည်ဖြစ်စေ၊ ကုမ္ပဏီအလုပ်လုပ်သည်ဖြစ်စေ ကိုယ်ပိုင်အလုပ် လုပ်သကဲ့သို့ အားထည့်ကြိုးစားကြပါမှ တိုးတက်မှုစံနှုန်းသည် အကောင်းဆုံးဖြစ်ပါမည်။ လုံ့လ၊ ဝီရိယ၊ စေတနာအပြည့်အဝဖြင့်လုပ်ကိုင်ကြပါမှ တိုးတက်မည်ဖြစ်ပါသည်။ သို့မဟုတ်ချေက တိုးတက်အောင်မြင်မှုသည် နှေးကွေးနေဦးမည်သာဖြစ်ပါသည်။ ပြင်းပြသောဆန္ဒမပါလျှင် မအောင်မြင်နိုင်ပါ။ သို့ဖြစ်၍ မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ "ကိုယ်ပိုင်အလုပ်"လုပ်သကဲ့သို့ အားထည့်လုပ်ကိုင်အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

မြောင်းမြမြို့နယ်၌ အားကစားကွင်း/အားကစားရုံအဆင့်မြှင့်တင်တည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့သို့ ရောက်ရှိပြီး မြောင်းမြမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြောင်းမြခရိုင် အားကစားကွင်း/အားကစားရုံအဆင့်မြှင့်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေသာလျောင်းဘုရားကြီး ဂန္ဓကုဋိတိုက်အသစ် ပြန်လည်တည်ဆောက်ရေး အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နောင်ရိုးခန်းမ၌ အားကစားဝန်ကြီးဌာနမှ ပံ့ပိုးပေးထားသည့် ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ဘီလိယက်နှင့်စနူကာ၊ **(အောက်ပုံ)** စားပွဲတင်တင်းနစ်၊ လက်ဝှေ့အားကစားပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်၊ ကျေးရွာ အားကစားပြိုင်ပွဲများ၊ ကျောင်းသား အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြောင်းမြခရိုင် အားကစားကွင်း အဆင့်မြှင့်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် VIP ပွဲကြည့်စင် တည်ဆောက်ပြီးစီးမှု၊ ဘောလုံးကွင်းအသစ်ပြန်လည်ဖောက်လုပ်ပြီးစီးမှု၊ ကွင်းအတွင်း မြက်စိုက်ပျိုးပြီးစီးမှု၊ မီတာ ၁၀၀ ပြေးလမ်းဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ခနသိဒ္ဓိရပ်ကွက် တော်ဝင်ရတနာ မူကြိုကျောင်းသို့ ရောက်ရှိ၍ အတွင်းသင်ယူမှုနေရာများနှင့် အပြင်သင်ယူမှုနေရာများကို ကြည့်ရှုစစ်ဆေးပြီး ကလေးသူငယ်များ၏ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ ပျော်ရွှင်လွတ်လပ်စွာ ဆော့ကစားနေမှု၊ အိပ်စက်အနားယူနေမှုနှင့် ကျန်းမာရေးညီညွတ်အောင် အာဟာရချက်ပြုတ်ကျွေးမွေးနေမှုတို့အတွက် မှာကြားသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိရပ်ကွက် နန်းထိုက်ရတနာ မူကြိုကျောင်း၌ အတွင်းသင်ယူမှုနေရာများနှင့် အပြင်သင်ယူမှုနေရာများဖြစ်သော ရေနှင့်ကစားရန်နေရာ (Water Corner)၊ သဲနှင့်ကစားရန်နေရာ(Sand Corner) တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလမ်းမြို့နယ် လုံးဟော့ကျေးရွာ၌ အထက(ခွဲ)ဖွင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေး

ဖလမ်း ဖေဖော်ဝါရီ ၆

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် လုံးဟော့ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့ ကွင်းပြင်မုခ်ဦး၌ ကျင်းပသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ခရိုင်ပညာရေးမှူး ဦးနိုက်အောင်၊ အထက(ခွဲ)ကျောင်းအုပ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် အထက(ခွဲ)ခန်းမ၌ ပြည်သူများ အသိပညာပေး ဟောပြောပွဲကို ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က လုံးဟော့ကျေးရွာဒေသရှိ ပြည်သူများအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ လုံးဟော့နှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာရှစ်ရွာနေ ကျောင်းသား ကျောင်းသူများသည် အလှမ်းကွာဝေးသော ဖလမ်းနှင့် လုံဘန်း အထက်တန်းကျောင်းများသို့ ခက်ခဲစွာ သွားလာပညာသင်ကြားခဲ့ကြရာမှ ယခုအခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်ပေးခြင်းအားဖြင့် လွယ်ကူစွာ ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးနိုက်အောင်က ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး ဆောင်ရွက်ထားသည်များကို ရှင်းလင်းပြောကြားပြီး ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်တို့က ကျန်းမာရေးပညာပေးဆိုင်ရာများ၊ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး လှသန်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးခွာဇခဲင်းက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများကို အသိပညာပေးဟောပြောကြကာ အထက(ခွဲ) ကျောင်းစာကြည့်တိုက်အတွက် သုတရသစာအုပ်မျိုးစုံ၊ ဂျာနယ်မျိုးစုံနှင့် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းပြီး အထက(ခွဲ)ကျောင်းအုပ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်းနှင့်ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များနှင့်အဖွဲ့တို့က လုံးဟော့ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ လူနာ ၁၇၄ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်သူ့အကျိုး ဖောင်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် "ရှမ်းပြည်နယ်နေ့"ဟု သတ်မှတ်ခဲ့ပါသည်။ ထိုနေ့မှာပင် "ရှမ်းအမျိုးသားအလံ"နှင့် "ရှမ်းအမျိုးသားသီချင်း"တို့ကို သတ်မှတ်နိုင်ခဲ့သည်ဟု သိရှိရပါသည်။

"ရှမ်းပြည်နယ်နေ့" သည် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများသာမက မြန်မာနိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်ဟု ရှုမြင်ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားအားလုံး လွတ်လပ်ရေးကို အတူတကွ ရယူရန်အတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ထိုနေ့တွင် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့်သဘောတူညီချက်တစ်ရပ်ရရှိပြီး ယုံကြည်မှုတည်ဆောက်ခဲ့သည့် ဖြစ်စဉ်အဖြစ် သမိုင်းဝင်ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ပင်လုံစာချုပ်သည် မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ရုံမျှမက ခေတ်သစ်မြန်မာ့နိုင်ငံရေးသမိုင်း၏တိုင်းရင်းသားစည်းလုံးညီညွတ်ရေး **စမှတ်**အဖြစ် တည်ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးအကွဲအပြဲများကို အခြေခံသည့်ပဋိပက္ခများ၏ ရိုက်ခတ်မှုများကြောင့် ခါးသီးသော အတွေ့အကြုံများကို မိမိတို့ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုခါးသီးသောအတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ တိုင်းရင်းသားပေါင်းစုံ အတူတကွယှဉ်တွဲနေထိုင်နိုင်ရန် လက်တွဲဖော်ဆောင်ရမည့်အချိန် ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုကြီးကို ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များချမှတ်ခဲ့သည့် အခြေခံမူများဖြင့် ရှင်သန်စေပြီး ပင်လုံစိတ်ဓာတ်ဟု ခေါ်ဆိုအပ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် လက်တွဲတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖော်ဆောင်လျက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များ အောင်မြင်စေရန် အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တပ်မတော်၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ကြိုးပမ်းဖော်ဆောင်ကြရန် ထပ်လောင်းတိုက်တွန်းအပ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအများစုနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပါဝင်သင့် ပါဝင်ထိုက်သောသူများ ပါဝင်မည့်နိုင်ငံရေး ဆွေးနွေးပွဲကြီး ကျင်းပပြုလုပ်နိုင်ရန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ နိုင်ငံရေးဆွေးနွေးပွဲကြီးတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍများမှ ပါဝင်ပြီး အောင်မြင်အောင် ဝိုင်းဝန်းဖော်ဆောင်ပေးကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ရှမ်းပြည်နယ်အတွင်းရှိ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအများစုနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပါဝင်သင့်ပါဝင်ထိုက်သောသူများ ပါဝင်မည့်နိုင်ငံရေး ဆွေးနွေးပွဲကြီးကျင်းပပြုလုပ်နိုင်ရန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိ။

ဤကဲ့သို့ မိမိတို့တိုင်းရင်းသားပြည်သူလူထုအားလုံးသည် ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာကာ အနာဂတ်ရည်မှန်းချက်များ အောင်မြင်အောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဌေးအား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခ(ဆေးပညာ)ဒေါက်တာသက်ခိုင်ဝင်းအား ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Right Watch)မှ အာရှဒေသ ဒုတိယညွှန်ကြားရေးမှူး Mr.Phil Robertson နှင့်အဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးဌာနရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်သိက္ခာကိုထိန်းသိမ်း နိုင်ငံတော်နှင့် မြန်မာအမျိုးသမီးထုကြီးက အားကိုးရသောအဖွဲ့အစည်းဖြစ်အောင်ကြိုးစား

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၃ ခုနှစ် နှစ်ပတ်လည်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သီရိရတနာခန်းမ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး ဂုဏ်ထူးဆောင်နာယကကြီး ဒေါ်ခင်ခင်ဝင်း၊ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကိုယ်စား အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်တစ်ရပ်အနေဖြင့်လည်းကောင်း၊ အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်များ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ၏ တက်ကြွသောအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့်လည်းကောင်း၊ မြန်မာအမျိုးသမီးထုကြီးအားလုံးအတွက် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် အမျိုးသမီးအခွင့်အရေးကိစ္စများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းပါဝင်သော ကဏ္ဍအသီးသီးကို အထောက်အပံ့ဖြစ်စေမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုအရ ဆပ်ကော်မတီများ (Delivery Units) ၂၇ ခုအနက် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ ပထမအကြိမ်အစည်းအဝေး၏ ရှေ့လုပ်ငန်းစဉ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ စသည့်အောက်ခြေအဆင့်ထိ ကွင်းဆင်းပြီး အမျိုးသမီးများ၏ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ အမျိုးသမီးရေးရာအဖွဲ့အဝင်များအနေဖြင့် ဒုတိယဝန်ကြီးများဦးဆောင်သည့် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit)မှ ကွင်းဆင်းရောက်ရှိလာသည့်အခါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်း မှာကြားလိုပါကြောင်း၊ သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရင်း မြန်မာအမျိုးသမီးများပီပီ နိုင်ငံတော်နှင့် မြန်မာအမျိုးသမီးထုကြီးက အားကိုး၊ အားထားရသော အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ပိုမိုကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ၂၀၁၄ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၃ ခုနှစ် ဆောင်ရွက်ခဲ့သော မှတ်တမ်းဓာတ်ပုံများ **(အပေါ်ပုံ)**နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဒေသထွက် ပစ္စည်းအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးစရိတ်ချေးငွေများ တောင်သူများပေးဆပ်

ခင်ဦး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၅၉ အုပ်စု၊ တောင်သူလယ်သမားပေါင်း ၁၆၂၉၈ ဦး၊ မိုးစပါးချေးငွေကျပ်သန်းပေါင်း ၈၁၆၈ ဒသမ ၂၆ သန်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၃ ရက် တစ်ရက်တည်း ကောက်ခံရရှိသည့်ငွေ အရင်းကျပ်သန်းပေါင်း ၃၂၉ ဒသမ ၉၅ သန်း၊ အတိုးရငွေကျပ်သန်းပေါင်း ၁၅ ဒသမ ၄၅ သန်းဖြစ်ကြောင်း၊ ယခင်နှင့်ယခုကောက်ခံရရှိပြီး ငွေအရင်းကျပ်သန်းပေါင်း ၄၄၀၆ ဒသမ ၉၉ သန်း၊ ကျန်ငွေအရင်း ကျပ်သန်းပေါင်း ၃၇၆၁ ဒသမ ၂၇ သန်း၊ ကောက်ခံရရှိရာ ရာခိုင်နှုန်းမှာ ၅၃ ဒသမ ၉၅ ဖြစ်ကြောင်း ရွာသာကျေးရွာအုပ်စုနှင့် မဒေါင်းကြီးကျေးရွာအုပ်စုတို့ တာဝန်ကျေပေးဆပ်ပြီးဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမန်နေဂျာ ဒေါ်ယဉ်နွဲ့က တောင်သူလယ်သမားများအနေဖြင့် စပါးအထွက်နှုန်း လျော့နည်းခဲ့သော်လည်း တာဝန်သိသိ၊ ပေးဆပ်မှုကို ဝမ်းသာမိကြောင်း ပြောကြားသည်။

ရောင်နီတင်ဝင်း

နိုင်ငံတကာသတင်း

နှင်းမုန်တိုင်းကြောင့် နယူးယောက်တွင်အရေးပေါ်ကြေညာ

နယူးယောက် ဖေဖော်ဝါရီ ၆

နယူးယောက် အုပ်ချုပ်ရေးမှူး အင်ဒရူးကော်မိုက ဖေဖော်ဝါရီ ၅ ရက်တွင် နယူးယောက်ပြည်နယ်တစ်ခုလုံး နှင်းမုန်တိုင်းများ ဆက်လက်တိုက်ခတ်နေမှုကို ထိရောက်စွာကိုင်တွယ်ပေးရန် အရေးပေါ် အခြေအနေတစ်ရပ် ကြေညာလိုက်သည်။

နယူးယောက်ပြည်နယ်တစ်ခုလုံး နှင်းမုန်တိုင်းဒဏ် ခံနေရသဖြင့် ဒေသနေ ပြည်သူများအား လုံခြုံဘေးကင်းစေရန် လိုအပ်သည့် အစီအမံများအားလုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မိုက ပြောကြားလိုက်သည်။

နှင်းမုန်တိုင်းဒဏ် ခံရသော နယူးယောက် ပြည်သူအားလုံး လမ်းဘေးတွင် မနေသင့်ကြောင်း၊ မုန်တိုင်းကျော်လွန် ပြီးဆုံးသည့်တိုင်အောင် နေအိမ်များအတွင်း၌သာ နေထိုင်သင့်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားလိုက်သည်။

နှင်းမုန်တိုင်းကျရောက်ပြီး နယူးယောက်ပြည်နယ်တစ်ဝန်း ရေခဲဖုံးလွှမ်းခဲ့ပြီးနောက် ရာပေါင်းများစွာသော ခရီးဝေးသွားသူများ သောင်တင်ခဲ့လျက်ရှိသည်။ နယူးယောက် အဓိကလေဆိပ်ကြီးများတွင်လည်း လေကြောင်းပျံသန်းမှုပေါင်း ၁၀၀၀ ကျော် နှင်းများ ထူထပ်စွာ ကျရောက်နေမှုကြောင့် ဖျက်သိမ်းလိုက်ရသည်။

(ဆင်ဟွာ)

ရွှေတွင်းမီးလောင်မှု လူရှစ်ဦး၏ ရုပ်အလောင်းများတွေ့ရှိ

ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၆

တောင်အာဖရိက ရွှေသတ္တုတူးဖော်ရေး သတ္တုမိုင်းတွင်းတစ်ခု၌ မီးလောင်ပြီး ကျောက်တောင်ပြိုကျခဲ့ပြီးနောက် လူရှစ်ဦး၏ အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။

ဂျိုဟန်နစ္စဘတ်မြို့ အနောက်ဘက် ဒွန်းကော့သတ္တုမိုင်း၌ မိုင်းအလုပ်သမားတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အစိုးရက ပြောသည်။ စောစောပိုင်းက အခြားသတ္တုမိုင်း လုပ်သားရှစ်ဦးအား မြေအောက်ခန်း၌ ဘေးမသီရန်မခဘဲ တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

အဆိုပါ ရွှေသတ္တုတွင်း မီးလောင်မှုဖြစ်စဉ်မှာ အင်္ဂါနေ့ညပိုင်းက မြေအောက် ပေ ၅၆၀၀ ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်ရခြင်း အကြောင်းအရင်းကို မသိရသေးဟု ဆိုသည်။

ယင်းမီးလောင်မှုအတွက် အလွန်အမင်း နောင်တရမိကြောင်း ဓာတ်သတ္တုအရင်းအမြစ်ဝန်ကြီး ဆူဆန်ရှာဘန်ဂုက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သေဆုံးသူများ၏ ရုပ်အလောင်းများကို ဗုဒ္ဓဟူးနေ့ညပိုင်းရောက်မှ တွေ့ရှိခဲ့သည်ဟု ဆိုသည်။

ကယ်ဆယ်ရေး အဖွဲ့အနေဖြင့် အဆိုပါ မီးလောင်မှုဖြစ်ပွားရာ မြေအောက်တွင် မီးခိုးများနှင့် ကျောက်တုံးများ ပြိုကျနေမှုကြောင့် သွားရောက်ကယ်ဆယ်ရန် ရုန်းကန်ကြိုးစားခဲ့ရသည်ဟု ဆိုသည်။

(ဆင်ဟွာ)

တရုတ်ကင်းလှည့်ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

တောင်တရုတ်ပင်လယ်အတွင်းအငြင်းပွားမှု ပေကျင်းကို အမေရိကန်ဖိအားပေးပြောဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၆

အမေရိကန်ထိပ်တန်းသံတမန်က ပေကျင်းအား တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုကိစ္စကို နိုင်ငံတကာဥပဒေနှင့်အညီ ရှင်းရှင်းလင်းလင်းလုပ်ရန် သို့မဟုတ် မျှမျှတတလုပ်ရန်တိုက်တွန်းလိုက်သည်။

အရှေ့အာရှဆိုင်ရာ လက်ထောက်အတွင်းရေးမှူး ဒန်နီရယ်ရပ်ဆဲလ်က တရုတ်နိုင်ငံ၏ အဆိုပါနယ်မြေအငြင်းပွားမှုအပေါ် ဝေဖန်ပြောဆိုလိုက်သည်။ တရုတ်နိုင်ငံ၏ အဆိုပါလုပ်ရပ်အပေါ် စိုးရိမ်မှုတိုးလာကြောင်းလည်း ၎င်းက ပြောဆိုလိုက်သည်။

အရှေ့တရုတ်ပင်လယ်အတွင်း အငြင်းပွားကျွန်းအပေါ် တရုတ်က လေကြောင်းကာကွယ်ရေးဇုန်သတ်မှတ်ခဲ့သည့်အတွက် တင်းမာမှုများ တိုးတက်လာသည်။ နိုင်ငံအချို့လည်း အဆိုပါကျွန်းစုကို ပိုင်ဆိုင်လိုမှုဖြင့် အငြင်းပွားလျက်ရှိသည်။

တရုတ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) တို့ကလည်း အဆိုပါကျွန်းစုကို ပိုင်ဆိုင်လိုမှုဖြင့် အငြင်းပွားလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများက ကန့်ကွက်နေသော်လည်း တရုတ်နိုင်ငံက ထိန်းချုပ်ရန်ကြိုးစားလာမှုကြောင့် တင်းမာမှုများပိုမိုကြီးထွားလာနေကြောင်း မစ္စတာရပ်ဆဲလ်က ကွန်ဂရက်ဆိုင်ရာကော်မတီတစ်ရပ်သို့ ပြောကြားလိုက်သည်။

တရုတ်နိုင်ငံအနေဖြင့် အဆိုပါပင်လယ်အတွင်း နိုင်ငံတကာဥပဒေနှင့်အညီ တရားမျှတစွာ ဆောင်ရွက်ရေးကို အလေးအနက်ထားသင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အမေရိကန်အနေဖြင့် အာရှဒေသအတွင်း နယ်မြေအငြင်းပွားမှုအပေါ် မည်သည့်ဘက်မျှ ရပ်တည်ချက်ပြုလုပ်နိုင်မည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ သို့သော်လည်း ၎င်းက ဖိလစ်ပိုင်နိုင်ငံ၏ အဆိုပါကိစ္စကို ငြိမ်းချမ်းစွာအဖြေရှာမှု အစိတ်အပိုင်းအဖြစ် ကုလသမဂ္ဂခုံရုံးမှ ဆောင်ရွက်ရန်ကြိုးပမ်းမှုအပေါ် ထောက်ခံခဲ့သည်။ တရုတ်က ယင်းကိစ္စကို ပြီးခဲ့သည့်နှစ်က ရှုတ်ချလိုက်သည်။

(ဘီဘီစီ)

ဆိုချီအိုလံပစ် လာရောက်လေယာဉ်များ သွားတိုက်ဆေးပုံး အမေရိကန်သတိပေး

ဆိုချီ ဖေဖော်ဝါရီ ၆

ဆောင်းရာသီအိုလံပစ် အားကစားပွဲအတွက် ရုရှားနိုင်ငံသို့ ဝင်ရောက်လာသော လေယာဉ်များတွင် သွားတိုက်ဆေးဘူးဗုံး ပေါက်ကွဲနိုင်ကြောင်း အမေရိကန်က သတိပေးပြောကြားလိုက်သည်။

ရုရှားနိုင်ငံ ဆိုချီ၌ အဆိုပါ ဆောင်းရာသီ အိုလံပစ်အားကစားပွဲအတွက် ပြင်ဆင်နေချိန် ရုရှားသို့ တိုက်ရိုက်ပျံသန်းလာသော လေယာဉ်များပေါ်တွင် သွားတိုက်ဆေးဘူးဗုံး ပေါက်ကွဲနိုင်ကြောင်း အမေရိကန် ပြည်ထဲရေးဝန်ကြီးဌာနက သတိပေး ပြောကြားလိုက်ခြင်းဖြစ်သည်။

(ဘီဘီစီ)

အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးတွင်းပြိုကျ လေးဦးသေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၆

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မီဂါလာယာပြည်နယ်၌ ကျောက်မီးသွေးတွင်း ပြိုကျရာ လေးဦးသေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၆ ရက်က ဒေသမီဒီယာတွင် ဖော်ပြသည်။

မီဂါလာယာပြည်နယ် မြို့တော်ရှိလွန်းမှ ကီလိုမီတာ ၄၀၀ အကွာ ဂါရေးဂစ်တင်းအရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် လေးဦးပိတ်မိသေဆုံးသွားခဲ့ရာ သုံးဦးကိုသာ ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ ကျောက်မီးသွေးတွင်းမှာ မှတ်ပုံတင်ထားခြင်းမရှိဘဲ ၎င်းတွင်းပိုင်ရှင်မှာလည်း ထွက်ပြေးတိမ်းရှောင်နေကြောင်း ရဲအရာရှိ၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ယခုကဲ့သို့ ကျောက်မီးသွေးတွင်း ပြိုကျမှုများ မကြာခဏဖြစ်ပွားခြင်းသည် မိုင်းတွင်းများကို လေ့လာဆန်းစစ်မှု အားနည်းခြင်းနှင့် အလုပ်သမားများအတွက် အကာအကွယ်ပေးမှု နည်းခြင်းတို့ကြောင့်ဖြစ်သည်။

(ဆင်ဟွာ)

စက်မှုဝန်ကြီးဌာန
အသေးစားနှင့်အလတ်စားလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်ပြင်ဆင်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနရုံးအဆောက်အအုံအား ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လက်ရှိတည်ဆောက်ပြီး လေးထပ်မှ ရှစ်ထပ်သို့ BOT စနစ်ဖြင့် တိုးမြှင့်တည်ဆောက်ရန် မြန်မာ့အလင်းသတင်းစာ၌ ၂၀-၁-၂၀၁၄ ရက်နှင့် ၂၁-၁-၂၀၁၄ ရက်တို့တွင် ကြေညာခဲ့ပါသည်။

၂။ ယင်းကြေညာချက်တွင် အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်ကို ၇-၂-၂၀၁၄ရက်ဟု ဖော်ပြခဲ့ခြင်းအား ၂၁-၂-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီသို့ ပြောင်းလဲပါကြောင်း တင်ဒါတင်သွင်းသူများ သိရှိနိုင်ပါရန် အကြောင်းကြားပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
အသေးစားနှင့်အလတ်စားလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
ဖုန်း-၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ ၀၁-၅၅၉၂၃၉

POST ဝင်ခွင့်သင်တန်း PGDMA
(A) 8 ... (B) 12 ...
09420129333

WOODEN HARP
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)၊
ပုဂံသီးသန့်/ရွှေစက်တော်သီးသန့်။
ဖုန်း-၀၉-၄၀၃၇၄၁၃၆၃၊
၀၉-၄၂၀၁၀၆၁၁၈



ပြည်တွင်းသတင်း

စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၆/၂၀၁၄
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)
စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာနှင့်ဒုချီးရားတန်း(အနောက်)ကျေးရွာတို့တွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက်နေ့ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်နှင့် ဇန်နဝါရီလ ၂၈ ရက်နေ့၌ ဖြစ်ပွားခဲ့သော ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က)	ဒေါက်တာသာလှရွှေ ဥက္ကဋ္ဌ မြန်မာနိုင်ငံကြက်ခြေနီအသင်း	ဥက္ကဋ္ဌ
(ခ)	ဦးထွန်းအောင်ချိန် အဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်	အဖွဲ့ဝင်
(ဂ)	ဒေါက်တာဂွန်ကျုံးလျန် နိုင်ငံတကာဥပဒေပညာရှင်	အဖွဲ့ဝင်
(ဃ)	ဒေါက်တာတင်သိန်းလွင် ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့	အဖွဲ့ဝင်
(င)	ဦးတင်ဦး အငြိမ်းစားသံအမတ်ကြီး	အဖွဲ့ဝင်
(စ)	ဟာဂျီဦးတင်မောင်ဝင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့	အဖွဲ့ဝင်
(ဆ)	ဦးဝင်းတည် အလုပ်အမှုဆောင်အဖွဲ့ဝင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့	အဖွဲ့ဝင်
(ဇ)	ဦးသာပွင့်(ရပ်မိရပ်ဖ) စစ်တွေမြို့၊ ရခိုင်ပြည်နယ်	အဖွဲ့ဝင်
(ဈ)	ဦးလှသိန်း(ခ)မော်ဂျီဟူလာ(ရပ်မိရပ်ဖ) မောင်တောမြို့၊ ရခိုင်ပြည်နယ်	အဖွဲ့ဝင်
(ည)	ဒေါက်တာကျော်ရင်လှိုင် Myanmar Egress	အတွင်းရေးမှူး

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရန် စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်နှင့်တကွ အကြံပြုတင်ပြရမည်-

(က) ၁၃-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်းကျေးရွာ၌ ခရေမြိုင် ရဲကင်းမှ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း သေဆုံးရသည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်-မဟုတ်။

(ခ) ၂၈-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်း(အနောက်)ကျေးရွာ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် မည်သူ့ပယောဂကြောင့် မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း။

(ဂ) ဒုချီးရားတန်း(အနောက်) ကျေးရွာ မီးလောင်သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အခြေအမြစ်မရှိသော မမှန်ကန်သည့်သတင်းထုတ်လွှင့်မှုနှင့် မည်သူတို့က ဆောင်ရွက်ကြောင်း။

(ဃ) ဖြစ်စဉ်များကြောင့်သေဆုံး၊ ဒဏ်ရာရရှိမှု၊ နေအိမ်ဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေ။

(င) ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင် တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့်ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများ တောင်းခေါ်ခြင်းနှင့်လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အရောက် နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံ တင်ပြရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားရုံးများ၌ တရားမျှတခြင်း ထွန်းကားနိုင်ရေးအတွက် **အဘက်ဘက်မှ** တရားရုံးသို့ လာရောက်သူများသည် သန့်ရှင်းစင်ကြယ်မှုများရှိရန်လိုကြောင်း၊ ထို့ပြင် တရားသူကြီးများကလည်း အဂတိမလိုက်စားဘဲ မှန်ကန်မျှတစွာ တရားစီရင်ကြမှသာ ပြည်သူများက တရားစီရင်ရေးစနစ်ကို အားကိုး ယုံကြည်လာကြမည်ဖြစ်ကြောင်း၊ ပြည်သူတို့ ယုံကြည်သည့် တရားစီရင်ရေးစနစ်ထွန်းကားမှ ပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်ကြလျှင် အေးချမ်းစွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ တရားစီရင်ရေး မြန်ဆန်စေရန်အတွက် တရားစီရင်ရေးနှင့်ဆက်စပ်ပတ်သက်သည့်ဌာန၊ အဖွဲ့အစည်းများကလည်း တရားရုံးအဆင့်ဆင့်နှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ "လွတ်လပ်စွာ တရားစီရင်ခြင်း" သည် တရားစီရင်ရေးအခြေခံမူများတွင် အဓိကအကျဆုံးဖြစ်၍ တရားသူကြီးများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ တရားစီရင်ရေးဆိုင်ရာမူများကို အလေးထားလိုက်နာ၍ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင် ကြရမှာဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များ လျှောက်ထားခွင့်ရှိသည်နှင့်အညီ ၂၀၁၃ ခုနှစ်ကာလအတွင်း လျှောက်ထားလာသည့် **စာချွန်တော်အမိန့်** လျှောက်ထားမှုများတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ခုံရုံးဖြင့် ကြားနာစီရင်ခဲ့သည့် အမှုပေါင်း ၆၆ မှုတွင် စာချွန်တော်အမိန့်ထုတ်ပေးခဲ့သည့် အမှုပေါင်းမှာ ၂၅ မှုရှိပါကြောင်း၊ အမှုများ စစ်ဆေးစီရင်ပြီးပြတ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှမှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၅၇၀ လက်ခံရရှိပြီး ၁၂၂၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၄၆ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၄၈၂ မှု လက်ခံရရှိပြီး အမှု ၁၈၅၀ စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၆၃၂ မှု ကျန်ရှိကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ**မှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၈၃၆၉ မှု လက်ခံရရှိပြီး ၅၆၉၈ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၆၇၁ မှု ကျန်ရှိကြောင်း၊ တရားမ အမှုပေါင်း ၅၁၆၅ မှု လက်ခံရရှိပြီး ၃၂၉၇မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၈၆၈ မှု ကျန်ရှိကြောင်း၊ **ခရိုင်တရားရုံးများ**မှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၆၆၁၄ မှု လက်ခံရရှိပြီး ၁၃၀၇၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ အမှု ၃၅၄၀ ကျန်ရှိကြောင်း၊ တရားမ အမှုပေါင်း ၁၈၁၉၅ မှု လက်ခံရရှိပြီး ၁၀၃၄၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲအမှု ၇၈၅၀ ကျန်ရှိကြောင်း၊ **မြို့နယ်တရားရုံးများ**မှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၃၉၄၁၈၆ မှု လက်ခံရရှိပြီး ၃၆၆၆၄၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၇၅၄၁ မှု ကျန်ရှိကြောင်း၊ တရားမ အမှုပေါင်း ၃၇၉၀၈ မှု လက်ခံရရှိပြီး ၂၃၉၄၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၃၉၆၈ မှု ကျန်ရှိကြောင်း၊ **ကလေးသူငယ် တရားရုံးများ**မှာ ကလေးသူငယ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၂၇၈ မှု လက်ခံရရှိ ပြီး ၂၅၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၉ မှု ကျန်ရှိကြောင်း၊ **စည်ပင်သာယာတရားရုံးများ**မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၈၉၂၅ မှု လက်ခံရရှိပြီး ၃၈၂၀၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၇၁၆မှု ကျန်ရှိကြောင်း၊ **မော်တော်ယာဉ်တရားရုံးများ**မှာ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၀၈၃၇၅ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ အထက်တရားရုံးအဆင့်ဆင့်က ပြင်ဆင်တည့်မတ်ပေးခဲ့ရသည့်အမှုများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့် တရားမ အမှုပေါင်း ၂၇၂၀ မှုအနက် ၃၅၇ မှုကိုပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပြင်ဆင်တည့်မတ် ပေးခဲ့ရကြောင်း၊ အလားတူ ခရိုင်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့် တရားမအမှုပေါင်း ၉၄၂၈ မှုအနက် ၂၀၁၄ မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များက ပြင်ဆင်တည့်မတ်ပေးခဲ့ရပြီး မြို့နယ်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့် တရားမ အမှုပေါင်း ၁၁၇၆၀ မှု အနက် ၃၁၈၆ မှုကို ခရိုင်တရားရုံးများက ပြင်ဆင်တည့်မတ်ပေးခဲ့ရကြောင်း၊ ထို့ပြင် လာဘ်ပေးလာဘ်ယူမှုကိစ္စနှင့်စပ်လျဉ်း၍ **လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ**သို့ တိုင်ကြားခဲ့သည့် တိုင်ကြားစာများနှင့် ပတ်သက်ပြီး စုံစမ်းဖော်ထုတ်ရေးအဖွဲ့မှ စစ်ဆေးခွင့်တောင်းခံလာသဖြင့် တရားသူကြီး ငါးဦးနှင့် တရားရုံးဝန်ထမ်းနှစ်ဦးတို့အား အစစ်ဆေးခံရန် ခွင့်ပြုပေးခဲ့ကြောင်း၊ နောင်တွင်လည်း လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်းပြီး စစ်ဆေးခွင့်တောင်းခံလာပါက ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားရုံးနှင့် တရားရုံးပတ်ဝန်းကျင်မှာ လာဘ်ပေး လာဘ်ယူမှု၊ အဂတိလိုက်စားမှု ကင်းရှင်းပပျောက်စေရန်အတွက် အထူးဂရုပြု၍ စီမံကွပ်ကဲကြီးကြပ် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

◆ရှေ့ဖုံးမှ

ပုဂ္ဂလိက လုပ်ငန်းရှင်အချို့က စိတ်ဝင်စားနေခြင်းဖြစ်သည်။ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမည့် အခြေအနေတွင်ရှိသော မြန်မာနိုင်ငံတွင် အပျော်စီးသင်္ဘောဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်မှုခရီးစဉ်အဖြစ် အောင်မြင်စွာ ထွက်ပေါ်လာနိုင်ရေး ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များက စိတ်ဝင်စားလျက်ရှိနေခြင်းဖြစ်သည်။

လောလောဆယ်တွင် ပုဂ္ဂလိက အပျော်စီးသင်္ဘောများကို ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်း၌ ယာယီဆိုက်ကပ်ခွင့်ပေးထားရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကလည်း ဝါးတန်းဆိပ်ကမ်းကို အဆင့်မြှင့်တင်ပြုပြင်မှုများ ပြုလုပ်ထားလျက်ရှိသည်။ ထိုသို့ ဆိပ်ကမ်းကိုပြင်ဆင်ရာတွင် နိုင်ငံတကာအဆင့်မီရန် ခရီးသည်များ အဆင်းအတက်နှင့် အပျော်စီးသင်္ဘောများ ဆိုက်ကပ်ရာတွင် အဆင်ပြေ လွယ်ကူချောမွေ့စေရန် ပြင်ဆင်ထားခြင်းဖြစ်သည်။

အပျော်စီး သင်္ဘောများသည် လောလောဆယ်တွင် ခရီးသည် ၆၀ မှ ၈၀ အကြား လိုက်ပါစီးနင်းနိုင်ကြပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှာ ရန်ကုန်မြစ်အတွင်းမှ အပျော်စီးသင်္ဘောဖြင့် နေဝင်ဆည်းဆာအလှကို တမေ့တမော ကြည့်ရှုလေ့လာခံစားကြခြင်းဖြစ်သည်။ လောလောဆယ်တွင် ရန်ကုန်မြစ်အတွင်း သွားလာ ကြည့်ရှုလေ့လာသော ကမ္ဘာလှည့်ခရီးသည်ဦးရေ များပြားလျက်ရှိသည်။

အပျော်စီးသင်္ဘောဖြင့် လိုက်ပါကာ မွေးနေ့ပွဲ၊ ညှိခံပွဲ၊ ပါတီပွဲများကိုလည်း ကျင်းပနိုင်ပြီး ခံစားမှုအသစ်ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ အပျော်စီးသင်္ဘောခရီးစဉ်တွင် လိုက်ပါပါက ပြည်တွင်းခရီးသည်တစ်ဦးကို ငွေကျပ် ၅၀၀၀ နှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ ဖြင့် သတ်မှတ်ထားသည်။ ယင်းမှာ အပျော်စီးသင်္ဘောအလိုက် သတ်မှတ်နှုန်းကွဲပြားနိုင်သည်။

အပျော်စီးသင်္ဘောဖြင့် ခရီးသည်များစီးနင်းမှု၊ လေ့လာမှုအများဆုံးမှာ ပွင့်လင်းရာသီတွင်ဖြစ်ပြီး သင်္ဘောပေါ်တွင် အိပ်ခန်းများ၊ စားသောက်ဖွယ်ရာများ မှာယူစားသုံးနိုင်သည့် ဝန်ဆောင်မှုများလည်း စီစဉ်ပေးထားသည်။ နောက်ပိုင်းတွင် အပျော်စီးသင်္ဘောခရီးစဉ်များကို ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တိုးချဲ့ရန် စီစဉ်နေကြပြီဖြစ်သည်။

အိမ်နီးချင်း နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင်လည်း နာမည်ကျော်ကျောက်ဖရားမြစ်အတွင်း အပျော်စီးသင်္ဘောခရီးစဉ်များဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ကာ နိုင်ငံခြားငွေများစွာ ရှာဖွေပေးနေသကဲ့သို့ လူကြိုက်များသည့် ခရီးစဉ်လည်းဖြစ်ပြီး စင်ကာပူနိုင်ငံတွင်လည်း အပျော်စီးရေယာဉ်များဖြင့် ကမ္ဘာလှည့်ခရီးသွားများမစီးလျှင် မနေနိုင်အောင် ဆွဲဆောင်ကာ နိုင်ငံခြားငွေများ ရှာဖွေလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြစ်၊ ဧရာဝတီမြစ်များက သဘာဝအတိုင်း လှပလျက်ရှိနေသေးရာ သပ်ရပ်လှပသော မွမ်းမံမှုများဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်မည့် ခရီးစဉ်အဖြစ် ရောက်ရှိရန် ဖန်တီးပုံဖော်ရမည်ပင်ဖြစ်သည်။

ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေးနှင့် ရှမ်းပြည်နယ်နေ့

စိုင်းသာလှိုင်
(လိမ္မော်မြေ)

ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ အင်းလေးဖောင်တော်ဦးဘုရား။
ဓာတ်ပုံ-ငွေးအောင်

ဖေဖော်ဝါရီလ ၇ ရက်နေ့သည် ရှမ်းပြည်နယ်နေ့ဖြစ်သည်။ ယနေ့အထိ ရှမ်းပြည်နယ်နေ့ ကျင်းပလာခဲ့သည်မှာ (၆၇)နှစ်မြောက်ခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရှေ့အလယ်ပိုင်းတွင်တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံဘက်သို့ ထိုးထွက်နေသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

လတ္တီတွဒ်အားဖြင့် ရှမ်းပြည်နယ်၏ တောင်ဘက်ဆုံးပိုင်းသည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ်၊ မြောက်ဘက်တွင် မြောက်ဘက်အကျဆုံး မိုးမိတ်နယ်၊ သိန်းနီနယ်နှင့် ကိုးကန့်နယ်မြောက်ဖျားပိုင်းများသည် မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၉ မိနစ်ခန့်တည်ရှိပြီး အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ်မှ ၁၀၁ ဒီဂရီ ၁၃ မိနစ်ကြားတွင် တည်ရှိသည်။ မြောက်ယာဉ်စွန်းတန်းသည် ရှမ်းပြည်နယ်၏ မြောက်ဘက်ဆုံးနယ်ဖြစ်သော ကိုးကန့်နယ်၊ သိန်းနီနယ်၊ မိုးမိတ်နယ်များကို ဖြတ်သွားသည်။ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ဆုံးပြည်နယ်ဖြစ်၍ အခြားနိုင်ငံများနှင့် ထိစပ်နေသည်။ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ၍ အရှေ့တောင်ဘက်နှင့် တောင်ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ အသီးသီးရှိကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ရှမ်းပြည်နယ်နှင့်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ကယားပြည်နယ်တို့တည်ရှိကြသည်။ ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်နယ်များတွင် အကြီးဆုံးပြည်နယ်ဖြစ်၍ ဧရိယာစတုရန်းမိုင်ပေါင်း ၆၀၀၉၀ ရှိသည်။ ရှမ်းပြည်နယ်၏မြို့တော်မှာ တောင်ကြီးမြို့ဖြစ်သည်။

မြို့တော်တောင်ကြီး

တောင်ကြီးမြို့ကို ၁၈၉၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက် (စနေနေ့)တွင် စတင်တည်ထောင်ခဲ့သည်။ မြန်မာခုနှစ်အားဖြင့် ၁၂၅၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ဖြစ်သည်။ တောင်ကြီးမြို့တွင်း အထင်ကရဘာသာရေးပွဲတော်မှာဖောင်တော်ဦးဘုရားပွဲတော်ဖြစ်ပြီး အင်းလေးကန်အတွင်း ခြေဖြင့်လှေလှော်ခြင်းတို့မှာ ရှမ်းပြည်နယ်၏ထူးခြားသော သင်္ကေတဝိသေသများဖြစ်သည်။

တောင်ကြီးမြို့သည် ပင်လယ်ရေမျက်နှာပြင်မှပေပေါင်း ၄၇၁၂ ပေ အမြင့်တွင်တည်ရှိ၍ ရှမ်းပြည်နယ်အစိုးရရုံးစိုက်ရာမြို့တော်ဖြစ်သည်။ ရောင်းဝယ်ဖောက်ကားမှု၊ ကုန်စည်ဖြန့်ဖြူးမှု ဗဟိုအချက်အချာဖြစ်သည်။ သာယာလှပသည့်ရှုခင်းသည် နောက်ခံကားချပ်သဖွယ်မားမားမတ်မတ်ပေါ်ထွက်နေသည့် တောင်တန်း၊ တောင်ချွန်းတို့ဖြင့်ပို၍ ပန်းရလျက်ရှိသည်။ ပင်လယ်ပြင်မှ ပေပေါင်း ၅၆၀၀ ကျော်မြင့်၍ အောက်တွင် ပြားပြားဝပ်နေသည့် တောင်ကြီးမြို့ကို တောင်ချွန်းပေါ်မှတွေ့မြင်ရသည်မှာ မမေ့နိုင်စရာရှုခင်းတစ်ရပ်ပင်ဖြစ်သည်။

ညောင်ရွှေမြို့

ညောင်ရွှေမြို့ကို အင်းလေးမြို့တော်ဟုခေါ်ဆိုကြသည်။ စော်ဘွားကြီးများ အာဏာမစွန့်မီအခါက ညောင်ရွှေစော်ဘွားကြီးရုံးစိုက်ရာဖြစ်သည်။ ယခုတိုင် ညောင်ရွှေစော်ဘွားကြီး၏ဟော်သည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပြတိုက်သဖွယ်လာရောက်လေ့လာစရာတစ်ခုဖြစ်နေပေသည်။ ညောင်ရွှေရှိရတနာမာရ်အောင်စေတီတော်ကိုလည်း ဖူးမြော်ကြည်ညိုရန် မမေ့အပ်ပေ။ ရှေးစော်ဘွားကြီးများ၏ အဆောင်အယောင်များနှင့်ရာဇဝင်မှတ်တမ်းဝင်ပစ္စည်းများကိုလည်း ပြတိုက်သဖွယ် ပြသထားရှိပေသည်။

ဗထူးမြို့

ဗထူးမြို့သည် တပ်မတော်သင်တန်းများ ဗဟိုပြုရာအချက်အချာတပ်မြို့အဖြစ်နှင့် ထူထောင်ထားသည့်မြို့ဖြစ်သည်။ တော်လှန်ရေးတွင် ရွပ်ရွပ်ချွံချွံစွန့်စားသွားသည့် ဗိုလ်မှူးကြီးဗထူးအား ဂုဏ်ပြု၍ မှည့်ခေါ်ထားသောအမည်နာမဖြစ်သည်။ တောင်ကြီးမြို့မှမိုင်ပေါင်း ၅၀ ခန့်သာဝေးပြီး ဒေသန္တရဗဟုသုတအလို့ငှာ လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသည်များဖြင့် စည်ကားလျက်ရှိသည်။

ပင်လုံမြို့

ပင်လုံဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားများ မမေ့အပ်သည့်ဖြစ်စဉ်ကို သတိရမိလျက်ရှိကြပေမည်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြု၍ တစ်ပြည်လုံးရှိ တိုင်းရင်းသားများ မကြဲဖူးအောင် သွေးစည်းမိကြပြီး လွတ်လပ်ရေးကို ကြိုးပမ်းရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် ပင်လုံစာချုပ် ဖြစ်ပေသည်။ ပင်လုံကျောက်တိုင်ကိုလည်း ဦးညွှတ်အလေးပြုရာ ဌာနေဖြစ်ပေရာ တောင်ကြီးမြို့နှင့် ၆၃ မိုင်ဝေးပြီး ခရိုင်ရုံးစိုက်ရာ လွယ်လင်မြို့ကို ဖြတ်ကျော်သွားရပေသည်။ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၄၄၄၀ တွင် ရှိသည်။

ပင်းတယမြို့

ပင်းတယမြို့ကို လူသိများပြီး စည်ကားခြင်းမှာ သွားရေးလာရေးလွယ်ကူမှုရှိပြီး ပင်းတယရွှေဥမင်လိုဏ်ဂူရှိ ရှေးဟောင်းဘုရားပုထိုးများကို ဖူးမြော်ကြည်ညိုရန် လာရောက်ကြခြင်းကြောင့်ဖြစ်သည်။ ပင်းတယမြို့လေးမှာ ကလောမှ မိုင် ၃၀ ကျော်သာဝေး၍ အောင်ပန်းနှင့်ပွေးလှမြို့များကို ကျော်ဖြတ်သွားရသည်။ ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်း ၄၀၀၀ မြင့်သည်။

ကလောမြို့

ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်း ၄၂၉၇ ပေမြင့်၍ အေးမြငြိမ်းချမ်းသည့် မြို့လေးဖြစ်သည်။ ထင်းရှူးနံ့များသင်းပျံ့၍ ပြည်မဒေသမှ အပူရှောင်လိုသူများ လာရောက်အပန်းဖြေရာ မြို့လေးတစ်မြို့အဖြစ် ထင်ရှားသည်။

လားရှိုးမြို့

လားရှိုးမြို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြို့တော်ဖြစ်သည်။ ဝေဟင်ခရီး၊ ကားလမ်းနှင့်ရထားလမ်းခရီးတို့ အစုံပေါက်ရောက်သော မြို့တစ်မြို့ဖြစ်သဖြင့် အထူးစည်ကားလှသည်။ နယ်စပ်ဒေသနှင့်ခရီးလမ်းပန်းဆက်သွယ်မှုကောင်းခြင်းတို့ကြောင့် နေ့စဉ် ကားကြီးကားငယ် အစီးပေါင်း ၃၀၀၀ ခန့် ဖြတ်သန်းသွားလာလျက်ရှိသည်။

သီပေါမြို့

သီပေါမြို့ကို မကြားဖူးကြလျှင်ရှိမည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အစည်ကားဆုံးဖြစ်သည့် ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားပွဲတော်ကိုကား မကြားဖူးသူဟူ၍ ရှိအံ့မထင်ပေ။ တပေါင်းလဘော်ကြိုဘုရားပွဲတော်မှာ လူစည်ကားလွန်းသဖြင့် ခြေထောက်မြေနှင့်မထိဘဲ

ရှမ်းပြည်နယ် ကျောက်မဲမြို့၌ စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းကို တွေ့ရစဉ်။

လူထဲညပ်ပါ၍ပါသွားရကြောင်း ဆိုစမှတ်ပြုကြသည်။ အခြားသဘာဝရေတံခွန်များနှင့် ဒုဋ္ဌဝတီမြစ်ဆုံအလှအပများကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်လာမစဲ အထူးစည်ကားလှသော ရှေးဟောင်းသမိုင်းဝင်မြို့ တစ်မြို့ဖြစ်သည်။

သိန်းနီမြို့

သိန်းနီမြို့သည် လားရှိုးမြို့နှင့် ၃၂ မိုင်သာ ကွာဝေးသည်။ သိန်းနီမြို့၏သဘာဝရေမြေတောတောင်ရှုခင်းများကြည့်ရှုခံစားရသည်မှာ လွမ်းမောဖွယ်ရာဖြစ်သည်။ သိန်းနီမြို့နှင့် ၁၂ မိုင်သာကွာဝေးသည့် ရေပူစမ်းသို့လည်း ရေချိုးသွားသူများ၊ ပျော်ပွဲစားသွားသူများနှင့် စည်ကားလျက်ရှိပေသည်။

နမ့်ခမ်းမြို့

နမ့်ခမ်းမြို့သည် တရုတ်ပြည်နယ်စပ်တွင်ရှိသည့် သာယာလှပသော မြို့တစ်မြို့ဖြစ်ပြီး အထူးသဖြင့် နမ့်ခမ်းဈေးမှာ စည်ကားလှပေသည်။ဒေသထွက် နမ့်ခမ်းလွယ်အိတ်များမှာလည်း လှပ၍မက်မောဝယ်ချင်စရာကောင်းလှပေသည်။ နယ်ခြားမှတ်တိုင်ကိုကြည့်ရှုလေ့လာလိုပါက တရုတ်-မြန်မာ နယ်ခြားမှတ်တိုင်အမှတ်(၄၂)ကို ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ကွတ်ခိုင်မြို့

တောင်ကတုံးကြီးများ၊ လျှိုမြောင်ချိုင့်ဝှမ်းများကို ကျော်ဖြတ်ပြီး တစ်မူထူးခြားသည့် ရှုခင်းတစ်ရပ်အဖြစ်နှင့် ကုန်းမြင့်လွင်ပြင်ပေါ်မှ ကွတ်ခိုင်မြို့လေးကို တွေ့မြင်နိုင်ပေသည်။ ရာသီဥတုအလွန်အေးမြပြီး ကချင်တိုင်းရင်းသားအများအပြားနေထိုင်သည့် မြို့တစ်မြို့ဖြစ်သည်။ ကောက်ပဲသီးနှံများထွက်ရှိပြီး ကွတ်ခိုင်ထွက် မက်မန်းသီးမှာ ထင်ရှားကျော်စောသည်။

ကျောက်မဲမြို့

ကျောက်မဲမြို့သည် သီပေါမြို့နှင့် ၂၀ မိုင်ကွာဝေးပြီး ပြည်မဒေသ မန္တလေးမြို့နှင့် နေ့ချင်းဆက်သွယ်သွားလာနိုင်သဖြင့် ကူးသန်းရောင်းဝယ်ရေးကောင်းသော မြို့တစ်မြို့ဖြစ်သည်။ အများအားဖြင့် လက်ဖက်စို/လက်ဖက်ခြောက်အများဆုံးထွက်ရှိရာ ဒေသဖြစ်ပြီး ပလောင်တိုင်းရင်းသားများ နေထိုင်ရာဒေသဖြစ်သည်။ လက်ဖက်ခြံနှင့် နဂါးမောက်သီးခြံများ အများဆုံးလုပ်ကိုင်ရာ တောင်ပေါ်မြို့တစ်မြို့ဖြစ်သဖြင့် စည်ကားပြီး ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည်။

ရှမ်းပြည်နယ်သည်ထိုသို့သာယာလှပသော မြို့များ၊ သယံဇာတပစ္စည်းများနှင့် သဘာဝအရင်းအမြစ်များတည်ရှိရာဒေသဖြစ်သည့်အလျောက် ၎င်းတို့ကိုလိုချင်မက်မောသော နယ်ချဲ့တို့သည် အကြိမ်ကြိမ် ရန်စကျူးကျော်ပြီး နောက်ဆုံးတွင် တစ်နိုင်ငံလုံးကို တိုက်ခိုက်သိမ်းပိုက်မှုကြောင့် မြန်မာတိုင်းရင်းသားတို့ သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ နယ်ချဲ့လက်အောက်ရောက်ရှိနေသော မြန်မာပြည်သားတို့သည် သူ့ကျွန်မခံလိုသော ဇာတိသွေးဇာတိမာန်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပြီး အနိုင်မခံအရှုံးမပေး ကလောင်လက်နက်ဖြင့်တစ်မျိုး၊ တုတ်၊ ဓားလက်နက်ဖြင့်တစ်သွယ် ရရာလက်နက်ဆွဲကိုင်ကာ တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့၏ သေနတ်ကြားမှာ မြန်မာ့ဓားကို ရဲဝံ့စွာ အသုံးချခဲ့ကြသည်။

နယ်ချဲ့တို့သည်တိုင်းရင်းသားတို့ကို သွေးခွဲမှ ကြာရှည်စွာအုပ်ချုပ်စိမ်နိုင်မည်ကိုသိသဖြင့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုမရှိစေရေးပြည်နယ်များကို ပြည်မအုပ်ချုပ်ရေး၊ တောင်တန်းဒေသအုပ်ချုပ်ရေးဟူ၍ ခွဲခြားအုပ်ချုပ်ပြီး သွေးခွဲခဲ့သော်လည်း တိုင်းရင်းသားတို့သည် သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးကို ပူးပေါင်းပြီး ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်စွာတောင်းဆိုမှုကြောင့် နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးရမည့်အခြေအနေသို့ ရောက်ရှိလာသောအခါ တောင်တန်းဒေသကို ချန်ထားရန် ကြံရွယ်လုပ်ဆောင်ကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်ကြီးများ၏ ကြိုးစားမှုကြောင့် ၁၉၄၇ ခုနှစ်တွင် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

တောင်တန်းဒေသတိုင်းရင်းသားတို့၏ ဆန္ဒကိုရယူရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ ပြန်လာပြီး ပြည်နယ်ပြည်မ သွေးစည်းညီညွတ်ရေးကို ကြိုးပမ်းခဲ့ရသည်။ တိုင်းရင်းသားကိုယ်စားလှယ်ကြီးများနှင့် စုပေါင်းပြီး ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရရှိခဲ့သဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံအစည်းအဝေးက ပင်လုံစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် ပန္နက်ချနိုင်ခဲ့သော ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့ဟု ဆုံးဖြတ်သတ်မှတ်ခဲ့ကြပေသည်။ ။

သီပေါမြို့ ရှုခင်း

ရှမ်းပြည်နယ် သီပေါမြို့ ရှုခင်းကို သာယာလှပစွာ တွေ့ရစဉ်။
ဓာတ်ပုံ စိုင်းသာလှိုင်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၃ ဘီလီယံကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေအဖြစ်ထုတ်ပေးနိုင်ရန်လျာထား

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊သုံးစွဲခြင်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍** သက်ဆိုင်ရာ ကဏ္ဍအလိုက် လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်သုံးစွဲမည့် ဖွံ့ဖြိုးရေးရန်ပုံငွေ ခေါင်းစဉ်အောက်ရှိ လုပ်ငန်းများသည် ငွေလုံးငွေရင်း အသုံးစရိတ် လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထားသော လုပ်ငန်းမျိုး မဟုတ်သဖြင့် ငွေလုံးငွေရင်းအသုံးစရိတ် ခေါင်းစဉ်များအောက်တွင် ဖော်ပြနိုင်ခြင်းမရှိပါကြောင်း။

သို့ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအတည်ပြုခဲ့စဉ်က ကျပ် ၃၃ ဘီလီယံကို ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေခေါင်းစဉ်ဖြင့် လွှတ်တော်ရုံး၊ လုပ်ငန်း၊ လုပ်ငန်းသစ်များ (ငွေလုံးငွေရင်း) ခေါင်းစဉ်အောက်သို့ လွှဲပြောင်းအတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း။

ငွေလုံးငွေရင်းခေါင်းစဉ်အောက်တွင် ရန်ပုံငွေများကို သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ်များနှင့် စိစစ်ချက်များပါရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မဟုတ်ပါက ရင်းနှီးမြှုပ်နှံမှုခေါင်းစဉ်နှင့် ကိုက်ညီမှုမရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဖွံ့ဖြိုးရေးရန်ပုံငွေများကို လက်ရှိဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိရာ ကျပ်သိန်း(၅၀) အောက်လုပ်ငန်းများသာဖြစ်ပြီး လုပ်ငန်းသဘောအရ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ထားသော "စံ" လုပ်ငန်းမျိုးမဟုတ်သဖြင့် လုပ်ငန်းစီမံကိန်း (Project)အစား လုပ်ငန်းအစီအစဉ် (Work) ခေါင်းစဉ်ဖြင့် ပြန်လည်တည့်မတ်ပြီး ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲမှုများ ဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင်ပါရှိသော လွှတ်တော်ရုံး၏ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် (၄၅ ဒသမ ၃၃၄)ဘီလီယံတွင် ဒေသနယ်မြေများဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ကျပ်(၃၃)ဘီလီယံ ပါဝင်ခဲ့ပါကြောင်း၊ ၎င်းအသုံးစရိတ်ပါဝင်သော ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း။

အဆိုပါ လွှတ်တော်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပါရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအား တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူသုံးစွဲရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန် အဓိကလိုအပ်သည့်အချက်မှာ သက်ဆိုင်ရာဘဏ်၌ ငွေထုတ်စာရင်းဖွင့်လှစ်ခြင်း၊ ငွေထုတ်သူအရာရှိအဖြစ် နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်ဆောင်ရွက်ခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၏ အသုံးစရိတ်ဖြစ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရခြင်းတို့ဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လွှတ်တော်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပါဝင်သော ဒေသနယ်မြေများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေသုံးစွဲရာတွင် လိုက်နာရမည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနက သီးခြားထုတ်ပြန်ထားပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ လျာထားသတ်မှတ်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ခဲ့မှု အတွေ့အကြုံကိုသုံးသပ်ပြီး ဥပဒေ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလျာထား သတ်မှတ်သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံဥပဒေနှင့်အညီသုံးစွဲနိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်(၃၃) ဘီလီယံကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် ထုတ်ပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ထောက်ပံ့ငွေအသုံးစရိတ်စာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့ငွေကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲသွားရန်ဖြစ်ပါကြောင်း။

သို့ဖြစ်ရာ ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးပြုနိုင်မည့် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်ရန်၊ သုံးစွဲပြီးပါက စနစ်တကျ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာရင်းစစ်ဆေးမှုခံယူနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ) နှင့် ယင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ(၂)တို့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအား သတ်မှတ်ပြဋ္ဌာန်းထားသည့်အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ(၂၅)တွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၏ တာဝန်များကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)နှင့်(ခ)ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား(၁၊၂)တို့အရ လွှတ်တော်၏ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ လွှတ်တော်ရုံး ငွေလုံးငွေရင်းအသုံးစရိတ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆန္ဒမြို့နယ်များအတွက် တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် မြို့နယ် ၃၃၀ အတွက် ကျပ်သိန်း ၃၃၀၀၀ လျာထားသုံးစွဲခြင်းအတွက် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူ၊ တာဝန်ခံသူမှာ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သာ ဖြစ်သည်ဟု မှတ်ယူပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်သောလုပ်ငန်းများအားလုံးကို ပြည်ထောင်စုစာရင်းစစ်ချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များသို့ တာဝန်ပေးအပ်၍ စာရင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေသုံးစွဲခြင်းကိစ္စအတွက် ညွှန်ကြားစာထုတ်ပြန်ခဲ့ရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်မည့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းမည်ဖြစ်သည်ကိုဖော်ပြထားပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့မှ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ဆက်သွယ်၍ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖွဲ့စည်းထားသည့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသုံးစွဲရေးနှင့် အစစ်ဆေးခံနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲစီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြည်သူများ၏အမှန်တကယ်လိုအပ်ချက်များကို အခြေခံ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုက်ရိုက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရေးအတွက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းအပါအဝင် ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စရပ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် မရှင်းလင်းသည်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် လွှတ်တော်သို့အသိပေးပြောကြားခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီ ဥက္ကဋ္ဌအား A-MCC ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းအား Australia နိုင်ငံ Australia-Myanmar Chamber of Commerce (A-MCC) မှ Ross Bray ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီ အဆောင်အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)**မြန်မာနိုင်ငံတွင် ဩစတြေးလျနိုင်ငံ ကုမ္ပဏီများက ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းကိစ္စရပ်များ၊ ဩစတြေးလျနိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အတွေ့အကြုံများ၊ သတ္တုတွင်းဝန်ကြီးဌာန၏ တည်ဆဲဥပဒေ ပြင်ဆင်ရေးဆွဲလျက်ရှိသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

တိုင်းဒေသကြီးလုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေး

မကွေး ဖေဖော်ဝါရီ ၆

နိုင်ငံတော်က ပြောင်းလဲကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်အရ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေဥပဒေနှင့်မြေလွတ်၊ မြေလပ်များနှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ကို ၂၀၁၂ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတက အတည်ပြုပြဋ္ဌာန်းကြေညာခဲ့ပြီး ဖြစ်သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ တောင်သူလယ်သမားမိသားစု၏သားစဉ်မြေးဆက် အဆက်ဆက် လယ်ယာမြေလုပ်ပိုင်ခွင့်ဘဝအာမခံချက် ခိုင်ခိုင်မာမာရရှိစေရန် လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့်လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများအား ၁-၁-၂၀၁၃ ရက်မှစ၍ နိုင်ငံနှင့်အဝန်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိရေးအတွက် ဥပဒေနှင့်အညီ လျှောက်ထားရာမှာ တရားဝင်သတ်မှတ်ထားသော လယ်ယာမြေဦးပိုင် လုပ်ကွက်တစ်ခုလျှင် မှတ်ပုံတင်ကြေး ငွေကျပ် ၅၀၀ ပေးသွင်းပြီး အချိန်နှင့်တစ်ပြေးညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များကို ထုတ်ပေးလျက်ရှိသည်။

ထုတ်ပေးနိုင်

မကွေးတိုင်းဒေသကြီးအတွင်း၌ ပထမအဆင့်အနေဖြင့် ပခုက္ကူခရိုင်မှ ဦးပိုင်ပေါင်း ၄၀၀၇၉၄၊ ဂန့်ဂေါခရိုင်မှ ဦးပိုင်ပေါင်း ၁၂၁၅၅၇၊ မကွေးခရိုင်မှ ဦးပိုင်ပေါင်း ၅၄၁၀၆၀၊ မင်းဘူးခရိုင်မှ ဦးပိုင်ပေါင်း ၂၂၈၈၈၁၊ သရက်ခရိုင်မှ ဦးပိုင်ပေါင်း ၂၂၁၆၂၄ ဦးပိုင် စုစုပေါင်း ၁၅၁၄၀၁၆ ကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ဂန့်ဂေါခရိုင်မှ ဦးပိုင်ပေါင်း ၉၀၅၆၊ မင်းဘူးခရိုင်မှ ဦးပိုင်ပေါင်း ၆၈၉၁၊ သရက်ခရိုင်မှ ဦးပိုင်ပေါင်း ၆၀၇၇၃ ဦးပိုင်စုစုပေါင်း ၇၆၇၂၀ ကိုလည်းကောင်း ပထမအဆင့်နှင့် ဒုတိယအဆင့် ဦးပိုင်စုစုပေါင်း ၁၅၉၀၇၃၆ များမှာ ဧကပေါင်း ၂၇၉၉၂၂၆ ဧကရှိ တောင်သူပေါင်း ၈၆၆၀၈၃ ဦးတို့အား ဇန်နဝါရီ ၃၀ ရက်အပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးနိုင်ခဲ့သည်။

မင်းဘူးခရိုင် မင်းဘူးမြို့နယ်တွင် မန်းရေနံမြေနှင့် ထောက်ရှာပင်ရေနံမြေနယ်နိမိတ်မှ တောင်သူလုပ်ကွက် ဦးပိုင်ပေါင်း ၁၃၀၆၀ မှာ လက်ရှိအခြေအနေတွင် ပုံစံ(၇) ထုတ်ပေးခြင်းမရှိသေးဘဲ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြထားဆဲဖြစ်ပြီး ကျန်လုပ်ကွက်နှင့် ဦးပိုင်အားလုံးတို့အား တိုင်းဒေသကြီးလုံးကျွတ်ပုံစံ(၇)များ ထုတ်ပေးပြီးဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြည်တွင်းသတင်း

● **ရှေ့ဖုံးမှ**

ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ဘင်းမ်စတက်ဥက္ကဋ္ဌအဖြစ် ၂၀၀၉ ခုနှစ်မှ စတင်တာဝန်ယူခဲ့ပြီးနောက် တတိယအကြိမ် ဘင်းမ်စတက် အစည်းအဝေးကျင်းပနိုင်ရန် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များတွင် ငါးကြိမ်အထိ ကြိုးပမ်းခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းသဘောတူညီမှုမရရှိနိုင်ခဲ့သည့်အတွက် အချိန်ကြန့်ကြာခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် သိသာသည့်တိုးတက်မှုများနှင့်အတူ မိမိတို့မြန်မာနိုင်ငံအပေါ် ယုံကြည်ကိုးစားပြီး ဒေသတွင်း၊ အဖွဲ့အစည်းများအတွင်း ဦးဆောင်ဦးရွက်ပြုရေး အခွင့်အလမ်းကောင်းများ ရရှိလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသည့်နှစ်ဖြစ်သည်နှင့်အညီ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတို့ကို မကြာမီကာလအတွင်း လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ ပထမဆုံးဘင်းမ်စတက် အထွေထွေအတွင်းရေးမှူးချုပ်အား ခန့်အပ်ခြင်းစသည့် ကိစ္စရပ်များပါဝင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် အစည်းအဝေးတွင် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်ချက်များ၊ အတွေ့အကြုံများ၊ အကြံဉာဏ်များပေးပြီး ဆွေးနွေးညှိနှိုင်းကြရန် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ ကျေပွန်အောင်ဆောင်ရွက်သွားကြရန်၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ အချင်းချင်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကျင်းပမည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပနိုင်ခြင်းဖြင့် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးဆိုင်ရာ သဘောတူစာချွန်လွှာ၊ မိုးလေဝသနှင့်ရာသီဥတုဌာန တည်ထောင်ရေးဆိုင်ရာ သဘောတူစာချွန်လွှာနှင့် ယဉ်ကျေးမှုလုပ်ငန်းကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာန တည်ထောင်ရေးနားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစည်းအဝေးတက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် မိမိတို့ ကျရာတာဝန်များကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌက ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည့် အစီအမံများအား ရှင်းလင်းတင်ပြပြီး အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူးက ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

တတိယအကြိမ် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်(ဘင်းမ်စတက်)ထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက်အသီးသီးရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အစည်းအဝေးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကျင်းပနေမှုများအား ပြည်တွင်းပြည်ပမှ သိရှိရန်လိုအပ်ပါကြောင်း၊ မိမိတို့တာဝန်ယူကြရသည့် ကဏ္ဍများအလိုက် စေ့စပ်သေချာစွာ ကြိုတင်ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း၊ တာဝန်ယူအားစိုက်ထုတ်မှုလျော့နည်းလျှင် နိုင်ငံ့ပုံရိပ် လျော့နည်းစေနိုင်သည့်အတွက် ဝန်ကြီးဌာနများနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအသီးသီးတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌လည်းကောင်း ကျင်းပခဲ့သည်။ မြန်မာနိုင်ငံက ဘင်းမ်စတက်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ်အတွင်း ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် နေပြည်တော်၌ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေး၌ တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

ပါကြောင်း၊ ပထမအကြိမ် အိမ်ရှင်အဖြစ် ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့၍ နိုင်ငံတော်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဤပြိုင်ပွဲကြီးအတွက် အဘက်ဘက်မှ ကြိုတင်မျှော်တွေး ပြင်ဆင်ခဲ့သည့်အတွက် အားကစားပွဲ၊ အားကစားရုံ၊ အားကစားနေရာ၊ အားကစားရွာ အားလုံးတွင် အပြစ်ဆိုစရာမရှိအောင် ပြည့်စုံကောင်းမွန်ပါသည်ဟု နိုင်ငံတကာမှ လာရောက်ခဲ့ကြသည့် အားကစားသမားများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များက အသိအမှတ်ပြု ချီးကျူးခဲ့ပါကြောင်း။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို နိုင်ငံအလိုက် အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြသည်မှာ (၇)ကြိမ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ကျင်းပပြီးခဲ့သည့် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများ အနက် အကောင်းဆုံးဖြစ်ပါကြောင်း၊ ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ပါကြောင်း၊ ထပ်မံ ဂုဏ်ယူဖို့ကောင်းသည်မှာ မသန်စွမ်းအားကစား မောင်မယ်များ၏ "မသန်သော်လည်း စွမ်းပါသည်၊ နိုင်ငံဂုဏ်ကိုမြှင့်တင်မည်"ဆောင်ပုဒ်နှင့်အညီ ရေကူးရေခန်း၊ အားစိုက်ခွန်စိုက်၊ ဇွဲသတ္တိအပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံအတွက် ဆုတံဆိပ်များဆွတ်ခူးပေးခဲ့ကြခြင်းပင် ဖြစ်ကြောင်း။

(၆)ကြိမ်မြောက် ပြိုင်ပွဲတွင် ရွှေတံဆိပ် (၁၁)ခု၊ ယခု (၇) ကြိမ်မြောက် ပြိုင်ပွဲတွင် ရွှေတံဆိပ် (၃၄) ခု အထိရရှိခဲ့ပါကြောင်း၊ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် စုစုပေါင်း ၉၆ ခုဖြင့် ဆုတံဆိပ် အများဆုံးရရှိခဲ့ကြ၍ မြန်မာမသန်စွမ်း အားကစားသမိုင်းတွင် အောင်ပွဲမှတ်တိုင်အသစ် စိုက်ထူပေးနိုင်ခဲ့ကြသည့် စွမ်းဆောင်ရှင် အားကစားသမားများကို ဂုဏ်ပြုချီးကျူးသကဲ့သို့ပင် အကြောင်းကြောင်းကြောင့် ဆုတံဆိပ်ဖြင့် လွဲချော်ခဲ့ကြရသည့် အားကစားမောင်မယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတော်က အသိအမှတ်ပြု အားပေးလျက်ရှိပါကြောင်း။

ဘဝပေးအခြေအနေ အမျိုးမျိုးကြောင့် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊အမြင်အကြားဆိုင်ရာ၊ ဉာဏ်ရည်ဆိုင်ရာ အားနည်းချို့တဲ့ချက်များ ရှိနေသော်လည်း စိတ်ပျက်အားငယ်တွေဝေခြင်း အလျဉ်းမရှိဘဲ တက်ကြွရင်လက်ထိုးလျော့မယ်ဆိုသည့် အလျှော့မပေးသော ဇွဲစိတ်ဓာတ်ဖြင့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများအဖြစ် ပြသနိုင်ခဲ့၍ ကျန်ပြည်သူများအတွက် အလွန်စိတ်လှုပ်ရှားစရာကောင်းပြီး စိတ်ဓာတ်ခွန်အား တက်စေခဲ့ပါကြောင်း။

မသန်စွမ်းအားကစားမောင်မယ်တို့၏ သန္နိဋ္ဌာန်ခိုင်မာမှု၊ အားကစားထူးချွန်မှုစွမ်းရည်များဖြင့် စင်ကာပူနိုင်ငံ မသန်စွမ်းအားကစားပြိုင်ပွဲကြီးမှာ နိုင်ငံဂုဏ်ဆောင်နိုင်ရန် ဆက်လက်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ရွှေတံဆိပ်ဆုရ အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ငွေတံဆိပ်ဆုရ၊ ကြေးတံဆိပ်ဆုရ အားကစားသမားများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အောင်ပွဲရ အားကစားသမားများကိုယ်စား ရွှေတံဆိပ်ဆုရှင် မင်းနိုင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနား အပြီးတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နည်းပြများနှင့် အားကစားသမားများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်သည်။

ယနေ့ အခမ်းအနားတွင် တစ်ဦးချင်းရွှေတံဆိပ်ဆုအတွက် ငွေကျပ်သိန်း ၂၀ နှုန်း၊ အဖွဲ့လိုက် ရွှေတံဆိပ်ဆုအတွက် ငွေကျပ်ရှစ်သိန်းနှုန်း၊ အသင်းလိုက်ရွှေတံဆိပ်ဆုအတွက် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ရွှေတံဆိပ်ဆုရှင် အားကစားသမား ၆၇ ဦးအတွက် ငွေကျပ် ၇၄၂ သိန်း၊ တစ်ဦးချင်း ငွေတံဆိပ်ဆုအတွက် ငွေကျပ် လေးသိန်းနှုန်း၊ အသင်းလိုက်ငွေတံဆိပ်ဆုအတွက် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေတံဆိပ်ဆုရှင်အားကစားသမား ၃၂ ဦးအတွက် ငွေကျပ် ၁၁၉ သိန်း၊ တစ်ဦးချင်းကြေးတံဆိပ်ဆုအတွက် ငွေကျပ်နှစ်သိန်းနှုန်း၊ နှစ်ယောက်တွဲ ကြေးတံဆိပ်ဆုအတွက် ငွေကျပ် တစ်သိန်းခွဲနှုန်း၊ အဖွဲ့လိုက် ကြေးတံဆိပ်ဆုအတွက် ငွေကျပ်သိန်း ၁၂၀၀၀၀နှုန်းဖြင့် ကြေးတံဆိပ်ဆုရှင် အားကစားသမား ၅၄ ဦးအတွက် ငွေကျပ်သိန်း ၈၇၈၀၀၀၀၊ ဆုမရရှိသည့် ပြိုင်ပွဲဝင် အားကစားသမား ၁၁၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၁၃ သိန်း၊ အားကစားနည်းပြများအတွက် ငွေကျပ် ၂၆ သိန်းခွဲ အပါအဝင် စုစုပေါင်းဂုဏ်ပြုဆုငွေ ၁၀၈၇ ဒသမ ၃ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံက ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေ ၃၄ခု၊ ငွေ ၂၆ခုနှင့် ကြေး ၃၆ခု ဖြင့် စုစုပေါင်း ဆုတံဆိပ် ၉၆ ဆု ဆွတ်ခူးရယူပေးခဲ့ပြီး နိုင်ငံအလိုက်အဆင့် (၅) နေရာတွင် ရရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ရွှေတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သာယာမည် — နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

အင်းလေးကန်ထိန်းသိမ်းခြင်းနှင့် ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာအဖြစ် သတ်မှတ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ Ministry of Climate and Environment တို့ ပူးပေါင်း၍ ပတ်ဝန်းကျင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲနှင့် Letter of Intent လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးဦးအေးမြင့်မောင်၊ နော်ဝေနိုင်ငံ Ministry of Climate and Environment ဘက်မှ ဒုတိယဝန်ကြီး H.E.Mr. Lars Andreas Lunde၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E. Ms.Ann Ollestad၊ Ministry of Climate and Environment မှ Director General Ms. Ingvild Andreassen၊ Deputy Director General Ms.Nina Christine Ror နှင့်အဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်း၊ ဒေါက်တာညီညီကျော်၊ ဦးသန်းလှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲ သစ်တောနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ရေအရင်းအမြစ်များထိန်းသိမ်းရေးနှင့် မြှင့်တင်ရေး၊ ဌာနအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နော်ဝေနိုင်ငံတက္ကသိုလ်များတွင် ဝန်ထမ်းများ အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည်တို့နှင့်ပတ်သက်၍ဆွေးနွေးညှိနှိုင်းကြပြီး (ဓာတ်ပုံ)ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့်နော်ဝေနိုင်ငံ Ministry of Climate and Environment တို့အကြား ပတ်ဝန်းကျင်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ Letter of Intent ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ Letter of Intent အရ မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝဝန်းကျင် စီမံအုပ်ချုပ်ခြင်း၊ ရေအရင်းအမြစ်များ စီမံအုပ်ချုပ်ခြင်း၊ ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာများသတ်မှတ်ခြင်း၊ စွန့်ပစ်ပစ္စည်းနှင့် ဓာတုပစ္စည်းဆိုင်ရာ ဘေးအန္တရာယ်ကျရောက်မှု လျှော့ချခြင်း၊ ပတ်ဝန်းကျင်စီမံအုပ်ချုပ်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ ပတ်သက်၍စစ်တောင်းမြစ်ဝှမ်း၊ ပဲခူးမြစ်ဝှမ်း ရေအရင်းအမြစ်များ စီမံအုပ်ချုပ်ခြင်းနှင့် အင်းလေးကန်ထိန်းသိမ်းခြင်းနှင့် ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာအဖြစ် သတ်မှတ်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး (REDD+) လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု **(သတင်းစဉ်)**

<table>
<tr><td rowspan="4">ထူးခြားသည့် ညအပူချိန်များ
၆-၂-၂၀၁၄</td><td>လွိုင်လင်မြို့</td><td>နမ့်စန်မြို့</td><td>ဟားခါးမြို့</td></tr>
<tr><td>၄ ဒီဂရီစင်တီဂရိတ်</td><td>၆ ဒီဂရီစင်တီဂရိတ်</td><td>၆ ဒီဂရီစင်တီဂရိတ်</td></tr>
<tr><td>ပင်လောင်းမြို့</td><td>ဟဲဟိုးမြို့</td><td>ပြင်ဦးလွင်မြို့</td></tr>
<tr><td>၅ ဒီဂရီစင်တီဂရိတ်</td><td>၆ ဒီဂရီစင်တီဂရိတ်</td><td>၆ ဒီဂရီစင်တီဂရိတ်</td></tr>
</table>

ဒေသတွင်းနှင့် နိုင်ငံတကာသို့ အရိုးဆရာဝန် အမြောက်အများ စေလွှတ်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

အားကစား ခွဲစိတ်ကုသမှု၊ ကျောရိုးနှင့် ပတ်သက်သည့် ခွဲစိတ်ကုသမှု၊ ကလေးအရိုးခွဲစိတ်ကုသမှု၊ နာတာရှည်ထိခိုက်ဒဏ်ရာရသူများအတွက် ကုထုံးများ၊ အရိုးရောဂါ အမျိုးမျိုးအတွက် ခေတ်မီကုထုံးများကို နိုင်ငံခြားပညာရှင်များနှင့် မြန်မာဆရာဝန်များပူးပေါင်းကာ ဆွေးနွေးမှုများအပါအဝင် (ပလတ်စတစ် မော်ဒယ်)များဖြင့် လက်တွေ့ခွဲစိတ်မှုများကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း (၂၃) ကြိမ်မြောက် မြန်မာနိုင်ငံအရိုးဆရာဝန်ညီလာခံ **(အောက်ယာပုံ)**မှ သိရသည်။

ယနေ့ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က "အရိုးရောဂါနဲ့ ပတ်သက်သည့် (Orthopaedic Education and Training) ကိုလည်း အာဆီယံနိုင်ငံများ စံနှုန်းအတိုင်းဖြစ်စေရန် စနစ်တကျ ပြင်ဆင်ရေးဆွဲအကောင်အထည်ဖော်နေပြီး အနာဂတ်မျိုးဆက်သစ်တို့အတွက် Education and Professional Carrier Development များအဖြစ် ပြုလုပ်ပေးလျက်ရှိတာကို တွေ့မြင်ရကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာသို့လည်း အရိုးဆရာဝန် အမြောက်အမြားကို စေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်ရှိသည့် သင်တန်းများကိုလည်း အရိုးဆရာဝန်၊ သူနာပြုများအတွက် ပို့ချပေးနေသည်ကို တွေ့မြင်ရကြောင်း၊ အရိုးဆရာဝန်ကြီးများ အနေဖြင့်လည်း Regional Faculty များအဖြစ် နိုင်ငံတကာ အစည်းအဝေးများ၊ သင်တန်းများတွင် ပါဝင်ပို့ချဆွေးနွေးနေကြတာကိုလည်း ကြားသိနေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရိုးနှင့် ထိခိုက်ဒဏ်ရာကုသမှုအဆင့်အတန်း မြင့်မားစေရေးအတွက် တန်ဖိုးကြီးမားသောသင်ကြားကုသမှု အထောက်အကူပြုပစ္စည်းများကို စဉ်ဆက်မပြတ်ပံ့ပိုးဝယ်ယူ ဖြည့်တင်းပေးလျက်ရှိကြောင်း၊ အရိုးဆရာဝန်များ၏ ပညာရည်မြှင့်တင်မှု လုပ်ငန်းများကိုလည်း အားပေးကူညီမှု ပြုလုပ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ASEAN Orthopaedic Annual Congress ကို အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူရမည်ဖြစ်သည့်အပြင် AOA President တာဝန်ယူရမည်ဟုကြားသိရ၍ ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ညီလာခံတွင် မြန်မာနိုင်ငံမှ ဆရာဝန်များ၊ အမေရိကန်၊ ဥရောပ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ အိန္ဒိယနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရှင် ၃၂ ဦး အပါအဝင် စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲရှစ်ခု၊ နိုင်ငံတကာပညာရှင်များ၏ စာတမ်းများ၊ အရိုးရောဂါအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် သင်ကြားမှုနည်းစနစ်များနှင့် သုတေသနလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။ နိုင်ငံတကာအဆင့်ရှိ ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ အရိုးရောဂါနှင့် ပတ်သက်သော ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများကို ပြခန်းပေါင်း ၄၅ ခန်းဖြင့် ပါဝင်ပြသထားသည်ကို တွေ့ရသည်။

"နိုင်ငံတကာက ပညာရှင်တွေ ပါဝင်တဲ့အတွက် ခေတ်နဲ့အညီပြောင်းလဲလာတဲ့ ပညာရပ်တွေ၊ ဗဟုသုတတွေ လက်တွေ့ကျွမ်းကျင်မှုတွေကို နိုင်ငံအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အရိုးဆရာဝန်တွေလေ့လာနိုင်တဲ့အတွက် ကိုယ့်နေရာ၊ ကိုယ့်ဒေသကိုရောက်ပြီး ပြည်သူကို အလုပ်အကျွေးပြုတဲ့အခါ အများအယွင်း နည်းနည်းနဲ့ ဆေးဝါးကုသပေးနိုင်တဲ့ ရလဒ်မျိုးတွေကို ဒီညီလာခံက ရရှိမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံအရိုးဆရာဝန် အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမြင့်သောင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၁၉၅၀ ဝန်းကျင်မှ ပြည်ပဆရာဝန်ကြီးများဖြင့် အရိုးနှင့် ထိခိုက်ဒဏ်ရာရောဂါပညာရပ်ကို စတင်ခဲ့ပြီး ၁၉၆၀ပြည့်နှစ်ခန့်တွင် မြန်မာဆရာဝန်ဒေါက်တာဦးဘပုက အရိုးရောဂါပညာ၏ ရှေ့ဆောင်တစ်ဦးဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် မျိုးဆက်သစ် ပညာရှင်များက တီထွင်၊ ဖန်တီးဆန်းသစ်ကာပညာရပ်များကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း အမွေပေးခဲ့သည်။ ယခင်ကအရှေ့တောင်အာရှ အရိုးဆရာဝန်အသင်း (ASEAN Orthopaedic Association) နှင့် အာရှပစိဖိတ်ဒေသအရိုးဆရာဝန်အသင်း (Asia Pacific Orthopaedic Association) တို့တွင် မြန်မာနိုင်ငံက လေ့လာသူအဖြစ်သာ ပါဝင်ခဲ့ရသော်လည်း ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ **(သတင်းစဉ်)**

ကျန်းမာကြံ့ခိုင်ပြီး မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် မိသားစု အပိုဝင်ငွေရရှိနိုင်စေရန် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဒုန်ချောင်းကျေးရွာ၌ ဒေသခံကျေးလက်နေ ပြည်သူလူထုနှင့်တွေ့ဆုံစဉ် **(ယာပုံ)** မိမိတို့ဝန်ကြီးဌာနအနေဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးနှင့် ကျေးလက်ဒေသများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်နေပါကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့် ကျန်းမာကြံ့ခိုင်ပြီးမိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာနိုင်စေရန်နှင့် မိသားစု အပိုဝင်ငွေရရှိနိုင်စေရန် အတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကွင်းဆင်းအဖွဲ့တွင် လိုက်ပါလာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးရွာမီးလင်းရေး၊ ကျေးရွာချင်းဆက် လမ်းတံတားဖောက်လုပ်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက် တင်ပြမှုများဖြစ်သည့် ဘုန်းတော်ကြီးကျောင်းပြုပြင်မွမ်းမံရေး၊ စာသင်ကျောင်းအတွက် စာသင်ခုံ၊ ဆရာဆရာမ စားပွဲများရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်းများ၊ စပါးခွံသုံးဘွိုင်လာဖြင့် မီးရရှိရေးနှင့် စာကြည့်တိုက်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ နံနက် ၁၁ နာရီတွင် စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာများမှ အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက စေတုတ္တရာမြို့နယ်သည် မကွေးတိုင်းဒေသကြီး၏ အနောက်ဘက် အစွန်အဖျားမြို့ဖြစ်သည့်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များစွာရှိနေပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ မူဝါဒများ ဖြစ်သည့် အစားအစာဖူလုံပြည့်ဝရေး၊ ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအစာထုတ်လုပ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးရွာများအနေဖြင့် မိမိရပ်ရွာဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်များအား ရဲရဲဝံ့ဝံ့ တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက ကျေးရွာသူကျေးရွာသားများ၊ သားငါး၊ နို့နှင့် ဥ မျှတဖူလုံစွာ စားသုံးနိုင်ရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုအပ်သည့်မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ၊ နည်းပညာများ၊ ငွေကြေးအရင်းအနှီးများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခြင်ပြစ်ကိုင်းကျေးရွာ၊ တယ်ဇာကျေးရွာ၊ ကြီးဝကျေးရွာ၊ အလယ်ပံကျေးရွာ၊ မထိမ်းကျေးရွာ၊ တောင်ကုန်းကျေးရွာနှင့် ပဲရဲကိုက်ရွာများ၏ စာသင်ကျောင်းများအတွက်စာသင်ခုံများ၊ ဆရာ ဆရာမ စားပွဲခုံများ၊ ကျောက်သင်ပုန်းများ၊ ခြင်ပြစ်ကိုင်းကျေးရွာ ကိုယ်ထူကိုယ်ထ [illegible] နှင့် စပါးခွံလောင်စာသုံးဘွိုင်လာစနစ်ဖြင့် မီးရရှိရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲ ၁နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကွင်းဆင်းအဖွဲ့သည် ကံပြားကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ၊ ဆရာဆရာမများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စာသင်ကျောင်းအတွက် စာသင်ခုံများ၊ စားပွဲခုံများ၊ ရေလောင်းအိမ်သာနှင့် ကျောင်းသားကျောင်းသူများ စာကြည့်နိုင်ရေးအတွက် Solar စနစ်သုံးလျှပ်စစ်မီးများ၊ မြေပုလ္လင်ကျေးရွာ၊ သမတ်ကျေးရွာ၊ ရစ်ပြင်ကျေးရွာနှင့်သောင်စဉ်ကျေးရွာ စာသင်ကျောင်းများအတွက် စာသင်ခုံများနှင့် အဝီစိရေတွင်းများဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုးမြေဧက ၃၀၀ စိုက်ပျိုးရေသုံးစွဲနိုင်သော ကံပြားကန် ပြန်လည်ဖော်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နံရံကပ်စာစောင်၊ စာအုပ်နှင့်ဓာတ်ပုံပြပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု၍ ပြည်သူတစ်ရပ်လုံးနှင့် ကျောင်းသားကျောင်းသူများ ပြည်ထောင်စုစိတ်ဓာတ်နှင့်တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်ရည်ရွယ်၍ ပြည်ထောင်စုအားမာန် နံရံကပ်စာစောင်၊ စာအုပ်နှင့်ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀ နာရီ က ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မြို့နယ်စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကြည်၊ဦးတင်ချိုအေး၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေး အဖွဲ့အစည်းများသည် ပြခန်းကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများ မုံရွာမြို့ အထွေထွေရောဂါကုဆေးရုံကြီး ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုကြရာ **(ယာပုံ)** ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်နှင့် အထူးကုဆရာဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဆေးရုံကြီးအစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ်တို့က မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပြည်သူများက နှစ်သက်သဘောကျ လက်ခံလာသည်အထိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ဆေးရုံအုပ်ကြီးအပါအဝင် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများမှလည်း ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဆေးနှင့်ဆေးပစ္စည်းများ၊ CT Scan ကဲ့သို့သော ရောဂါရှာဖွေရေးစက်ပစ္စည်းများ တိုးမြှင့်ထောက်ပံ့ပေးမှုနှင့် ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ၏ ဂရုတစိုက်ပြုစုကုသစောင့်ရှောက်ပေးမှုများကြောင့် မုံရွာဆေးရုံကြီးကို လူနာများ ပိုမိုအားထားလာကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မင်းရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့သို့သွားရောက်၍ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား မိဘများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးအတွက် ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီဝင်များ ပေါင်းစပ်ညှိနှိုင်းတာဝန်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြားကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်/မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီများအနေဖြင့် ပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများအကြားတွင် မေတ္တာပေါင်းကူးတံတားသဖွယ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ဒုတိယဝန်ကြီးများနှင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့နှင့်အတူ ချောင်းဦး၊ မြင်းမူမြို့များရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့နယ်ဆေးရုံများ၊ ညောင်ပင်ဝန်းကျေးရွာ အထက်တန်းကျောင်းနှင့်ကျေးလက်ကျန်းမာရေးဌာနများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၂ ရက်ကလည်း ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့်အတူ ကပိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံတို့ကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု လှည့်လည်ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေသည် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့သို့ ရောက်ရှိကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကိုကိုးကျွန်းမှ မင်္ဂလာကျွန်းသို့ စက်လှေဖြင့်သွားရောက်ပြီး မင်္ဂလာကျွန်း ပတ်ဝန်းကျင်အခြေအနေနှင့် မင်္ဂလာကျွန်း မီးပြတိုက်လုပ်ငန်း ဆောင်ရွက်မှုများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကိုကိုးကျွန်းမြို့ ဇိနမာန်အောင် စေတီတော်အား ဖူးမြော်ပြီး သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာကြီး ဦးစိန်လှအောင်နှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ **(ယာပုံ)** တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားရေး ဆောင်ရွက်နေမှုများကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံး အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး ဆောက်လုပ်မည့်မြေနေရာ၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်မည့် မြေနေရာများကိုလည်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဆက်သွယ်ရေးရုံး၌ နေ့စဉ်ထုတ်သတင်းစာများအား အင်တာနက်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ယူမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပေးအပ်

ထို့နောက် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လက်ရှိဖွံ့ဖြိုးတိုးတက်နေမှုအား ရပ်တန့်မနေစေဘဲ ဆက်လက် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရန် မှာကြားပြီး ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအား The World Bank မှ ကျွမ်းကျင်ပညာရှင်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေနှင့်အဖွဲ့အား The World Bank မှ Dr.Claudia Sadoff (Lead Economist /Water Resource Management Specialist) ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ၆ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(၉) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေး၊ မိုးလေဝသဆိုင်ရာကိစ္စရပ်များ၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကွင်း/အကွက် အမှတ်-၂၊ တိုက်ကြီးကုန်း၊ ဦးပိုင်အမှတ်-၄၅/ခ၊ ဧရိယာ ဝဒသမ ဝ၉၈ ဧက၊ ပိုင်ဆိုင်ခွင့်-B၊ မြေအမျိုးအစား-၃(ခ)ရပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၊ ကျိုက်ခေါက်ဘုရားလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ(မြူနှင်းဝေဝေတည်းခိုရိပ်သာနှင့် လုပ်ငန်းလိုင်စင်)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၂၃၉/၁၉၉၇ စာချုပ်အရ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိ၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းနှင်းဝေ ၁၂/သလန(နိုင်)ဝဝ၅ဝ၇၄ ထံမှ ကျွန်ုပ်တို့ ၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃)
ဒေါ်လွင်မာ(စဉ်-၈၉ဝ၉)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၅(ဒုတိယထပ်)၊
အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ဝ၉-၅၁၂၇၁၄၄၊ ဝ၉-၇၃ဝဝ၁၅၂၈

ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇ဝဝ၉)
ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)
ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)
ဒေါ်လှဲ့လှဲ့ဝင်း (စဉ်-၃၉၈၈ဝ)

ဒေါ်ယုယုနိုင် (စဉ်-၄၁၄၄ဝ)
ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)
ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆ဝ၁)
ဒေါ်ရည်မွန်ထက် (စဉ်-၄၃ဝ၆၂)

အထက်တန်းရှေ့နေများ

လူပျောက်ကြော်ငြာ



ဖော်ပြပါဓာတ်ပုံရှင် ဒေါ်တင်ညွန့် အသက်(၇၈)နှစ်သည် ၃-၂-၂၀၁၄ရက် မွန်းလွဲပိုင်းတွင် နေအိမ်မှထွက်သွားရာ ယနေ့အချိန်ထိ ပြန်လည်မရောက်ရှိပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-ဝ၉-၄၂ဝ၂၇၂၄၆၈၊ ဝ၉-၄၂၁ဝ၇ဝ၄၈၃၊ ဝ၉-၄၂၁ဝဝ၃၂၈၇

အမည်ပြောင်း

ဦးအေးမင်းလတ်၏သား ထားဝယ်မြို့ အထက (၁) အဋ္ဌမတန်း (A) မှ မောင်အောင်မင်းသန့်အား မောင်အောင်မင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ရောင်းမည်

နှစ်ထပ် RC
တိုက်ဟောင်းဖြို၍ ဝယ်မည့်သူများသာ
ဆက်သွယ်ရန်
ဖုန်း-ဝ၉-၄၂ဝဝ၃၃ဝဝဝ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ပြည့်စုံ၏ နိုင်ငံကူးလက်မှတ် MA-၁၆၄၄၄၂ CDC နံပါတ် ၉၁၃၁၄နှင့် အခြားအရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ပေးအပ်ပါရန်။

(ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။)
ဖုန်း-ဝ၉-၄၂ဝ၃၁၈၈၆၊ ဝ၁-၆၆ဝ၅၈၆

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သင်တန်းသားရဲအရာရှိများအား ရပ်ကွက်များအတွင်းသို့စေလွှတ်ကာ လက်တွေ့လေ့ကျင့်သင်ကြားမှုများပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် EU (ဥရောပသမဂ္ဂ)တို့ ပူးပေါင်း၍ ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဇန်နဝါရီ ၁၃ ရက်မှ စတင်ကာ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အောင်ဇေယျခန်းမ၌ သင်တန်းသားရဲအရာရှိ ၁၈ ဦးအား EU အဖွဲ့မှ သင်တန်းပို့ချပေးလျက်ရှိသည်။

သင်တန်းတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများအတွင်း သွားလာရာတွင်လည်းကောင်း၊ ကင်းလှည့်သွားလာရာတွင် လည်းကောင်း၊ အခင်းဖြစ်ရပ်သို့ သွားလာရာတွင်လည်းကောင်း လွယ်ကူစွာသွားလာနိုင်ရေးရည်ရွယ်၍ စက်ဘီးဖြင့် ကင်းလှည့်သွားလာခြင်း သင်ခန်းစာများကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ **(ယာပုံ)**ယင်းသင်ခန်းစာများ လက်တွေ့လေ့ကျင့်သင်ကြားခြင်းအဖြစ် ဖေဖော်ဝါရီ ၄ ရက်တွင် သင်တန်းသားများအား EU မှ Model 3500 အမျိုးအစား ဂီယာ ၂၁ ချက်ပါ စက်ဘီးများကို အသုံးပြုစီးနင်းပြီး ခြေကျင်အဖွဲ့၊ စက်ဘီးအဖွဲ့ဟူ၍ အဖွဲ့များခွဲကာ အုပ်စုများစုဖွဲ့လျက် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သွားရောက်စေခဲ့သည်။

ထိုသို့သွားရောက်စဉ် သင်တန်းသားအဖွဲ့များက ရပ်ကွက်နေပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်ရင်းနှီးပွင့်လင်းစွာတွေ့ဆုံခဲ့ပြီး မိမိတို့ ရဲတပ်ဖွဲ့ဘက်မှ ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရပ်ကွက်နေ ပြည်သူများကလည်း တင်ပြလိုသည်များကို တင်ပြပေးပါရန်၊ Leaflat ပြုလုပ်ရာတွင်လည်း ထည့်သွင်းအသိပေးသင့်သည်များကို အကြံပြုပြောကြားပေးပါရန်တို့ကို ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါသင်တန်းတွင် တက်ရောက်လျက်ရှိသည့် ရဲအရာရှိများကို သင်တန်းချိန်များ၌ ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ် သင်ခန်းစာများကို ယင်းကဲ့သို့ပင် စာတွေ့သင်ကြားခြင်း၊ နယ်မြေအတွင်း လက်တွေ့ကွင်းဆင်းသင်ကြားခြင်းများဖြင့် ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းအောင်(တိုင်းဒေသကြီးရဲတပ်ဖွဲ့)

သန်းခေါင်စာရင်းဆိုင်ရာ ဟောပြော မှတ်ပုံတင်နေ့ချင်းပြီးထုတ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ အုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေ ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး နေပြည်တော်ကောင်စီနယ်မြေ သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးချိုထွန်းနှင့် နေပြည်တော်ခရိုင်ဦးစီးမှူး၊ နေပြည်တော် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်နှင့်အတူ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာ ဘောလုံးကွင်း၌ ၂၀၁၄ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများ ရှင်းလင်းဟောပြောခဲ့သည်။

ထုတ်ပေးခဲ့

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချိုထွန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်တို့သည် One Stop Service စနစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃၀ ကို နေ့ချင်းပြီးထုတ်ပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင် ဆရာဆရာမများ၊ ကျေးလက်နေပြည်သူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

(၁၃၉)

နေပြည်တော် နွေရာသီအခြေခံအားကစား သင်တန်းဖွင့်လှစ်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၆

အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နှစ်စဉ်နွေရာသီ အခြေခံအားကစားသင်တန်းနှင့် အဆင့်မြင့်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက ၂၀၁၄ ခုနှစ် နေပြည်တော် နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးကို အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားသည်။

၂၀၁၄ ခုနှစ် နေပြည်တော် နွေရာသီ အားကစားသင်တန်းများကို ဘောလုံး၊ ဘော်လီဘော၊ သိုင်း၊ ကရာတေးဒို၊ ပြေးခုန်ပစ်၊ ဝူရှူး၊ ပိုက်ကျော်ခြင်းအစရှိသည့် အားကစားနည်းများဖြင့် ဖွင့်လှစ်ရေး ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်တာဝန် ကျေပွန်သူ ကျေးဇူးတင်ကြ တို့ပြည်သူက

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၂၄၈၈ Toyota Landcruiser UZJ 100, S/W (4×4) RH.D ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဦး ၁၂/ဗဟန(နိုင်)၀၀၄၂၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဦးကျော်ဝင်းထွန်း ၁၂/မဂတ(နိုင်)၀၆၈၅၉၆နှင့် ၎င်း၏ရှေ့နေများဖြစ်သော ဒေါ်မိုးမိုးခိုင်၊ ဒေါ်ယောမယ်ရီတို့၏ ၁-၂-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာအချပ်ပို စာမျက်နှာ-၃တွင်ပါရှိသော အများသိစေရန် သတိပေးကြေညာခြင်း အပေါ် ပြန်လည်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၉၇အနေ ဒေါ်ခင်နု ၁၂/ဗဟန(နိုင်)၀၃၇၁၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ဝင်းထွန်းနှင့် အများသိစေရန် ပြန်လည်၍ သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ မြေကွက်အမှတ် ၁၈အေ၊ မြေကွက်နှင့်ယင်းမြေကွက်တည်ရှိရာ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၉၇ဘီမှာ ဦးထွန်းကြိုင်နှင့် ဒေါ်ခင်နုတို့က မူလပိုင်ရှင် ဦးစိန်ဝင်းတို့ထံမှ (၁၅-၁၀-၁၉၈၃)ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံမှာ ဦးထွန်းကြိုင်၊ ဒေါ်ခင်နုတို့၏ငွေဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်ပြီး ဦးကျော်ဝင်းထွန်းနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။ နိုင်ငံတော်တရားရုံးချုပ်၏ တရားမအထူးအယူခံမှုအမှတ် ၇၆/၂၀၀၄၊ ဦးကျော်ဝင်းထွန်း(ကွယ်လွန်သူ ဒေါ်စိန်စိန်(ခ)ဒေါ်စိန်ဆင်၏ တရားဝင်ကိုယ်စားလှယ်)နှင့် ဒေါ်ခင်နု အမှုတွင် အမွေခန်းအပြီးအပြတ် ဆုံးဖြတ်ပြီးသော ပစ္စည်းဖြစ်ပါသည်။ ဦးကျော်ဝင်းထွန်းမှ ပိုင်ဆိုင်၊ သက်ဆိုင်ခြင်းမရှိဘဲ ကြေညာကန့်ကွက်နေခြင်းများအား အမြန်ဆုံးရုပ်သိမ်းပေးရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဉာဏ်ဝင်း၊ (စဉ်-၁၂၀၃)၊ ဒေါ်စန်းမာလာညွန့် (စဉ်-၆၄၆၂) တရားလွှတ်တော်ရှေ့နေများ

ဒေါ်မျိုးပပအောင် (စဉ်-၃၉၂၀၁) အထက်တန်းရှေ့နေ

အမှတ် ၃၁/၃၃(စတုတ္ထထပ်)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၂၀၂၇၄၀

ဒေါ်တင်ပြုံး ၉/မကန(နိုင်)၀၁၈၄၉၂နှင့် ဒေါ်သင်းသင်းလှိုင် ၁၂/ကမရ(နိုင်)၀၀၂၆၁၄တို့အပါအဝင် အများသိစေရန်

ကျွန်မ၏မိတ်ဆွေဖြစ်သူ ဦးစောတင်ထွန်းဦး(ဘ)ဦးရော်နယ်(လ်)တင် ၁၂/မရက(နိုင်)၀၉၆၄၆၀မှ ဒေါ်တင်ပြုံးနှင့် ဒေါ်သင်းသင်းလှိုင်အား ၃-၆-၂၀၁၃ ရက်စွဲဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၇၅၆-၂၀၁၃ ကို လုပ်ငန်းများတိကျမှန်ကန်အောင် မဆောင်ရွက်နိုင်ပါသဖြင့် ယနေ့မှစ၍ အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ၎င်းတို့လုပ်ကိုင်သော မည်သည့်ကိစ္စမဆို အသိအမှတ်မပြုတော့ပါကြောင်း ဒေါ်တင်ပြုံးနှင့် ဒေါ်သင်းသင်းလှိုင်အပါအဝင် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဥမ္မာ

တရားလွှတ်တော်ရှေ့နေ

၁၂/မရက(နိုင်)၀၂၇၃၁၅၊ ဖုန်း-၀၉-၅၀၂၉၅၆၆

အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် အထူးကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းကြောင်း ဦးစိုးကျော်နိုင် HLG-၀၂၃၀၁၁နှင့် အများသိစေရန်

မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့်သာသနာပြု ဒေါ်တင်တင်စိန် ၁၂/မရက(နိုင်)၀၅၆၉၀၀က ဦးစိုးကျော်နိုင်(ဘ)ဦးသောင်း HLG-၀၂၃၀၁၁အား ၂၀-၉-၂၀၁၂ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၁၅-၆-၂၀၁၃ ရက်တွင်လည်းကောင်း၊ ၂-၉-၂၀၁၃ ရက်တွင် လွှဲအပ်ခဲ့သော ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်ရှိ **မြတ်ပုဂံဟိုတယ်**နှင့်စပ်လျဉ်းသည့် အထူးကိုယ်စားလှယ်လွှဲစာကို ၂၇-၁၂-၂၀၁၃ရက်တွင်လည်းကောင်း ပြန်လည်ရုပ်သိမ်းပြီးကြောင်း ၁-၂-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၈)၌ ကြေညာချက်ကို ဦးစိုးကျော်နိုင်နှင့် အများသိစေရန် ထပ်လောင်းအတည်ပြုကြေညာအပ်ပါသည်။

ဒေါ်တင်တင်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးငွေးဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၉၈)

အခန်း(A-1)၊ အမှတ် ၅၄၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၄ခ/၇၁၅၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/4059 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်ရန်ကြော်ငြာ

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် ၄၈၊ (၉)ရပ်ကွက်၊ ရှုခင်းသာလမ်းအမှတ် ၄၈/ခဟု မည်တွင်သောပေ(၂၀×၆၀) မြေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အအုံမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာန မြေငှားစာချုပ်အမှတ် ၉/၀၅၉၄ အရ ဦးစောမောင် SRM-၀၁၄၃၈၇၏ အမည်ပေါက်ပြီး အဆိုပါမြေနှင့်အိမ်ကို ဦးစောမောင်၏ တူမအရင်းများဖြစ်ကြသော ဒေါ်အေးအေးနှင့် ဒေါ်မြင့်မြင့်သန်းတို့က အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ကြပါသည်။ ဒေါ်အေးအေးနှင့် ဒေါ်မြင့်မြင့်သန်းတို့ထံမှ ဒေါ်လှိုင်လှိုင်ဌေး ၁၂/သကတ(နိုင်)၁၄၅၁၈၃က ၉-၇-၂၀၁၁ ရက်စွဲပါ အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ ဒေါ်လှိုင်လှိုင်ဌေးထံမှ ကျွန်တော် ဦးကိုကိုလတ်၊ Managing Director-Noble Yangon Construction Company Limited အမှတ်-၁၇၀၊ MGW Tower၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့က ဝယ်ယူရန် ၄-၂-၂၀၁၄ ရက်စွဲပါ စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအိမ်ခြံမြေနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် အထက်ဖော်ပြပါ ဦးကိုကိုလတ်၏ ရုံးခန်းသို့ ယခုသတင်းစာတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်သတ္တပတ်နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်စာချုပ်ကို အပြီးသတ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကိုကိုလတ်

Managing Director

Noble Yangon Construction Co.,Ltd.

အမှတ် ၁၇၀၊ အခန်း-၀၂-၂၀၃၊

MGW Tower၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကံမမြို့နယ်တွင် ဆောင်းရာသီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

ကံမ ဖေဖော်ဝါရီ ၆

သရက်ခရိုင် ကံမမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် မင်းတုန်းချောင်းနံဘေး ဝဲယာတစ်လျှောက်တွင် ကိုင်းမြေများ၊ မြေနုကျွန်းများပေါ်တွင် ဆောင်းရာသီစိုက်ခင်းများအဖြစ် ဆီထွက်သီးနှံဖြစ်သည့် မြေပဲစိုက်ခင်းများနှင့် ပဲအမျိုးမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ စိုက်ခင်းမြေများသည် မိုးနှောင်းကာလတွင် မိုးရွာသွန်းမှု ပုံမှန်ထက် ပိုမိုခဲ့သဖြင့် မြစ်ရေချောင်းရေများ လွှမ်းမိုးခဲ့ရာ မြေဆီမြေနှစ်များ ပိုမိုကောင်းမွန်ပြည့်ဝပြီး အောင်မြင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်။ ဆောင်းသီးနှံစိုက်ခင်းများအနက် မြေပဲစိုက်ဧက ၉၂၈၇ ဧကနှင့် ပဲကြီးစိုက်ဧက ၄၂၂၃ ဧကရှိပြီး ရွှေတောကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ယခုနှစ်ရာသီဥတုဖောက်ပြန်ခြင်းမရှိသည့်အပြင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းများလည်း မရှိသည့်အတွက် ပဲအထွက်နှုန်း ပိုမိုကောင်းမွန်နိုင်ကြောင်းနှင့် မြေပဲစိုက်ခင်း တစ်ဧကလျှင် တင်း၆၀ မှ တင်း ၇၀ အထိ အနည်းဆုံးထွက်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း ပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၂၃၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၅-၉၉၇	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၆၇-၃၀.၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၄-၁၅.၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၈	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၃၀၀-၃၇၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၅၆၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၂၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၃၀၀-၁၆၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၄၀၀-၆၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၅၀၀-၂၅၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၂၀-၁၁၃၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၇၃၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၅၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။ သကြား	တစ်ပိဿာ	၈၇၀-၈၉၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ဆေးဝါးကုသပေး

နမ္မတူ ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့(လားရှိုး)သည် မြို့နယ် သွေးအလှူရှင်များအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နမ္မတူမြို့နယ်ဒေသခံများနှင့် တွေ့ဆုံပြီး ဝေဒနာရှင် ၂၃၀၃ ဦးကို လိုအပ်သော အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဆရာဝန်ကြီး၊ မြို့နယ်ပညာရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ခရိုင်ဆေးရုံကြီးအတွက် ငွေကျပ် ၁၀ သိန်း၊ မြို့နယ်သွေးလှူရှင်များအသင်းအတွက် ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာစုစုထွန်းနှင့် မြို့နယ်သွေးလှူရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မိုးတို့က လက်ခံယူကြသည်။ **အောင်ကြီး(နမ္မတူ)**

မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်

မြို့သစ် ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမရှေ့၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသောင်းတင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြကြသည်။

မီးငြိမ်းသတ်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်၊ ရဲမှူးရဲထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၅၂ အုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ အထောက်အကူပြုအဖွဲ့များကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

ပျောက်ဆုံးကြောင်း

ကျွန်မ မာမာအေး မြန်မာနိုင်ငံကူးလက်မှတ်အမှတ် M-၉၄၄၅၂၂ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

မာမာအေး ဖုန်း-၀၉-၅၄၁၄၆၁၆

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် အသင်းသားစုံညီ(အထူးအစည်းအဝေး)ခေါ်ယူကြောင်း အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၂/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို ၄-၂-၂၀၁၄ ရက် ၁၄း၀၀ နာရီတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် အများသဘောတူညီနိုင်းဆုံးဖြတ်ချက်အရ ကချင်ပြည်နယ်၊ မိုးကောင်း-ဖားကန့်လမ်းရှိ လမ်းနှင့်တံတားများအဆင့်မြှင့်တင်ပြုပြင်ရာတွင် ရန်ပုံငွေရရှိရေးနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းတူးဖော်လုပ်ကိုင်နေသောကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ ကျောက်မျက်အသင်းချုပ်နှင့်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး၊ မိုးကုတ်၊ ဖားကန့်နှင့်မြစ်ကြီးနား)စသည်တို့မှ အသင်းအမှုဆောင်များတွေ့ဆုံပြီး အများ၏ သဘောထားကို ပွင့်လင်းမြင်သာစွာဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အသင်းသားစုံညီ (အထူးအစည်းအဝေး)ခေါ်ယူကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အသင်းသားစုံညီ(အထူးအစည်းအဝေး)ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **ကျင်းပမည့်နေ့ရက်** - ၁၀-၂-၂၀၁၄ ရက် (တနင်္လာနေ့)
(ခ) **ကျင်းပမည့်အချိန်** - ၁၄း၀၀ နာရီ
(ဂ) **ကျင်းပမည့်နေရာ** - Grand Ball Room
SEDONA HOTEL
ရန်ကုန်မြို့

၄။ ဖော်ပြပါအစည်းအဝေးသို့ ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေကြသည့်ကုမ္ပဏီများမှ လုပ်ငန်းရှင်များကိုယ်တိုင်မပျက်မကွက် (မပျက်မကွက်) ပါဝင်တက်ရောက်ပေးနိုင်ပါရန် အထူးအလေးထား ဖိတ်ကြားအပ်ပါသည်။

၅။ ၄င်းပြင် အလားတူကိစ္စရပ်မျိုးများ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်ရာဒေသများတွင် ပေါ်ပေါက်လာနိုင်ပါသဖြင့် မြန်မာနိုင်ငံအရပ်ရပ်တွင် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်လုပ်ကိုင်ရောင်းဝယ်နေကြသော အသင်းဝင်/အသင်းသားလုပ်ငန်းရှင်များအားလုံး ပါဝင်တက်ရောက်ပေးကြပါရန်နှင့် မိမိတို့နှင့်နီးစပ်ရာ/ခင်မင်ရာလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး ထပ်ဆင့်အသိပေး ဖိတ်ကြားပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့် အကူအညီတောင်းခံအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးခင်မောင်ဦး သိရှိရန်

လူကြီးမင်းသည် ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၏ ၂-၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၀၅၆/၅/၈-၈/စည်ပင်(ကချင်)ဖြင့် သက်ပြည့်ပင်စင်ခံစားရန်အတွက် ကြိုတင်ပြင်ဆင်ခွင့်ကို ၉-၁-၂၀၁၄ ရက်မှစ၍ ခွင့်ပြုခဲ့ပြီး အမှုဆောင်အရာရှိတာဝန်ဝတ္တရားများကို လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်ထံသို့ စနစ်တကျလွှဲပြောင်းပေးရန် ရုံးအမိန့်ထုတ်ပြန် ကြော်ငြာပြီးဖြစ်သော်လည်း လူကြီးမင်းအနေဖြင့် လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ခြင်း မပြုဘဲ ၂၄-၁-၂၀၁၄ ရက်မှစ၍ မိမိတာဝန်ကျဒေသမှ စွန့်ခွာသွားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀-၂-၂၀၁၄ ရက် ဗန်းမော်မြို့သို့လာရောက်ပြီး လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်၍ ငွေရေးကြေးရေးကိစ္စများရှင်းလင်းရန်နှင့် လာရောက်ရှင်းလင်းရန် ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေး အကြောင်းကြားပါသည်။

ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ၄က်ပျောတောလမ်း၊ အိမ်အမှတ် ၃၈၊ (သုံးလွှာ)(ခေါင်းရင်းခန်း)၊ အခန်းအမှတ် ၅၊ အကျယ်အဝန်းပေ (၁၂½×၅၀)တိုက်ခန်းနှင့် ပတ်သက်၍ တရားဝင်လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစံမြင့် ၁၀/မဒန(နိုင်)၀၀၆၉၆၄ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါလူနေအိမ်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ၁၁-၂-၂၀၁၄ ရက်နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမောင် (စမ်းချောင်း)	**ဒေါ်ဖြိုးဝေဝေထွန်း**
LL.B	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၄၇၅၄/၈၈)	**(စဉ်-၃၂၉၀၃)**

အမှတ် ၆၂၊ ပထမထပ်၊ အခန်း ၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၁၀၈၀၁၊ ၀၉-၄၂၅၃၀၆၁၀၀

အထက သုဝဏ္ဏ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

နေ့ရက် - ၉-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - သီရိသုဝဏ္ဏပညာခန်းမ အထက သုဝဏ္ဏ

(ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ) မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားနိုးဆော်အပ်ပါသည်။



ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ကိုယ်ဝန်ဆောင်မိခင်ယာဉ်မောင်းစဉ် ဓာတ်တိုင်ကိုဝင်တိုက် မိခင်နှင့်သန္ဓေသားပါသေဆုံး

တာချီလိတ် ဖေဖော်ဝါရီ ၆

တာချီလိတ်မြို့နယ်အတွင်း ငယ်ရွယ်နုပျိုသော ကိုယ်ဝန်ဆောင်တစ်ဦးက ကျွမ်းကျင်မှုမရှိဘဲ ယာဉ်ကိုမောင်းနှင်ရာမှ အရှိန်မထိန်းနိုင်ဖြစ်ကာ မိခင်ရော သန္ဓေသားလောင်းပါဆုံးပါးခဲ့ရသည့်ဖြစ်စဉ်တစ်ခုပေါ်ပေါက်ခဲ့သည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာနေ မအီလင်(၁၆နှစ်) ကိုယ်ဝန်ငါးလသည် ဒေါ်ပါပန်း(၆၅နှစ်)၊ မအီတန်(၃၀နှစ်)၊ မအီစီ(၁၈နှစ်)တို့ကို တင်ဆောင်ကာ ဟွန်ဒါဖစ်အမျိုးအစား မော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းနှင်ပြီး တာချီလိတ်-ဝမ်ပုံလမ်းမကြီးအတိုင်း ဝမ်ပုံဘက်သို့ မောင်းနှင်လာစဉ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ပါခုတ်နိုနမ့်လွတ်(ရွာသစ်)ရှိ ဦးအိုက်ဆမ်၏ ဥယျာဉ်ရှေ့အရောက်တွင် လမ်းချော်သွားကာ ယာဉ်ကိုမထိန်းနိုင်တော့ဘဲ လမ်းဘေးရှိ လျှပ်စစ်ဓာတ်တိုင်ကိုဝင်တိုက်ခဲ့ရာ ယာဉ်တိုက်မှုအရှိန်ကြောင့် ယာဉ်မောင်းနှင်သူ မအီလင်မှာ နေရာ၌ပွဲချင်းပြီးသေဆုံးပြီး လွယ်ထားသော ကိုယ်ဝန်ငါးလအရွယ်သန္ဓေသားမှာလည်း သေဆုံးခဲ့ရသည်။

အရေးယူဆောင်ရွက်

ယာဉ်တိုက်မှုကြောင့် ဒေါ်ပါပန်းမှာ ဦးခေါင်းဒဏ်ရာရရှိပြီး စိုးရိမ်ရသည့်အနေအထားတွင်ရှိကာ ကျန်နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်စီရရှိပြီး စိုးရိမ်ရမှု မရှိချေ။ ယာဉ်တိုက်မှုတွင် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး သက်ဆိုင်ရာ ဝမ်ပုံရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မောင်ယဉ်ကျေး

အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံနေသည့် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂)

ပွဲကြိုသတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

၂၀၁၄ MNL Charity Cup ပြိုင်ပွဲတွင် ကမ္ဘောဇနှင့်ရန်ကုန်တို့ ယှဉ်ပြိုင်ခဲ့စဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၁၄ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂)ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနှင့် တနင်္လာနေ့များတွင် ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။ ယခုပွဲစဉ်(၂)တွင် အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံနေသောပွဲကောင်းများပါဝင်နေပြီး အမှတ်ဆုံးရှုံး၍ မရသည့်ပွဲများဖြစ်သည်။

ပွဲစဉ်(၂)အဖြစ် ဖေဖော်ဝါရီ ၈ ရက်တွင် တောင်ကြီးမြို့ရှိ KBZ ကွင်း၌ ကမ္ဘောဇနှင့် ရန်ကုန်၊ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ မကွေးနှင့် ဇေယျာရွှေမြေ၊ အောင်ဆန်းကွင်း၌ ဧရာဝတီနှင့် ရတနာပုံအသင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ မနောမြေနှင့် ဆောက်သမ်း၊ အောင်ဆန်းကွင်း၌ GFA နှင့် ချင်းယူနိုက်တက်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် နေပြည်တော်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုတစ်ပတ်ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များမှာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းများဖြစ်လာနိုင်ပြီး ချင်းနှစ်သင်းတွေ့ဆုံမည့် GFA နှင့် ချင်းယူနိုက်တက်တို့၏ ချင်းဒါဘီ၊ ခြေစွမ်းမကွာသည့် မနောမြေနှင့် ဆောက်သမ်းတို့ပွဲ၊ အမှတ်ပေးဗိုလ်လုပွဲ ဇွဲကပင်နှင့် ပွဲဦးထွက်ရှုံးပွဲကြုံတွေ့ထားသည့် နေပြည်တော်အသင်းတို့၏ ပွဲများမှာလည်း ပရိသတ်အကြိုက်တွေ့နိုင်သည့် ပွဲများဖြစ်လာနိုင်ပေသည်။

ကမ္ဘောဇနှင့် ရန်ကုန်

ခြေစွမ်းပိုင်း အနေအထားအရ အကောင်းဆုံးအနေအထားကို နှစ်သင်းစလုံး မရရှိသေးပေ။ ပွဲဦးထွက်ပွဲတွင် နှစ်သင်းစလုံးနိုင်ပွဲရရှိခဲ့သော်လည်း အမှတ်ပြည့်ရရှိရန်ရုန်းကန်ခဲ့ရသည်။ နည်းပြဟောင်းအဲရစ်ဝီလျံ တစ်ကျော့ပြန် ကိုင်တွယ်နေသည့် ရန်ကုန်အသင်း ပုံမှန်ခြေစွမ်းမရသေးသလို အသစ်ခေါ်ထားသည့် နိုင်ငံခြားသား ကစားသမားများမှာလည်း အသင်းနှင့်အံမဝင်သေးပေ။ ကမ္ဘောဇအသင်းနှင့် ကစားခဲ့သည့် အဝေးကွင်းပွဲစဉ်တိုင်း ရန်ကုန်အသင်း အမြင့်ဆုံးသရေသာ ကစားနိုင်ခဲ့ခြင်းက ကမ္ဘောဇအသင်းအတွက် အားသာချက်ပင်ဖြစ်သည်။ ထိပ်သီးနှစ်သင်းတွေ့ဆုံမှုက အကြိတ်အနယ် ရှိလာနိုင်ပြီး Charity Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်းကို ပူပူနွေးနွေးအနိုင်ရထားသည့် ကမ္ဘောဇအသင်း အိမ်ကွင်း၌ အနိမ့်ဆုံး သရေတစ်မှတ်ရရှိနိုင်မှာ သေချာပေသည်။

မကွေးနှင့် ဇေယျာရွှေမြေ

မကွေးအသင်း၏ ခြေစွမ်းက ရာသီတိုင်းတွင် ပြိုင်ဘက်တိုင်းအခက်တွေ့စေသည့် ခြေစွမ်းမျိုးဖြစ်သည်။ အထူးသဖြင့် အသင်းကြီးများနှင့်တွေ့လျှင် ပိုကောင်းတတ်ပေသည်။ ပွဲဦးထွက်ပွဲတွင်လည်း နာမည်ကြီးဧရာဝတီကို အနိုင်ယူပြခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ ပုံမှန်ချီတက်နေသည့် အသင်းမျိုးဖြစ်သည်။ နိုင်ပွဲဆက်ရေးအတွက် အသစ်ခေါ်ထားသည့် နိုင်ဂျီးရီးယားတိုက်စစ်မှူး မက်သရူးခြေစွမ်းပြနိုင်ရန် လိုအပ်နေပေသည်။

ဧရာဝတီနှင့် ရတနာပုံ

ဦးခင်မောင်တင့် လက်ထက်တွင် ရတနာပုံအသင်းခြေစွမ်း ပိုကောင်းလာသည်။ ချင်းအသင်းကို တစ်ဂိုးဖြင့်သာကပ်၍ အနိုင်ရခဲ့သော်လည်း ရတနာပုံ အသင်းခြေစွမ်းက ပိုကောင်းခဲ့သည်။ အသစ်ခေါ်ထားသည့် နိုင်ငံခြားသားများ ခြေစွမ်းပြနိုင်လျှင် ပိုကောင်းသွားနိုင်သည်။ ဧရာဝတီအသင်းမှာ ပွဲဦးထွက်ပွဲတွင် ရှုံးထားသောကြောင့် ယခုပွဲတွင် မဖြစ်မနေအမှတ်ယူရတော့မည်ဖြစ်သည်။ ပွဲကျပ်များ ဆက်တိုက်ကစားရမည့် အသင်းကြီးများ အခက်တွေ့မည့်ရက်သတ္တပတ်ပင်ဖြစ်သည်။

အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံနေသော ပွဲကောင်းများပါဝင်နေပြီး အမှတ်ဆုံးရှုံး၍ မရသည့်ပွဲများဖြစ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၆စီ၊ မြေကွက်အမှတ် ၁၁၃H၊ မြေကွက်တည်နေရာအမှတ် ၂၉(က)၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ် ဒေါ်ခင်ခင်နှင့် ဒေါ်သန်းသန်း အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ပိုင်ဆိုင်ကြောင်းစာချုပ် ၃၅၂၅ (၂၇-၉-၂၀၁၃)ဖြင့် ပိုင်ဆိုင်သူ (၁) ဒေါက်တာ ဒေါ်သီရိထွန်းမြင့် ၁၂/ဒဂန(နိုင်) ၀၁၅၈၆၂၊ (၂) ဦးရဲထွန်း ၁၂/ဗဟန(နိုင်) ၀၇၂၄၁၅၊ (၃) ဦးညီညီထွန်း ၁၂/ဗတထ (နိုင်)၀၁၅၆၅၀တို့နှင့်အတူ ကျန်အမည်ပေါက် ဒေါ်ခင်ခင် ၁၂/ဒဂန(နိုင်)၀၁၅၈၅၈တို့၏ S.P ၂၆၇၆၀ (၂၄-၁၂-၂၀၁၃) ရသူ ဒေါ်ပိုးအိကြွယ် (ခ)အိပုံ ၁၀/မလမ(နိုင်)၁၇၆၂၁၂၈ အရောင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အေးနန္ဒာအဆင့်မြင့်အိမ်ရာစီမံကိန်းအပိုင်း(၃)၊ မြေကွက်အမှတ် ၆၊ အကျယ်အဝန်း ၄၈၀၀ စတုရန်းပေရှိ (အုတ်တံတိုင်းခတ်ပြီး)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော ASIA EXPRESS (YGN) CO.,LTD. ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထား၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်ကြည်ကြည်နွယ်(ခ)တော်စိန်လေ ၁၂/လသန(နိုင်)၀၂၁၉၈၈ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့်ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	**ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML**	**ဒေါ်ရတနာနွေး LL.B,D.B.L**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**	**(စဉ်-၃၈၄၉၇)**

**အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀**

ငွေရတုမင်္ဂလာဆုတောင်းလွှာ

၇-၂-၂၀၁၄ရက်တွင် ကျရောက်သော ပါပါဒေါက်တာကျော်တင်မောင်-မေမေဒေါ်ဖြူဖြူအောင် 'ကျော်' သွားနှင့်ခံတွင်းဆေးခန်း (တောင်ဥက္ကလာပ) တို့၏ ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသားများနှင့်အတူ ကျန်းမာပျော်ရွှင်သောဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားကြီး - **ဒေါက်တာရဲကျော်သူ** B.D.S (Ygn)
သားငယ် - **ရဲထွန်းကျော်** (4th B.D.S) UDM (Ygn)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်တင်တင်ခိုင်၏သမီး မယဉ်မေဦးသည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်မဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင် -ဒေါ်တင်တင်ခိုင်
၁၂/လမန(နိုင်)၀၃၅၃၉၈
လှိုင်မြို့နယ်**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၅၂၅၊ လာလမ်း၊ အကျယ်အဝန်း ၅၇ပေ×ပေ၆၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဒေါ်မြရီအမည်ဖြင့် တည်ရှိပါသည်။ မိခင်ဖြစ်သူဒေါ်မြရင်နှင့် ဖခင်ဦးတင်မြင့်တို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိနေထိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြသော(၁) ဒေါ်အေးသန်း ၁၂/ဥကတ(နိုင်)၀၁၃၀၁၁၊ (၂)ဒေါ်ရင်ရင်လှ ၁၂/ဥကတ(နိုင်)၀၁၃၃၁၁၊ (၃)ဦးသစ်လွင် ၁၂/ဥကတ(နိုင်)၀၁၂၉၉၉၊ (၄)ဒေါ်အေးအေးသန်း ၁၂/ဥကတ(နိုင်)၀၁၄၁၃၉၊ (၅)ဒေါ်စန်းစန်းအေး ၁၂/ဥကတ(နိုင်)၀၁၃၂၉၉၊ (၆)ဦးကိုကိုလွင် ၁၂/ဥကတ(နိုင်)၀၁၃၇၈၄၊ (၇)ဒေါ်မြစန္ဒာလွင် ၁၂/ဥကတ(နိုင်)၁၄၃၆၂၈တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်တွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	**ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML**	**ဒေါ်ရတနာနွေး LL.B,D.B.L**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**	**(စဉ်-၃၈၄၉၇)**

**အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၆၉၃၀၀၊ ၀၉-၇၃၁၅၀၆၄၀၊ ၀၉-၈၆၃၂၀၃၉**

ငွေရတုမင်္ဂလာဆုတောင်း

ချစ်လှစွာသော ဖေဖေ ဦးကျော်ဝင်း-မေမေ ဒေါ်မိုးစန္ဒာဝင်းတို့၏ ၇-၂-၂၀၁၄ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားသမီး၊ မြေးမြစ်များနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သားသမီးများ - ဒေါက်တာတေဇာဝင်း-မနွေးစန္ဒာထွန်း
ကိုဝင်းလွင်ဖြိုး-မငြိမ်းစန္ဒာကျော်
ချစ်မြေးလေး - ကြယ်စင်ဝန်းခ**

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

လိုင်လီတို့ အမှတ်ပြည့်ယူမယ့် ပြင်သစ်လီဂူးပွဲစဉ်(၂၄)

ပြင်သစ်လီဂူး ပွဲစဉ်(၂၄)ကို ဖေဖော်ဝါရီ ၉ ရက်မှာ ယှဉ်ပြိုင်မှာဖြစ်လို့ ပွဲကောင်းအဖြစ် တန်းစီဇယားတတိယနေရာက လိုင်လီနဲ့ဆိုးချော့တို့ပွဲက စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒါ့အပြင် နန့်တက်စ်နဲ့လိုင်ယွန်တို့ပွဲကလည်း အကြိတ်အနယ်ရှိမှာမို့ ပရိသတ်တွေအတွက်ပွဲကောင်းအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။

လိုင်လီနှင့် ဆိုးချော့

တန်းစီဇယား အောက်ဆုံးက အဆင့် ၁၉ နေရာ ရောက်ရှိနေတဲ့ ဆိုးချော့တို့အတွက်တော့ ဘယ်လောက် တွန်းအားကောင်းသလဲကြည့်ရမှာ ဖြစ်ပါတယ်။ လိုင်လီတို့ကတော့ တန်းစီဇယားတတိယနေရာကို တည်မြဲဖို့အတွက် ဒီပွဲဟာအမှတ်ပြည့်ရယူရေးအတွက် ကြိုးစားပါလိမ့်မယ်။ လိုင်လီဟာ အိမ်ကွင်းမှာ ဂိုးသွင်းခြေစွမ်း မထက်မြက်ပေမယ့် အနိုင်ရအောင် ကစားတတ်တဲ့ လိုင်လီတိုက်စစ်မှူးတွေဟာ အမှတ်ပြည့်ရအောင်စွမ်းဆောင်ရမှာ သေချာပါတယ်။ ဆိုးချော့တို့ကတော့ ပြီးခဲ့သည့် ပွဲစဉ်နိုင်ပွဲရထားလို့ အခုပွဲမှာလည်း နိုင်ပွဲရဖို့အိပ်မက်အကောင်အထည်ဖော်နိုင်ဖို့ မလွယ်ပါဘူး။

နန့်တက်စ်နှင့် လိုင်ယွန်

ဒီပွဲကတော့ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ ပြည့်နှက်နေမယ့်ပွဲပါပဲ။ ပထမအကျော့လိုင်ယွန်ကွင်းမှာ လိုင်ယွန်တို့က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတာမို့ ဒီပွဲဟာ နန့်တက်စ်အတွက်ရင်လေးစရာပွဲစဉ် ဖြစ်နေပါတယ်။ နန့်တက်စ်ဟာ ပွဲစဉ်(၂၃)မှာလည်း ဆိုးချော့ကိုရှုံးထားတာမို့ အိမ်ကွင်းမှာကစားမယ့် အခုပွဲအတွက် လိုင်ယွန်ကို ရှုံးကြွေးပြန်ဆပ်နိုင်ဖို့ ကြိုးစားမှာပါ။ ပုံမှန်ခြေစွမ်းရနေတဲ့ လိုင်ယွန်အတွက်တော့ ခက်ခဲမယ့်ပွဲစဉ်ပါပဲ။

ဘော်ဒိုးနှင့် လိုရီယန့်

ပထမအကျော့ပွဲစဉ်မှာ သုံးဂိုးစီသရေပွဲဖြစ်ထားတာမို့ ဒီပွဲစဉ်မှာတော့ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်ဖို့ အပြိုင်ကြိုးစားကြပါလိမ့်မယ်။ ဘော်ဒိုးတိုက်စစ်မှူးတွေဟာ ဂိုးသွင်းကောင်းသူတွေမဟုတ်ပေမယ့် အနိုင်သေချာအောင် အားထုတ်နိုင်သူတွေဖြစ်ပါတယ်။ လိုရီယန့်ဟာ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် အဝေးကွင်းမှာ ခြေပျက်နေတတ်တာမို့ ဒီပွဲဟာ အိမ်ရှင်ပရိသတ်တွေ ပျော်ရမယ့်ပွဲဖြစ်ပါတယ်။

ဂူအင်ဂမ့်နှင့် ရိမ်းစ်

ရိမ်းစ်တို့အိမ်ကွင်းမှာ ပထမအကျော့ကစားခဲ့စဉ်က တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲစဉ်မှာတော့ အဲဒီရလဒ်တောင်ရဖို့ မလွယ်ပါဘူး။ ဂူအင်ဂမ့်ဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင်ကစားနိုင်တာမို့ ရိမ်းစ်တို့ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ရိမ်းစ်တို့က အဝေးကွင်းရလဒ်ကောင်းအောင် ကစားနိုင်တာမို့ ဒီပွဲမှာလည်း ရလဒ်ပြတ်သားမှုရှိမှာမဟုတ်ဘူးလို့ ယူဆပါတယ်။ ။

မိုးမြင့်လင်းလက်

ကိုပါဒယ်ရေး ရီးရဲဂိုးပြတ်နိုင်

ကိုပါဒယ်ရေးဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ရီးရဲမက်ဒရစ်က အက်သလက်တီကိုမက်ဒရစ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ အိမ်ရှင်ရီးရဲမက်ဒရစ်က ဒဏ်ရာရနေသော ဂါးရက်ဘေးလ်မပါဘဲ ကစားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပီပီက အဓိကခြေစွမ်းပြကစားပြီး ဂိုးသွင်းယူခဲ့သည်။ အက်သလက်တီကိုအသင်းသည် ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့သည်။ တိုက်စစ်မှူး ယေဂိုကော်စတာ ဒုတိယပိုင်းတွင် ကန်သွင်းသောဘောလုံးမှာ လွဲချော်သွားခဲ့သည်။ ကော်စတာသည် လိဂ်ပွဲပေါင်း ၂၂ ပွဲတွင် ဂိုး ၂၀ သွင်းထားသူဖြစ်သည်။ အက်သလက်တီကိုအသင်းကို ဇယားထိပ်ရောက်အောင် အဓိကစွမ်းဆောင်ကစားခဲ့သူဖြစ်သည်။ ရီးရဲမက်ဒရစ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ဗိုလ်လုပွဲတက်ရန် အလားအလာကောင်းသွားပြီဖြစ်သည်။ ဒုတိယအကျော့တွင် ဂိုးပြန်မပေးရန်ကာကွယ်နိုင်ခြင်းဖြင့် ဗိုလ်လုပွဲသို့ အလွယ်တကူတက်ရောက်သွားနိုင်မည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာ ပြည်တွင်းလိဂ်ပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၀			**ဖေဖော်ဝါရီ ၈**
ဂလက်ဘတ်	-	လေဗာကူဆင်	နံနက် ၂း၀၀
ပြင်သစ်လီဂူး ပွဲစဉ် - ၂၄			**ဖေဖော်ဝါရီ ၈**
တူးလော့စ်	-	စိန့်အက်တီယန်	နံနက် ၂း၀၀
စပိန်လာလီဂါ ပွဲစဉ် - ၂၃			**ဖေဖော်ဝါရီ ၈**
အက်စ်ပန်ညို	-	ဂရန်နာဒါ	နံနက် ၂း၃၀

ဇန်နဝါရီ ၆ ရက် ဂိုးရလဒ်များ

ရိုးမား	၃-၂	နာပိုလီ
ပရက်စတန်	၀-၂	နော်တင်ဟမ်
လိုင်ယွန်	၂-၁	ထရိုယက်စ်
ဘာစီလိုနာ	၂-၀	ဆိုစီဒက်

အက်စ်ပန်ညို Vs ဂရန်နာဒါ

လာလီဂါပွဲစဉ် (၂၃) အစောဆုံးပွဲတွင်ခြေရည်တူနှစ်သင်းတွေ့ဆုံမှာဖြစ်ပြီး အိမ်ရှင်အက်စ်ပန်ညိုက ရမှတ် ၂၆ မှတ်နဲ့ အဆင့်၁၀မှာရှိပြီး ဂရန်နာဒါက ရမှတ် ၂၄ မှတ်နဲ့ အဆင့် ၁၄ မှာ ရပ်တည်နေပါတယ်။ နှစ်သင်းစလုံး လာလီဂါနောက်ဆုံးနှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ထားတဲ့အသင်းတွေ ဖြစ်ပါတယ်။ နှစ်သင်းစလုံးက ခံစစ်ပိုင်း ဦးစားပေးတတ်လို့ ခြေရည်တူနှစ်သင်းရဲ့ ပွဲကျပ်ဖြစ်ပြီး အိမ်ရှင်အားသာချက်နဲ့ ကပ်နိုင်ဖို့များလို့ အိမ်ရှင်ပဲ အားပေးလိုက်ပါတယ်။

အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု နောက်ဆုံးငါးပွဲ

၁၅.၉.၂၀၁၃	ဂရန်နာဒါ	၀-၁	အက်စ်ပန်ညို
၂၈.၄.၂၀၁၃	အက်စ်ပန်ညို	၀-၁	ဂရန်နာဒါ
၂.၁၂.၂၀၁၂	ဂရန်နာဒါ	၀-၀	အက်စ်ပန်ညို
၁.၅.၂၀၁၂	ဂရန်နာဒါ	၂-၁	အက်စ်ပန်ညို
၂၁.၁.၂၀၁၂	အက်စ်ပန်ညို	၃-၀	ဂရန်နာဒါ

အက်စ်ပန်ညို နောက်ဆုံးအိမ်ကွင်းငါးပွဲရလဒ်			ဂရန်နာဒါ နောက်ဆုံးအဝေးကွင်းငါးပွဲရလဒ်		
အက်စ်ပန်ညို	၁-၀	ဆယ်လ်တာဗီဂို	ရီးရဲမက်ဒရစ်	၂-၀	ဂရန်နာဒါ
အက်စ်ပန်ညို	၀-၁	ရီးရဲမက်ဒရစ်	အယ်လ်မာရီးယား	၃-၀	ဂရန်နာဒါ
အက်စ်ပန်ညို	၄-၂	ဗယ်လာဒိုလစ်	ဗယ်လက်ကာနို	၀-၂	ဂရန်နာဒါ
အက်စ်ပန်ညို	၁-၂	ဆိုစီဒက်	ဘာစီလိုနာ	၄-၀	ဂရန်နာဒါ
အက်စ်ပန်ညို	၁-၃	ဆီဗီလာ	လီဗန်တေး	၀-၁	ဂရန်နာဒါ

MYAWADDY BANK LIMITED

မြဝတီဘဏ်လီမိတက် ၏
မန္တလေး-ဈေးချို ဘဏ်ခွဲ ကို
မန္တလေးမြို့ တွင်
၆. ၂. ၂၀၁၄ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါသောကြောင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်

ဆက်သွယ်ရန်လိပ်စာ
မြဝတီဘဏ်လီမိတက်(မန္တလေး-ဈေးချို)
အခန်း (T-8, T-9)၊ မန်းမြန်မာပလာဇာ-ပထမထပ်
၈၄X၈၅ ကြား၊ (၂၈)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - (၀၂) ၄၀၀၀၀၆၁ ~ ၃
ဖက်(စ်) - (၀၂) ၄၀၀၀၀၅၉၊ ၄၀၀၀၀၆၀

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၉။ (၁၁)ရပ်ကွက် မေတ္တာလမ်းတွင် ခရီးသည်တင်ယာဉ်လိုင်းများ ယခင်က ပြေးဆွဲခဲ့ပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် ရပ်ဆိုင်းလိုက်၍ ခရီးသွားလာရေးအဆင်မပြေပါ။ ၎င်းလမ်းတွင် ခရီးသည်လိုင်းများ ပြေးဆွဲရန် မေးမြန်းချက်နှင့် ပတ်သက်၍ တောင်ဥက္ကလာ(၁၁)ရပ်ကွက် မေတ္တာလမ်းတွင် ယခင်က ချက်ပလက်(၃၁)အစိမ်းယာဉ်များ ပြေးဆွဲခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအခါတွင် ခရီးသည်တင်ယာဉ်များ ပြေးဆွဲမှုမရှိကြောင်း သိရှိရပါသည်။ ၎င်းလမ်းနှင့် ဆက်စပ်လျက်ဖြစ်သော ဝေဇယန္တာလမ်း၌ ဂန္ဓမာလမ်းနှင့် သစ္စာလမ်းအတွင်း လေထောင့်ကန်လမ်းဆုံနှင့် သံသုမာလမ်းဆုံအတွင်း၌သာ ခရီးသည်တင်ယာဉ်အချို့ပြေးဆွဲမှုရှိပါသည်။ မေတ္တာလမ်း၌ရှိသော ပြည်သူလူထုများ၏ လိုအပ်ချက်နှင့် ခရီးသည်ရရှိမှုအနေအထားတို့အရ ခရီးသည်တင်ယာဉ်ပိုင်ရှင်များက တင်ပြလာမှုရှိပါက ညှိနှိုင်း၍ ပြေးဆွဲနိုင်ရေးအတွက် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၀။ တောင်ဥက္ကလာပမြို့နယ်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ကညနမြင်သာလိုင်စင်ရုံးသည် တိုးတက်များပြားလာသည့် ယာဉ်စီးရေအရ ရုံးဝင်းတစ်ခုလုံး ယာဉ်များ ပြည့်နှက်နေပါသည်။ သံသုမာလမ်းပေါ်တွင် ယာဉ်သွားမရအောင် ရှုပ်ထွေးပြီး ယာဉ်တိုက်မှု မကြာခဏဖြစ်ပေါ်ပြီး လူအသေအပျောက်ရှိပါသည်။ သက်ဆိုင်ရာသို့ တင်ပြထားသော်လည်း လျှပ်စစ်မီးပွိုင့်တပ်ဆင်ခြင်းမရှိပါ။ ကညနရုံးယာဉ်စီးရေ လျှော့ချနိုင်ရေး မည်သို့ဆောင်ရွက်ပေးနိုင်ပါမည်နည်း။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်အန္တရာယ်ပပျောက်စေရေးအတွက် ယခုအဖွဲ့မှမည်သို့ ပံ့ပိုးကူညီဆောင်ရွက်ပါမည်လဲ။ ရတနာလမ်းနှင့် သံသုမာလမ်းဆုံ၊ သစ္စာလမ်းနှင့် သံသုမာလမ်းဆုံများတွင် မီးပွိုင့်တပ်ဆင်ပေးစေလိုပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မြင်သာ)ရုံးဝင်းအတွင်း တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးနှင့် မော်တော်ယာဉ် ကနဦးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်တို့မှ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ မြင်သာရုံးဝင်းအတွင်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးသည် ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်စီးရေအများဆုံးဖြစ်သဖြင့် လုပ်ငန်းပမာဏများပြားခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့်(၅-၉-၂၀၁၁) နေ့တွင် ယာဉ်စီးရေအများဆုံးမြို့နယ်များဖြစ်သော ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်မှ မော်တော်ယာဉ်များအား ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး အင်းစိန်သို့ ပြောင်းရွှေ့စေခဲ့ပါသဖြင့် ယာဉ်စီးရေ ၂၆၁၈၄ စီးလျော့နည်းသွားအောင် ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း (၁၉-၉-၂၀၁၁) ရက်နေ့တွင် ယာဉ်အိုယာဉ်ဟောင်း အစားထိုးတင်သွင်းချက် စီမံချက်အရ မော်တော်ယာဉ်ကနဦး လုပ်ငန်းမျာဆောင်ရွက်ရသဖြင့် ရုံးဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ၊ လုပ်ငန်းကြန့်ကြာမှုများ ထပ်မံပေါ်ပေါက်လာသဖြင့် ၃-၁၂-၂၀၁၂ နေ့တွင် နှစ်တန်နှင့်အထက် မော်တော်ယာဉ်ကြီးများ၊ ၁၇ ဦးအထက် ခရီးသည်တင် ဘတ်စ်ကားများကို တိုင်းဒေသကြီးရုံးခွဲ ရွာသာကြီးသို့ ပြောင်းရွှေ့ပြီး လုပ်ငန်းဆောင်ရွက်စေခဲ့ပါသည်။ ထို့အပြင် (AA, BB, CC) ရာသက်ပန် Taxi များ၏ ကနဦးမော်တော်ယာဉ်လုပ်ငန်းများအားလည်း (၄-၂-၂၀၁၃) နေ့တွင် တိုင်းဒေသကြီးရုံးခွဲ ရွာသာကြီးသို့ ထပ်မံပြောင်းရွှေ့ပြီး လုပ်ငန်းများဆောင်ရွက်စေခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြင်သာရုံးဝင်းအတွင်း နှစ်တန်နှင့်အောက် ကိုယ်ပိုင်ယာဉ်ငယ်များသာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ယခုလက်ရှိအခြေအနေတွင် ယခင်ကထက် ယာဉ်စီးရေ လျှော့ချနိုင်ပြီဖြစ်ပြီး ရုံးဝန်ထမ်း၊ လုံခြုံရေးအဖွဲ့ဝင်များနှင့်လည်း ယာဉ်ကြောပိတ်ဆို့သည့် အချိန်တွင် အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းနေပါကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ မြို့တော်ရန်ကုန်အတွင်း ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ မကြာခဏ ကျင်းပပြုလုပ်ခဲ့သော်လည်း ယနေ့အထိ ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့မှုအား တစ်စိတ်တစ်ဒေသပင် ဖြေရှင်းပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်အတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီစဉ်ဆောင်ရွက်မှုတွင် ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရေးအတွက် စဉ်းစားဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ခုံးကျော်တံတားသုံးစင်းဖြစ်သော လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင်ခုံးကျော်တံတားနှင့် ရွှေဂုံတိုင်ခုံးကျော်တံတားများ တည်ဆောက်ခြင်းမှာလည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းမှုတစ်ခုဖြစ်ပါသည်။ ယခုအခါ သတ်မှတ်လမ်းကြောင်းများ၌ စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုများရှင်းလင်းခြင်းသည်လည်း လမ်း၏စွမ်းအားအပြည့် အသုံးချနိုင်ရန် ဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းခြင်းဖြစ်ပါသည်။ ထို့အတူ ပြည်တွင်း ပြည်ပပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများသည်လည်း ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းနိုင်ရန် ကြိုးပမ်းမှုတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းနိုင်ရန်အတွက် လုပ်ငန်းကဏ္ဍပေါင်းကိုးမျိုးခန့်ကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှလည်းဖော်ပြခဲ့ပါသည်။ ခေတ်မီနည်းပညာအကူအညီများဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပါသဖြင့် အကောင်အထည်ဖော်ရန် အချိန်ကာလတစ်ခု လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၂။ ဆင်ခြေဖုံးဒေသများ၌ ပြေးဆွဲလျက်ရှိသော BM ယာဉ်များ၊ ဒိုင်နာယာဉ်များ စသည်တို့သည် မကြာခဏ ယာဉ်တိုက်မှုဖြစ်ခြင်း၊ တိမ်းမှောက်မှုဖြစ်ခြင်းများကြောင့် ၎င်းယာဉ်များအစား အခြား လူစီးခရီးသည်တင်ယာဉ်များ အစားထိုး ပြေးဆွဲပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ ခရီးသည်တင် ပြေးဆွဲလျက်ရှိသော BM ယာဉ်များ၊ ဒိုင်နာယာဉ်များသည် ယာဉ်အိုယာဉ်ဟောင်း အပ်နှံရန် သတ်မှတ်အကွာရာအတွင်းဖြစ်လျှင်လည်းကောင်း၊ ယာဉ်ကြံ့ခိုင်မှုလျော့နည်းမှုကြောင့် အပ်နှံလိုပါက မည်သည့်အကွာရာမဆို မထသ(ဗဟို) ထောက်ခံချက်ဖြင့် လည်းကောင်း၊ ယာဉ်အိုယာဉ်ဟောင်းအဖြစ် အပ်နှံခွင့်ရရှိကြပါသည်။ အစားထိုး တင်သွင်းမှုနှင့် ပတ်သက်၍ BM ယာဉ်များ အပ်နှံပါက City Bus ယာဉ်များ အစားထိုးတင်သွင်းခွင့်နှင့် ဒိုင်နာယာဉ်များအပ်နှံပါက Mini Bus (သို့မဟုတ်) Buss ယာဉ်များ အစားထိုးတင်သွင်းခွင့် ပြုထားပါသည်။ BM ယာဉ်များ၊ ဒိုင်နာယာဉ်များ၏အစား မထသ(ဗဟို)အနေဖြင့် အခြားလူစီးခရီးသည်တင်ယာဉ်များနှင့် အစားထိုးပြေးဆွဲပေးရန်မဖြစ်နိုင်ပါ။ ယာဉ်ပိုင်ရှင်များ၏ အပ်နှံခြင်း၊ အစားထိုးတင်သွင်းခြင်း၊ ပြေးဆွဲခြင်းများ ပြုလုပ်မှသာ အခြားသော ခရီးသည်တင်ယာဉ်များဖြင့် အစားထိုးပြေးဆွဲနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲ

မိုးကုတ် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံကြက်ခြေနီအသင်း လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်ဖြင့် မိုးကုတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်ကျင်းပသည့် ကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲနှင့် ဆေးအိတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက မိုးကုတ်မြို့ ခုတင် (၁၀၀)ဆေးရုံရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာ တိုးတိုးတို့က အမှာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက ကျန်းမာရေးလုပ်သား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းသားများအတွက် အထောက်အကူပြု ဆေးအိတ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးနှင့် ဆေးရုံဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး အဆိုပါသင်တန်းတွင် မိုးကုတ်မြို့နှင့် အလှမ်းဝေးသော ကျေးရွာ ၂၀ မှ သင်တန်းသား ၃၁ ဦးကို တစ်လကြာ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

• • • • • • • • •

အရန်မီးသတ် မွမ်းမံသင်တန်းဆင်း

မန္တလေး ဖေဖော်ဝါရီ ၆

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၄/၂၀၁၃) ဆင်းပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းထူးချွန်ဆု၊ သင်တန်းဆင်းလက်မှတ်နှင့် နိုင်ငံတော်မှပေးသော မီးသတ်ဝတ်စုံများကို သင်တန်းသားများသို့ ပေးအပ်ခဲ့သည်။

(၀၂၆)

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်း အမှတ် (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် ၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ တစ်နှစ်ရောင်းချခွင့်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

တင်ဒါပိတ်ရက် - ၂၁-၂-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀ နာရီ

ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ တမူးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင်ရောင်းချမည် ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၁၁-၂-၂၀၁၄ ရက် (အင်္ဂါနေ့)

(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၀၉း၃၀ နာရီ

(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - တမူးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနရုံး

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက တမူးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနရုံး ဖုန်း-၀၇၃-၄၀၀၀၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၂၅ မြေညီ(ခေါင်းရင်းခန်း)ထောင့်ခန်း၊ အကျယ်ပေ(၁၀×၄၀)ရှိ တိုက်ခန်းအား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဖြစ်သော ဒေါ်သူဇာဝင်း ၁၄/ဘကလ(နိုင်)၁၈၉၆၇၇ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ နန်းဟိန်းခမ်း(ခ)ဆိုင်ကျောက် ၁၃/တကန(နိုင်)၁၄၈၁၆၉က လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ယူဆောင်ကာ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B, D.B.L (စဉ်-၇၆၅၂)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၂၊ စံပယ်လမ်း၊ (၂)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးဝင်းထွန်း **နှင့်** ၁။ ဦးညွန့်ဝင်း
၂။ ဒေါ်မာမြင့်

တရားလို **တရားပြိုင်များ**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စု၊ နန်းသြကျေးရွာနေ ဦးညွန့်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းထွန်းက ချေးငွေ ၃၃၀၀၀၀၀ိ/-(ကျပ်သုံးဆယ့်သုံးသိန်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝတ်မှုန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပုဗ္ဗသီရိမြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၂-၂၀၁၂ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(ခ)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ (၁)ဦးမြသူ+၆၏ မြေပုံကူးတွင် မြေကွက်အမှတ် ၉၈၉ အစား ၉၈၉/ခ နှင့် အိမ်အမှတ် ၉၈၉ အစား (၉၈၉/ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုးညှင်းတောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးချေးငွေပေးအပ်

မိုးညှင်း ဖေဖော်ဝါရီ ၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် တောင်သူများ ဆောင်းသီးနှံစိုက်ပျိုးနေကြသည့် စိုက်ခင်းလုပ်ငန်းခွင်များကို ယနေ့အားရဖွယ် မြင်တွေ့ရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် အထောက်အပံ့ရရှိစေရန် မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစု ပူးပေါင်း၍ လယ်ယာစိုက်ပျိုးရေး အခြေခံသမဝါယမအသင်း ၂၀ရှိ အသင်းသား၄၀၀ အား ဇန်နဝါရီ ၃၁ ရက်က ဆောင်းသီးနှံစိုက်ပျိုးရေး ပံ့ပိုးချေးငွေ ပေးအပ်ခဲ့သဖြင့် တောင်သူမိသားစုများ ဝမ်းသာလျက်ရှိသည်။

ဆောင်းသီးနှံစိုက်ပျိုးရေးပံ့ပိုးချေး ငွေပေးအပ်ခဲ့သည့်ငွေမှာ ကျပ်သိန်းလေးရာ ငါးသောင်းခြောက်ထောင်ဖြစ် ကြောင်း သိရသည်။

(ဝဇ၃)

ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ကျိုက်လတ် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ထင်းကွင်းကျေးရွာ၌ ပြည်သူများကျေးရွာအတွင်း သွားလာမှုလွယ်ကူစေရေးအတွက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် နှစ် (၁၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အဆိုပါလမ်းဖွင့်ပွဲကို ထင်းကွင်းကျေးရွာ သာသနာ့နယ်ပူပဒေသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပရမနှင့် ကော်မတီအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား လမ်းတစ်လျှောက် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ကျေးရွာအတွင်းရှိ ပြည်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များက လှူဒါန်းကြသည်။ ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုး လမ်းဖြစ်မြောက်စေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ဦးဆောင်ကာ ယင်းကျေးရွာမှ ဇာတိနွယ်ဖွားအလှူရှင်များနှင့် ကျေးရွာအတွင်းရှိ ပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ် ၁၃၇၆၀၀၀၀ ဖြင့် လမ်းအရှည်ပေ ၁၂၀၀ နှင့် အကျယ် ၁၂ပေရှိ လမ်းမကြီးနှင့်တကွ ရွာလယ်တံတားကြီးအား ပြုပြင်မွမ်းမံခြင်းဖြစ်သည်ဟု သိရသည်။ **စိုးမိုးအောင်**

၁၃၇၅ ခုနှစ် ကောင်းမှုလုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပနိုင်ရေးစည်းဝေး

ပူတာအို ဖေဖော်ဝါရီ ၆

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် တည်ထားကိုးကွယ်သည့် ကောင်းမှုလုံစေတီတော်မြတ်ကြီး၏ ၁၃၇၅ ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပနိုင်ရန်အတွက် ဆပ်ကော်မတီများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့တောင်တန်းသာသနာပြု(ဗဟို)ကျောင်းဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ပူတာအိုမြို့တောင်တန်းသာသနာပြု(ဗဟိုကျောင်းတိုက်ဆရာတော် ဦးဝိစာရညာဏက ၁၃၇၅ ခုနှစ် ကောင်းမှုလုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များကကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ဆပ်ကော်မတီများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန်မိန့်ကြားတော်မူပြီး ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မချမ်းဘောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ အောင်မြင်ပြီးမြောက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များတင်ပြကြရန် ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီများက ယခင်နှစ်ကုန်ကျသည့် အသုံးစရိတ်ရန်ပုံငွေများကို ရှင်းလင်းတင်ပြကြပြီး ယခုနှစ်ပွဲတော်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် သုံးစွဲရမည့် ခန့်မှန်းကုန်ကျစရိတ်များနှင့် လုပ်ငန်းလိုအပ်ချက်များ တင်ပြပြောကြားသည်။

ကောင်းမှု လုံစေတီတော်မြတ်ကြီး၏ ၁၃၇၅ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၃ရက်မှ လပြည့်ကျော် ၁ ရက်(ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်)အထိ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ ဒေသရိုးရာ ထမနဲ၊ လှေ၊ မြင်းပြိုင်ပွဲ၊ မလိခမြစ်အတွင်း ရှင်ဥပဂုတ္တဖောင်တော်နှင့် ကြာဆီမီးခွက် ၁၀၀၀ ရေမျှောပူဇော်ခြင်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

သတင်းတိုများ

မိုင်းပျဉ်းနှင့်မိုင်းဖြတ်မြို့နယ်များတွင် ခေါင်းဆောင်မှုပညာနှင့် စီမံခန့်ခွဲမှုပညာရပ်သင်တန်းဖွင့်

ခေါင်းဆောင်မှုပညာနှင့် စီမံခန့်ခွဲမှုပညာသင်တန်းကို မိုင်းပျဉ်းနှင့် မိုင်းဖြတ်မြို့နယ်များတွင် ဆက်လက်ဖွင့်လှစ်သွားရန်ရှိကြောင်း သိရသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် ပါလှံ့ရပ်ရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအား ကိုယ်ရည်ကိုယ်သွေး မြင့်မားတိုးတက်မှုရရှိလာစေရေးနှင့် လုပ်ငန်းများ အောင်မြင်စွာဖြင့် ပိုမိုဆောင်ရွက်နိုင်စေရန်ရည်ရွယ်ချက်များဖြင့် ခေါင်းဆောင်မှုပညာနှင့် စီမံခန့်ခွဲမှုသင်တန်းကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိနေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ သင်တန်းတွင် ကျိုင်းတုံမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာ မင်းအောင်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးဌာနမှူး ဒေါ်သက်နွယ်ဦးတို့က သင်တန်းနည်းပြများအဖြစ် တာဝန်ယူခဲ့ကြပြီး သင်တန်းသား ၇၀ တက်ရောက်ခဲ့ကြသည်။ **နိုင်နိုင်အောင်ဝေ**

ချက်ကြံသီးနှံ သိပ္ပံနည်းကျ အထွက်တိုးစိုက်နည်းစနစ် ရိတ်သိမ်းခြင်းသရုပ်ပြ

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ၂၀၁၃-၂၀၁၄ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ချက်ကြံသီးနှံ သိပ္ပံနည်းကျ အထွက်တိုးစိုက်နည်းစနစ် ရိတ်သိမ်းခြင်းသရုပ်ပြပွဲကို အလည်ချောင်ကျေးရွာအုပ်စု တောယားကျေးရွာ ကြံသီးနှံစိုက်ခင်း ကွင်းအမှတ်(၁၅၃) တောင်သူဦးစိုးမြင့်အောင်၏ ကြံစိုက်ခင်းတွင် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။ သရုပ်ပြပွဲတွင်မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်က သိပ္ပံနည်းကျ အထွက်တိုးစိုက်နည်းစနစ် နည်းပညာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများ၏ မေးမြန်းချက်များကို ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ နိုင်ငံခြားအထွက်ကောင်းမျိုး ချက်ကြံသီးနှံကို ခုနစ်ဧက စိုက်ပျိုးထားရှိခဲ့ပြီး တစ်ဧကပန်းတိုင်အထွက်နှုန်း၅၄တန်ထွက်ရှိခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ယာဉ်မတော်တဆမှုများ မဖြစ်ပွားရေး အရှိန်ထိန်းမျဉ်းဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ လမ်းဆုံလမ်းခွများ၊ ဈေးများနှင့် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းတို့၏ ရှေ့တွင် ယာဉ်မတော်တဆမှုများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)မှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဆောင်သောအဖွဲ့က ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီတွင် အရှိန်ထိန်းမျဉ်းဖြူများကို ခေတ်မီစက်ယန္တရားဖြင့် ရေးဆွဲဆောင်ရွက်နေကြောင်း သိရသည်။ **ကိုပေါက်**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
စည်ပင်သာယာရေးဝန်ကြီးဌာန
ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့

လေလံကြော်ငြာ

ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် ၄၆ ခုအား ၁၀-၂-၂၀၁၄ ရက် နံနက် ၉း၃၀နာရီတွင် အဖွဲ့ရုံးခန်းမ၌ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချသွားမည်ဖြစ်ပါသည်။ ယှဉ်ပြိုင်ဆွဲဝယ်လိုသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူမဆို သတ်မှတ်ထားသော လျှောက်လွှာပုံစံနှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းရယူနိုင်ပြီး ပြည့်စုံစွာဖြည့်စွက်၍ ၈-၂-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသည်များအား ရုံးဖုန်း-၀၆၈-၅၀၁၆၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
မြို့နယ်ကံမစည်ပင်သာယာရေးအဖွဲ့၊ ကံမမြို့

အမည်ပြောင်း

ဦးဝင်းဇော်၏သား ဇေယျာသီရိမြို့နယ် အထက(၂) နေပြည်တော် စတုတ္ထတန်း(ခ)မှ မောင်ဇင်မင်းမော်အား မောင်စိုပြေလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုပြေလွင်

သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ ခုံသာကျေးရွာအုပ်စု၊ ခေတ္တ ၅၆ မိုင်ကျေးရွာနေ ဦးကျော်အေး (ဘ) ဦးထွန်းပြည့် ၅/ကလထ(နိုင်)၀၁၃၉၂၉၏ သားသမီးများအနက် အငယ်ဆုံးသားဖြစ်သူ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊ နယ်မြေ(၂)နေ ဦးဖိုးထူး(ခ)ဦးအောင်ထူး ၅/ကလထ(နိုင်)၀၁၃၅၁၁သည် အသက်(၈၄)နှစ်အရွယ်ရှိ ဖခင်ကြီးဖြစ်သူကျွန်တော် ဦးကျော်အေးကို ရန်သူသဖွယ်ပြုမူခြင်း၊ ရိုင်းပျစွာပြောဆိုဆက်ဆံခြင်း၊ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်း၊ လိမ်လည်ပြောဆိုခြင်းများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ၄-၂-၂၀၁၄ ရက်မှစ၍ ၎င်းကို အမွေစားအမွေခံထိုက်သူမဟုတ်သော သွာနုတ္တသားအဖြစ် သတ်မှတ်လိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်အေး
၅/ကလထ(နိုင်)၀၁၃၉၂၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
လေလံကြော်ငြာ

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အသုံးမလိုတော့သည့် သံတိုသံစများ၊ မိတ္တူကူးစက်ဟောင်းများ၊ လေအေးပေးစက်ဟောင်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအဟောင်းများ၊ စက်ဘီး၊ ဆိုက်ကားကိုယ်ထည်ပစ္စည်းများနှင့် အသုံးမလိုပိုလျှံပစ္စည်းဟောင်းများ စသည်တို့အား လေလံတင်ရောင်းချခြင်းကို ၂၇-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၆-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာနအဆောက်အအုံသို့ဖြစ်စေ ဖုန်း-၂၄၉၅၂၅၊ ၃၇၄၀၇၇၊ ၃၇၉၆၁၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ ဓာတုဗေဒအဓိက ခုံအမှတ်-၃ဓ-၅၂ ဖြင့် အောင်မြင်ခဲ့သော မခင်ခင်လတ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခင်မောင်မြင့်(ခ)ခါလစ် TNM-၀၃၇၂၆၄ ဖြစ်ပါကြောင်း။

ဦးခင်မောင်မြင့်(ခ)ခါလစ်

အမည်ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အလက(၁)ဒဂုံကျောင်း Grade 4(F)တွင် ပညာသင်ကြားနေသော ဦးဇင်မျိုးနိုင်-ဒေါ်ဝင်းမာဦး တို့၏ သမီး မဆုမြတ်နိုးအား မဆုလင်းလက်နိုင်ဟုလည်းကောင်း၊ Grade 2(B)တွင် ပညာသင်ကြားနေသော သား မောင်အောင်ခန့်နိုင်အား မောင်အောင်ခန့်ကျော်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

မဆုလင်းလက်နိုင်၊ မောင်အောင်ခန့်ကျော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လေကြောင်းပိုင် မိုလ်တထောင်မြို့နယ်၊ (၄၅)လမ်းရှိ အမှတ်(၄၉/၅၁) အဆောက်အအုံအားဖျက်သိမ်းပြီး အခန်းပေးအခန်းယူ အကျိုးတူစနစ်ဖြင့် အဆင့်မြင့်အိမ်ရာ နှစ်ခန်းတွဲ ရှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံများကို အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အုပ်ချုပ်ရေးဌာနတွင် ၇-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၁-၂-၂၀၁၄ရက်မှ ၁၆း၀၀နာရီ နောက်ဆုံးထားပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖခင် အမည်မှန်

မိတ္ထီလာမြို့၊ စီးပွားရေးတက္ကသိုလ် ပထမနှစ်မှ မသွယ်သွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်း ၉/ပသက(နိုင်)၁၁၆၆၉၆ ဖြစ်ပါကြောင်း။

ဦးသန်း

သွာနုတ္တသမီးအဖြစ်
အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး ပွင့်သဇင်ကျော်(မေဆွိ) ၁၂/မရက(နိုင်)၀၈၉၉၇၇ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုး ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် -ဒေါ်ခင်အေးဝင်း
၁၂/ဥကမ(နိုင်)၀၈၉၉၇၇

သတင်းတို

တပ်ကုန်းစာရေးဆရာ အသင်းစည်းဝေး

နေပြည်တော် တပ်ကုန်းမြို့နယ် စာရေးဆရာအသင်း၏ နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို မြတ်ဘုန်းစာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အသင်းဝင်များစုံညီစွာ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆုရ မြတ်ဘုန်း(တပ်ကုန်း)အား မြို့နယ်စာရေးဆရာအသင်းက ထပ်ဆင့်ချီးမြှင့်ခြင်း၊ စာပေဆုနှင်းပွဲနှင့်စာပေဟောပြောပွဲရှင်းတမ်းတို့ကိုဖတ်ကြားပြီး ပွင့်လင်းရာသီတွင် ကျေးရွာစာကြည့်တိုက်များအရောက် မြို့နယ်စာရေး ဆရာအသင်းက စာပေဟောပြောသွားမည်ဖြစ်ကြောင်း နာယကဆွေဦးက ပြောကြားသည်။

(မြို့နယ်စာရေးဆရာအသင်း)

ရိဒ်ခေါဒါရ်မြို့နယ်ခွဲ လူဦးရေအသိပညာပေး

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့နယ်ခွဲတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် အထက ရိဒ်ခေါဒါရ်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ ချင်းပြည်နယ် ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင် သန်းခေါင်စာရင်းဆိုင်ရာ လုပ်ငန်းများရရှိလာမည့် အကျိုးကျေးဇူးများ၊ မေးခွန်းပုံစံပါ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြည်နယ်ဦးစီးဌာနမှူးနှင့် မြို့နယ်ခွဲဦးစီးဌာနမှူးတို့က အသေးစိတ်ရှင်းလင်း ပြောကြားပြီး အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ကောင်းနန္ဒာကျော်

ကလေးဝမြို့ ရေပေးဝေရေးလုပ်ငန်းကြောင့် ပြည်သူများအဆင်ပြေ

ကလေး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးဝမြို့သည် အိမ်ခြေအားဖြင့် ၁၅၀၀ ဝန်းကျင်ခန့်ရှိမည်ဖြစ်ပြီး လူဦးရေအားဖြင့် ၅၀၀၀ ကျော်ခန့်နေထိုင်သောမြို့ဖြစ်ကာ ချင်းတွင်းမြစ်၏ ဒုတိယအကြီးဆုံးဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။

"ကလေးဝပြည်သူတို့ သောက်သုံးရေကို ရေတိုင်ဖြင့်အိမ်တိုင်ရာရောက် အသုံးပြုနိုင်စေရေးအတွက် မြို့မိ မြို့ဖများကဦးဆောင်၍ ဂျပန်နိုင်ငံ အိုဆာကာမြို့မှ သီလရှင်ဂိုဏ်းအုပ် ဆရာကြီး ချီကိုကိုမတ်ဆု၏ မတည်လှူဒါန်းငွေ ငွေ ၂၄၅၀၀၀၀ဖြင့် ၁၉၉၅ ခုနှစ်တွင် ရေဂါလန်၅၀၀၀၀ဆံ့ ရေကန်တည်ဆောက်ပြီး ၂၈ ကောင် အင်ဂျင်စက်ဖြင့် စတင်၍ ရေပေးဝေခဲ့တယ်။ နောက်တော့ တိုးတက်လာတဲ့ အိမ်ထောင်စုတွေရယ်၊ ရေတိုင်ယူချင်လာတဲ့ သူတွေများလာတာကြောင့် မြို့မိ မြို့ဖနှင့်စည်ပင်တို့ တိုင်ပင်ပြီး တာဝန်ရှိသူတွေကို တင်ပြတဲ့အခါ အလှူခံရရှိငွေကျပ် ၂၇ သိန်းဖြင့် ရေပေးဝေသည့် မူလမိန်းပိုက် လေးလက်မအစားခြောက်လက်မပိုက်ဖြင့် တပ်ဆင်ပေးခဲ့ပါတယ်။ အမှတ် (၃) ရပ်ကွက်တွင် ကျင်းတူး၍ ရေခပ်ယူနေရသော ရေတိုင်ရှင်များ အဆင်ပြေစေရေးအတွက် သုံးလက်မပိုက်လိုင်း ပြောင်းတပ်ပေးခဲ့ပါတယ်။ ဆေးရုံ၊ ရဲစခန်းတို့ကို ရေပေးဝေနိုင်ခဲ့ပြီး ရေတိုင် ၄၀၀ ကျော်ရှိရာမှ ယခု ရေတိုင်ပေါင်း ၉၂၀ တိုင်ကို နေ့စဉ် ရေဂါလန် နှစ် သိန်းကျော်ဖြင့် ဖြန့်ဝေပေးလျက်ရှိပါတယ်"ဟု မြို့မိမြို့ဖ ဦးချစ်သန်းက ပြောပြသည်။

ကလေးဝမြို့ ရေပေးဝေရေး လုပ်ငန်းအနေဖြင့် ရေတိုင်တစ်တိုင်ကို တစ်လငွေကျပ် ၃၀၀၀၊ လုပ်ငန်းသုံးဖြစ်ပါက တစ်လငွေကျပ် ၆၀၀၀ ဖြင့် ရေပေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သျှင်နေမင်း

ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၆

(၁၁)ကြိမ်မြောက် ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အထက(၁) ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။ ထို့နောက် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၃၈ ဦးတို့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်၊ မြို့နယ်ပညာရေးမှူးဒေါ်နော်ချစ်မေ၊ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနု၊ ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ သူရဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကြိုတ်ပုတီးရေပိုလွှဲဆည် တောင်တွင်းကြီး၌တည်ဆောက် နွေမိုးဆောင်းအချိန်မရွေးသီးနှံမျိုးစုံစိုက်ပျိုးနိုင်တော့မည်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ ၉၃၅ ဒသမ ၁၃၈ သိန်းမှ တောင်တွင်းကြီးမြို့နယ် ပန်းတောငယ်ကျေးရွာအုပ်စု ကွင်း အမှတ်-၂၀၁၈ စစ်ပင်မြောင်းပေါ်ရှိ ကြိုတ်ပုတီးရေပိုလွှဲဆည် တည်ဆောက်ရေး ခွဲဝေချထားပေးသည့် ငွေကျပ်သိန်း ၆၀ ဖြင့် မတည်၍ ဒေသခံတောင်သူများထည့်ဝင်ငွေများဖြင့် ဇန်နဝါရီ ၂၉ ရက်က စတင်တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ အုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဆင့်၊ ရပ်/ကျေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဆန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဆည်ကော်မတီဝင်များ၊ ဒေသခံ တောင်သူများနှင့်တွေ့ဆုံခဲ့ပြီး ရေပိုလွှဲဆည် သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဒေသခံတောင်သူများကပါ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယခုလို အရှည်ပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၁ ပေရှိ ရေပိုလွှဲဆည် တည်ဆောက်ပေးသဖြင့် ပန်းတောငယ်၊ ပန်းတောကြီး၊ ကြီးအင်းကုန်း၊ ပျဉ်းမ၊ ပုဂံကုန်းကျေးရွာတို့မှ တောင်သူများ၏ လယ်ဧက ၈၀၀ ကျော်တို့၏ လယ်ယာမြေများ နွေ၊ မိုး၊ ဆောင်းအချိန်မရွေး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်တော့မည့်အပြင် ပိုလျှံရေဖြင့် ကန်သုံးဆင့်ကန်ကြီးအတွင်း ရေများသိုလှောင်ပြီး ကျွဲခတ်ကန်ကျေးရွာမှ တောင်သူများပါ နွေစပါး၊ မိုးစပါးအပါအဝင် အချိန်ရာသီမရွေး သီးထပ်သီးညှပ်များ အောင်မြင်စွာ စိုက်ပျိုးနိုင်တော့မည်ဖြစ်သဖြင့် ဒေသခံတောင်သူအများစုက ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း ပုဂံကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောပြ၍ သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေများပေးအပ်

ညောင်ရွှေ ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းခန်းမ၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားကာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညောင်ရွှေမဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်နှင့်အဖွဲ့၊ အတွင်းရေးမှူး မဲဆန္ဒနယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်းတို့က မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေပေးအပ်ခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းကြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၃ ခု၌ လမ်းတံတားများ သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုကော်မတီများထံသို့ ပေးအပ်ကြောင်း သိရသည်။

မြတ်သူ(iprd)

(Open Tender)
[illegible]
Transmission
[illegible]
294152 , 291994

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နေ ဦးမြင့်သိန်း-ဒေါ်လှမြိုင်တို့၏သားငယ်

ဗိုလ်ကြီးဇာနည်မောင် B.Sc(Maths) (D.S.A)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နေ
ဦးစိုးဝင်း (Chief Accountant Asia Energy Co.,Ltd)-ဒေါ်အေးကြူ
(ကျောင်းအုပ်ဆရာမကြီး အမက သပြေပင်)တို့၏ တစ်ဦးတည်းသောသမီး

မသန္တာစိုး B.Sc(Hons:), M.Sc(Maths)

(နှင်းအိမ်သူ အမျိုးသမီးဘော်ဒါဆောင်)

တို့သည် ၆-၂-၂၀၁၄ ရက်တွင် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ တရားဝင်ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးဇာနည်မောင်-မသန္တာစိုး

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းများအသင်း၏ ဆဌမအကြိမ်မြောက် နှစ်ပတ်လည် အသင်းအစည်းအဝေးနှင့် အမှုဆောင်အသစ်ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဟိုတယ်ဇုန် ၁၁ ဇုန်မှ ဗဟိုအလုပ်အမှုဆောင်များအားလုံး ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၇-၂-၂၀၁၄ ရက် (တနင်္လာနေ့)
အချိန် - ၁၅:၀၀နာရီတိတိ
နေရာ - Dolphin Restaurant
နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊
ဗဟန်းမြို့နယ်၊

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

နေပြည်တော်မှာ

ဦးလှိုင်ဘွား (**Former Gazetted Officer**)လဝက/ကာကွယ်ရေး/ ပြန်ကြားရေး ရှိတယ် ဦးစီးအရာရှိသင်တန်းများ

J.H.A ရာထူးဝင်သင်တန်းများ ဖုန်း-၀၉-၄၉၂၀၁၉၈၈ ထွေအုပ်ဒု-ဦးစီး၊ ယဉ်ထိန်း-ဒုရဲအုပ် ရေးဖြေ၊ လူတွေ့ပုံမှန်တန်းခွဲ/အနီးကပ်တန်းခွဲ

ယောက်သွားအင်းမှတ်တိုင်၊ နေပြည်တော်လမ်းမကြီးဘေး

ထိုက်ထိုက်တန်တန်

တောင်/မြောက်လမ်းဆုံအနီး၊ အခန်းကျယ် ထောင့်ခန်း၊ ပထမထပ်၊ လမ်းမျက်နှာစာနှစ်ဖက်၊ အိပ်ခန်းကျယ် နှစ်ခန်း၊ အဲကွန်းအသစ် သုံးလုံး၊ ဘိုထိုင်အသစ် ဝရန်တာနှင့်မျက်နှာစာ ပေ ၃၀ သံပန်း၊ လျှောက်လမ်းပြည့် ကြွေပြားဆန်းရိုက် ပတ်လည်ပြည့် ခေတ်မီလုပစ္စာမွမ်းမံပြီး ရေမီးကောင်း ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ ပိုင်ဆိုင်မှုခိုင်မာသောအိုး၊ အိမ်တိုက်ခန်း(ညှိနှိုင်းဈေး)

ဖုန်း-၀၉-၇၃၁၃၅၄၄၄၊ ၇၃၁၀၆၅၇၄

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၈၅၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၇၄၃၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဘိုးလူရှောင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရေစကြို ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ချောင်းစံပြ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သီရိပျံ့ချီသူရဦးမြင့်မောင်ဦးစီး၍ အဘိုးဖြစ်သူ ဘိုးလူရှောင်၏မြေများက ဆောက်လုပ်လှူဒါန်းသော ဘိုးလူရှောင်၊ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက်က အဆိုပါကျောင်းဥပစာ၌ ကျင်းပသည်။

ရှေးဦးစွာ သီရိပျံ့ချီ သူရဦးမြင့်မောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းကျော်အုန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံ၊ စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်နှင့်အခြေခံပညာ(၂)ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုး ကြည်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)**ကမ္ပည်းဆိုင်းဘုတ်ကို သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးစိုးမောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ကွန်ပျူတာအလှူရှင်များက ကွန်ပျူတာများ လှူဒါန်းကြပြီး ဘိုးလူရှောင် ကျောင်းဆောင်သစ်နှင့်ကျောင်းဝိုင်းမြေအား ဦးလူရှောင်-ဒေါ်အေးကြွယ်တို့၏ မြေးမြစ်များကိုယ်စား မြေးဖြစ်သူ ဦးအောင်စည်က ဒုတိယမြို့နယ်ပညာရေးမှူးဦးအောင်မြိုင်ထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းရီက ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သင်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သီရိပျံ့ချီသူရဦးမြင့်မောင်တို့က အမှာစကားများ ပြောကြားခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ (၁၆၂×၃၀×၁၅) တစ်ထပ်၊ သွပ်မိုး၊ သမံတလင်းခင်းသံကူကွန်ကရစ်ကျောင်းဆောင်နှင့် ကျောင်းဝိုင်းမြေ ၁၂ ဒသမ ၂၁၈ဧက အပါအဝင် ကျောင်းသုံးပရိဘောဂ အစုံအလင်၊ ထန်း၊ ငှက်ပျော၊ သနပ်ခါး၊ သရက်၊ မန်ကျည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။ **ဖေထွဏ်းဇော်**

ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံသင်တန်း

မန္တလေး ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို ပညာရေးကျောင်းများနည်းတူ ကိုယ်ပိုင်ပုဂ္ဂလိက မူလတန်းကြိုကျောင်းများဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ရန်အတွက် မန္တလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချနေသည့်သင်တန်းကို ကလေးသူငယ်ဖွံ့ဖြိုးမှုအတွက် ပြုစုစောင့်ရှောက်မှုနည်းစနစ်များ မှန်ကန်စေရန်၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ကလေးသူငယ်ပြုစုပျိုးထောင်မှုနည်းလမ်းများကို သိရှိစေပြီး မိမိကျောင်းများတွင် နည်းစနစ်မှန်ကန်စွာ အသုံးချတတ်စေရန်နှင့် ကလေးသူငယ်ဥပဒေပါ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ မူလတန်းကြို ကလေးငယ်များအား အမှန်ကန်ဆုံးသောနည်းစနစ်ကောင်းများဖြင့် ပြုစုပျိုးထောင်နိုင်စေရန် တစ်နှစ်လျှင်နှစ်ကြိမ် သင်တန်းကာလကို တစ်လခန့်သတ်မှတ်၍ မူလတန်းကြိုကျောင်းအုပ်ကြီးများနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆရာ ဆရာမများက သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းတစ်ခုမှာ သင်တန်းသား ၈၀ ခန့် တက်ရောက်လျက်ရှိပြီး သင်တန်းကြေးပေးစရာမလိုဘဲ သင်တန်းမှလိုအပ်သည့် သင်ထောက်ကူ ပစ္စည်းဖိုးများအတွက်သာ ငွေကျပ် ၁၅၀၀၀ ပေးသွင်းရကြောင်း ထိုသင်တန်းခန်းမ၌ ဖွင့်လှစ်ပေးလျက်ရှိသည်ကို ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြောပြသည်။

မူလတန်းကြိုကျောင်းလုပ်ငန်းကို စိတ်ဝင်စားသူတိုင်း သတ်မှတ်စည်းကမ်းနှင့်အညီ သင်တန်းတက်ရောက်နိုင်ကြောင်း၊ သင်တန်းမှာသင်ရိုးညွှန်းတမ်း၊ သီချင်းကဗျာ၊ ကလေးပန်းချီ၊ မသန်စွမ်းကလေးများ၊ စောင့်ရှောက်ခြင်း၊ လက်မှုအနုပညာများ၊ ဒေသထွက်ပစ္စည်းများ ကစားစရာပြုလုပ်ခြင်း၊ ကစားခြင်းမရှိလျှင် ဖွံ့ဖြိုးခြင်းမရှိနိုင်၊ ကလေးစိတ်ပညာ၊ သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း၊ အနုပညာသင်ကြားခြင်း၊ ပုံပြင်လက်တွေ့သင်ကြား ရေးသားခြင်း ဘာသာရပ်များအပြင် ဘာသာစကားဖွံ့ဖြိုးမှု၊ အကူးအပြောင်း ကာလ အရေးကြီးပုံတို့နှင့် တစ်နေ့တာလိုအပ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံတို့ကို စနစ်တကျဖြင့် သင်တန်းသားများ အဆင်ပြေမည့်လတို့၌ ဖွင့်လှစ်သင်ကြားပေးကြောင်း ၎င်းကဆက်လက်ပြောပြသည်။ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် မူလတန်းကြိုကျောင်းအမှတ်(၁)၊ ဒေးဝန်းမူလတန်းကြိုကျောင်း၊ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ မူလတန်းကြိုကျောင်းနှင့် မဟာအောင်မြေမြို့နယ် မူလတန်းကြိုကျောင်း၊ အမှတ်(၂) မိတ္ထီလာမြို့နှင့် ဇီးပင်ကြီး(ပြင်ဦးလွင်)နှင့် ပုဂံညောင်ဦးမြို့တွင် မူလတန်းကြိုကျောင်းတစ်ကျောင်း စုစုပေါင်း မူလတန်းကြိုကျောင်းခုနစ်ကျောင်းနှင့် လူမှုဝန်ထမ်း အသိအမှတ်ပြုဖွင့်လှစ်ထားရှိသည့် ကိုယ်ပိုင် ပုဂ္ဂလိကမူလတန်းကြိုကျောင်း ၂၃ ကျောင်းရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ နည်းပညာနှင့် သင်ကြားရေးဆရာများ အတွက်သာလစာအထောက်အပံ့ပေးကာ ရပ်ရွာများရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ စုစုပေါင်း ၆၈ ကျောင်း ဖွင့်လှစ်သင်ကြားလျက် ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နိုင်ငံတကာသက်တန်းအလိုက် ရေကူးပြိုင်ပွဲများအတွက် စံချိန်ယူ လူရွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

နိုင်ငံတကာသက်တန်းအလိုက် ရေကူးပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု၍ သွားရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ အသက်(၁၂)နှစ်အောက် မျိုးဆက်သစ်လူငယ်ရေကူး လူရွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္လာနေ့)နှင့် ဖေဖော်ဝါရီ ၁၁ ရက် (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသက်၁၂ နှစ်အောက် ရေကူးမောင်မယ်များ ဦးဝိစာရလမ်း အမျိုးသားရေကူးကန် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ရုံးခန်းတွင် ဖေဖော်ဝါရီ ၈ရက် (စနေနေ့) ညနေ၅ နာရီ နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မင်္ဂလာဆုတောင်း

ဒယ်ဒီ-ရဲမှူးမြင့်ကြူ(တာဝန်ခံ) (တပ်ဖွဲ့စုမှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးရဲတပ်ဖွဲ့၊ ကချင်ပြည်နယ်)နှင့်မာမီ ဒေါ်ခင်မီမီစိန်တို့၏ ၇-၂-၂၀၁၄ရက်တွင် ကျရောက်သော (၂၁)နှစ်မြောက် ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘာသာ၊သာသနာအကျိုး ဆောင်ရွက်နိုင်ပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် သာယာချမ်းမြေ့သောဘဝလမ်းကို ချစ်သော သားလေးနှင့်အတူ ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တစ်ဦးတည်းသောချစ်သား-
မောင်ကောင်းဆက်သူ(ခ)FIDO
2nd, Mect: W.Y.T.U

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၂၉၂၉၀ Honda Dram 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၇/ပမန(နိုင်)၀၁၆၁၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၁၃၃၈၀ Traulergi လယ်ယာသုံး ထရပ်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်လင်း ၁၀/မဒန(နိုင်)၁၁၄၀၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

မိဘအမည်မှန်

ဟိုပုံးမြို့၊ နောင်တောင်းပရဟိတဘုန်းတော်ကြီးသင်ကျောင်း နဝမတန်းမှ ခွန်စောလွင်၏မိဘအမည်မှန်မှာ ဦးကျင်နှင့်ဒေါ်နန်းဒုတ်ဖြစ်ပါကြောင်း။

ဦးကျင်-ဒေါ်နန်းဒုတ်

အမည်ပြောင်း

မင်းဘူးမြို့၊ အထက(၁) နဝမတန်း(A) တွင် ပညာသင်ကြားနေသော ဦးမြင့်သိန်း ၈/မဘန(နိုင်)၀၄၆၆၃၁ ၏သား မောင်ဖြိုးပြည့်ဟိန်းအား မောင်ဇေယျာဟိဏ်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇေယျာဟိဏ်း**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၄၇၂၉၉ Yinxiang 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/မရတ(နိုင်)၁၂၁၆၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမည်ပြောင်း

ညောင်ရွှေမြို့နယ်၊ အထက အင်းပေါခုံ တတိယတန်းမှ မဟေမာန်စိုးအား ယနေ့မှစ၍ မကြေးမုံထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မကြေးမုံထွန်း

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းဇော် ၁၀/ပမန(နိုင်)၁၅၄၆၅၅၏နိုင်ငံကူးလက်မှတ်အမှတ် ၉၀၆၃၈၂သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၀၀၇၃၀၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၉၇၀၈ Honda M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းကြိုင် ၅/မရန(နိုင်)၁၃၆၀၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၂၅၁၉ Toyota Estim aACR 30 Minivan (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းမောင် ၉/မရတ(နိုင်) ၀၇၆၄၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၅၂၂၀၊ Toyota Toyoace YR 20 M/B (4x2)® ယာဉ်လက်ဝယ်ရှိသ ူဒေါ်လှမြဦး ၁၂/လမန(နိုင်)၁၀၇၈၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

အမည်ပြောင်း

ဦးညွှန့်ဝင်း၏သား မင်းဘူး(စကု)မြို့နယ်၊ မန်းရေနံမြေ၊ အိမ်ရာခွဲအထက တတိယတန်းမှ မောင်ဝင်းနေအောင်အား မောင်ချမ်းမြေ့ထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ချမ်းမြေ့ထွဋ်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မြင့်ဦး ၁၀/ပမန(နိုင်)၁၅၄၇၀၂၏နိုင်ငံကူးလက်မှတ်အမှတ် ၉၉၃၆၄၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၀၀၇၃၀၀

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် 9F/4786 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၅၁၅၅ Honda Wave NF 125 C/ ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမြသန်း ၁၀/ခဆန(နိုင်)၀၅၈၀၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၄၁၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အမည်မှန်

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သင်္ချာတတိယနှစ် ခုံနံပါတ် (၃သခ-၁၃၀) မနန်းဝင့်ဝါ၏ အမည်မှန်မှာ မနန်းဝင့်ဝင့်ဝါ၁၂/မဘန(နိုင်)၁၄၂၅၅၉ ဖြစ်ပါသည်။ ဖခင် ဦးစံပ၏အမည်မှန်မှာ ဦးစံဘ ၉/မမန(နိုင်)၀၃၇၉၁၇ ဖြစ်ပါသည်။

သတင်းတို

ငြိမ်းချမ်းစွာစီတန်းလှည့်လည်ပွဲနှင့် မူးယစ်ဆန့်ကျင်ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့တွင် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ ဆိုင်းဘုတ်ကို ၁၅ ဦးခန့် ကိုင်ဆောင်ကာ လူအင်အား ၂၀၀ ခန့်က မန်နားရပ်ကွက်ရုံးရှေ့မှ စီတန်းလှည့်လည်ထွက်ခွာလာပြီး မိုင်းဝီးလမ်းမအတိုင်းပန်ပွဲလမ်းဆုံ၊ ထိုမှ မိုင်းပွန်လမ်းအတိုင်း နှစ်မိုင်ခရီး ချီတက်လာကြပြီး မွန်းလွဲ၂ နာရီ ၄၅ မိနစ်တွင် နမ့်ခမ်းမြို့တော်ခန်းမသို့ ရောက်ရှိသည်။

ထို့နောက် နမ့်ခမ်းမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများတားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသောမူးယစ်ဆေးဝါးဆန့်ကျင်ဟောပြောပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်ရဲမှူး တီခေါင်လွမ်းနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့၊ ဒေသဆိုင်ရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်း ၃၀၀ နှင့် ကျင်းပလျက်ရှိပြီး အထက်ပါ စီတန်းလှည့်လည်အဖွဲ့သည်လည်း ပူးပေါင်းပါဝင်ခဲ့ပြီး ပြသထားသော မူးယစ်ဆိုင်ရာပညာပေးပိုစတာများကို ကြည့်ရှုခဲ့ကြသည်။

အယ်လ်စိုး(iprd)

ပုသိမ်မြို့တွင် သံဓာတ်တိုင်များကို ကွန်ကရစ်ဓာတ်တိုင်များဖြင့် အစားထိုး

ပုသိမ်မြို့ မြက်တိုလျှပ်စစ်ဓာတ်အားခွဲရုံရှေ့ လမ်းတစ်လျှောက်ရှိ လေးထောင့်ကွန်ကရစ်ဓာတ်တိုင်ဟောင်းအချို့နှင့် ပုသိမ်ကြိုးတံတားထိပ်မှ ကမ်းနားလမ်းတစ်လျှောက်ရှိ ဆွေးမြည့်နေသော ဓာတ်တိုင်များကို ၁၀ မီတာ အမြင့်ရှိကွန်ကရစ်ဓာတ်တိုင်အလုံးများဖြင့် အစားထိုးလဲလှယ်လျက်ရှိသည်။ ယခင်အသုံးပြုခဲ့သော ဓာတ်တိုင်မှ သစ်သားလက်တန်းကို သံလက်တန်းဖြင့် အစားထိုးခြင်းနှင့် 11 KV လိုင်းပေါ်တွင် 35 ACRS mm^2 ကြိုးကို 95 mm^2 ဖြင့် ပြောင်းလဲတပ်ဆင်ခဲ့သည်ဟု သိရသည်။ ထို့ကြောင့် ဓာတ်အားလိုင်းကြိုးတွင် ယခင်ထက်လျှပ်စစ်ဓာတ်အားကြွဲခိုင်မှုကောင်းခြင်း၊ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ပို့လွှတ်မှုကောင်းခြင်းနှင့် 11 KV လိုင်းပေါ်မှ ဓာတ်အားပျောက်ဆုံးမှုကို လျှော့ချနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်သည်ဟု သိရသည်။

ပုံမှန်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကို ခေတ္တရပ်နား၍ ဓာတ်တိုင်အဟောင်း၊ အသစ် လဲလှယ်ရခြင်းကြောင့် မတ်လကုန်ခါနီးမှ ပြီးစီးနိုင်မည်ဖြစ်ပြီး အသုံးပြုငွေကျပ်သိန်း ၃၃၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

စိုးညွန့်

မုံရွာရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ခွဲရုံးသို့ ဇန်နဝါရီလ၌ လာရောက်ပြုလုပ်သူ၂၀၀ ကျော်ရှိ

မုံရွာ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် တိုင်းဒေသကြီးသတင်း တပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ခွဲရုံးမှ နိုင်ငံကူးလက်မှတ်များကို လျှောက်ထားသူများပြားလျက်ရှိရာ ပထမတစ်လအတွင်း လာရောက် လျှောက်ထားသူ၂၀၀ ကျော်ရှိခဲ့ကြောင်းသိရသည်။

အဆိုပါ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ခွဲ(မုံရွာ)တွင် ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းအထိ လျှောက်လွှာ လာရောက်ဝယ်ယူသူ ၂၂၄ ဦး၊ လျှောက်ထားသူ ၂၂၁ ဦးရှိကြောင်း၊ ၎င်းတို့အထဲမှ နိုင်ငံကူးလက်မှတ်စာအုပ် ၁၁၄ အုပ်ရရှိပြီး ကျန်ရှိသူများကိုလည်း စာအုပ်များရရှိရေး ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ရရှိပြီး စာအုပ်လာရောက်ထုတ်ယူသူ ၉၈ ဦးရှိသွားပြီဖြစ်ကြောင်း၊ စာအုပ်ထုတ်ယူရန်ကျန်ရှိသူများကိုလည်း လာရောက်ထုတ်ယူနိုင်ရေးအတွက် တယ်လီဖုန်းများဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။ နိုင်ငံကူးလက်မှတ်သည် နိုင်ငံခြားတွင် အလုပ်သွားရောက်လုပ်ကိုင်လိုသူများ၊ အလည်အပတ်သွားလိုသူများ၊ ပညာတော်သင်သွားလိုသူများ၊ ကုမ္ပဏီ အလုပ်ကိစ္စများအတွက် သွားရောက်လိုသူများအနေဖြင့် ကြိုတင်လုပ်ဆောင်ထားသင့်သောကိစ္စရပ်တစ်ခုဖြစ်ရာ ယခင်က ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင်သာ ပြုလုပ်ရသောကြောင့် ငွေကုန်ကြေးကျများခြင်း၊ အချိန်ကုန်ခြင်းများ ရှိခဲ့သည်။ ယခုအခါတွင် တိုင်းဒေသကြီး/ပြည်နယ်တို့တွင် အဖွဲ့ခွဲရုံးများဖွင့်လှစ်ပြီး လက်ခံဆောင်ရွက်ပေးနေသဖြင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံကူးလက်မှတ်မပြုလုပ်နိုင်သူများအနေဖြင့် အလွယ်တကူပြုလုပ်နိုင်သောကြောင့် လာရောက်လျှောက်ထားသူ များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

၎င်းမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ခွဲရုံးများကို ဇန်နဝါရီ ၂ ရက်က တိုင်းဒေသကြီး/ပြည်နယ်များတွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(မုံရွာ ပြန်/ဆက်)

ချင်းပြည်နယ်အတွင်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၁ ရုံဖြင့် ထုတ်လွှင့်ပြသလျက်ရှိ

ဟားခါး ဖေဖော်ဝါရီ ၆

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ ရုပ်မြင်သံကြားအစီအစဉ်များ ကြည့်ရှုနိုင်ရန် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၁ရုံဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ချင်းပြည်နယ်အတွင်း ၁၉၈၇ ခုနှစ်တွင် ကနေဒီ(တီးတိန်)၊ဟားခါး၊ ဖလမ်းမြို့နယ်များတွင် ပြန်ကြားရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများတည်ဆောက်ပေးခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် တွန်းဇံ၊ မင်းတပ်မြို့နယ်များ၊ ၁၉၉၈ ခုနှစ်တွင် မတူပီ၊ ပလက်ဝမြို့နယ်များ၊ ၂၀၀၂ ခုနှစ်တွင် ထန်တလန်မြို့နယ်များ၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် တည်ဆောက်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ရိဒ်ခေါဒါရ်မြို့နယ်ခွဲ၊ ၂၀၀၄ ခုနှစ်တွင် ရေဇွာနှင့် ကျီခါးမြို့နယ်ခွဲများ၌ ပြန်ကြားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ဒေသခံပြည်သူများ သတင်းအချက်အလက်များ အချိန်နှင့် တစ်ပြေးညီ ရရှိနိုင်သကဲ့သို့ ဖျော်ဖြေရေး၊ ပညာပေးရေး ကဏ္ဍများကိုလည်း ကြည့်ရှုနိုင်သည့် အခွင့်အရေးများ ရရှိကြကြောင်း သိရသည်။

(၁၁၇)

သံစဉ်များနှင့်ကမ္ဘာ (၇)နှစ်ပြည့် နှစ်ပတ်လည် Live Show ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြဝတီရုပ်မြင်သံကြားတွင် အပတ်စဉ် ရိုက်ကူးထုတ်လွှင့်ပြသကာ အောင်မြင်သည့် သံစဉ်များနှင့်ကမ္ဘာ (Melody World) သီချင်းဆိုပြိုင်ပွဲ၏ (၇)နှစ်ပြည့်နှစ်ပတ်လည် အထိမ်းအမှတ် ဖျော်ဖြေပွဲကို ကျင်းပသွားမည်ဖြစ်ရာ မြဝတီရုပ်သံမှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဟု သံစဉ်များနှင့်ကမ္ဘာ သီချင်းဆိုပြိုင်ပွဲကို စီမံအုပ်ချုပ်သူ ဦးချိုပြုံးက ပြောကြားသည်။

"Melody World (၇)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၅ နာရီကစပြီး အမျိုးသားကဇာတ်ရုံမှာ ကျင်းပသွားမယ်။ မလာအားသည့် ပရိသတ်အတွက်လည်း မြဝတီရုပ်သံမှာ တိုက်ရိုက်ပြသပေးသွားပါမယ်။ ၂၀၀၇ကနေ ၂၀၁၃ ခုနှစ်အထိ ပြိုင်ပွဲတွေမှာ ဆုရရှိခဲ့တဲ့ အဆိုရှင် ၅၀ ခန့်က သီဆိုဖျော်ဖြေသွားမှာပါ" ဟု ပြောကြားသည်။

သံစဉ်များနှင့်ကမ္ဘာသီချင်းဆိုပြိုင်ပွဲကို Zomia Media က စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မြဝတီရုပ်မြင်သံကြားတွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ စတင်ကာ အပတ်စဉ် ထုတ်လွှင့်ခဲ့ပြီး ရုပ်သံကြည့်ပရိသတ်များ နှစ်ခြိုက်သည့် အစီအစဉ်တစ်ခု ဖြစ်သည်။

အဆိုပါ အစီအစဉ်မှ အောင်မြင်သည့်တေးသံရှင်များဖြစ်ကြသည့် ချမ်းချမ်း၊ နီနီခင်ဇော်၊ အိုင်ရင်းဇင်မာမြင့်၊ ထက်နေကြည်၊ ကိုကိုမောင်၊ ခင်စုစုနိုင်၊ မို့မို့လွင်၊ ရွှေရည်ဖြိုးမောင်၊ မီးနီစသည့်အဆိုရှင်များ ပေါ်ထွက်ခဲ့ကြကြောင်း သိရသည်။ ဒိုင်များအဖြစ် တေးရေး မြင့်မိုးအောင်၊ တေးသံရှင်နွဲ့ယဉ်ဝင်းတို့ပါဝင်ခဲ့ပြီး အားဖြည့်ဒိုင်များအဖြစ် တေးရေး ဦးသစ်မင်း၊ ဦးမင်းချစ်သူ၊ ညီညီသွင်၊ ရွှေဂျော်ဂျော်၊ နောင်နောင်(S.F)နှင့် ရယ်ဂျီတို့လည်း ပါဝင်ခဲ့ကြပြီး အစီအစဉ် တင်ဆက်သူများအဖြစ် ရီဝေယံ၊ ဇင်ဇင်ဇော်မြင့်၊ ရေဗက္ကာဝင်းတို့လည်း ပါဝင်ခဲ့ကြကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်



KBZ Bank Account No.070 12 100 73 731

မွေးနေ့မင်္ဂလာဆုတောင်း

၇-၂-၂၀၁၄ရက်တွင် ကျရောက်သောချစ်ဖေဖေ ဦးကျော်အောင်မိုး လ/ထ ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြိတ်မြို့)၏ မွေးရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အောင်မြင်မှုများစွာနှင့်အတူ ပြီးပြည့်စုံသော ဘဝခရီးကို ချစ်သောမိသားစုနှင့်ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ။

ချစ်ဇနီး - **ဒေါ်နန်းစိန်**
(အထက်တန်းသူနာပြု) C.D.H
ချစ်သားကြီး - **စိုင်းအောင်ကျော်ဇင်**
Atlanta (C.A.E)
ချစ်သားငယ် - **စိုင်းအောင်ကျော်ကျော်**
Arm Strong (C.A.E)
ချစ်တူမ - **နန်းစိုးစိုးညွှန့်အောင်**
လှဲ့လှဲ့ဝင်း
မန္တလေးမြို့

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ဖေဖေ ဦးမြဝင်း ဦးစီးအရာရှိ (စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်) ချစ်မေမေ ဒေါ်နီနီစိုး [အလပြ၊ အမှတ် -၃၊ အလက(ခွဲ)အေးသာယာ]တို့၏ ၇-၂-၂၀၁၄ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီးသုံးယောက်နှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - **ဒေါက်တာရတနာမြစိုး M.B., B.S (Mgy)**
ချစ်သမီးလတ် - **ရွှေစင်မြစိုး Final yr. B.Agri Sc Biotechonology (Yezin)**
ချစ်သမီးငယ် - **ရတီမြစိုး 2nd yr B Pham (Ygn)**

တစ်ဦးတည်း ဖြစ်ပါကြောင်း

မောင်မြတ်ကိုဟိန်း ၆/မမန(နိုင်)၁၈၈၁၈၈ ကိုင်ဆောင်သူ၏ ဖခင်အမည်မှန်မှာ ဦးယူဟုန်မော်(ခ)ဦးဟုန်မော်ဖြစ်ပါကြောင်း။

ဦးယူဟုန်မော်(ခ)ဦးဟုန်မော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် $\frac{၁}{ဟ-၁B}$၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧက၊ နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေပေါ်ရှိ အမှတ်(၁၁/B)၊ မြရတနာလမ်း၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးကြူ ၁၂/ဗဟန(နိုင်)၀၆၉၅၄၆ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ၊ စဉ်-၃၇၂၂၅ **တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၃၄၁**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၂၉၇၉ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းယု ၉/ကဆန(နိုင်)၀၀၈၀၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ကျောက်ဆည်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၂၁၈ အမည်ပေါက် ဦးလှညွန့်၊ TD-၀၂၃၉၅၈၊ ၁၂/မရက(နိုင်)၀၆၈၂၁၃ သည် မြေချပါမစ်မိတ္တူမှန်ပြုလုပ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက မြေချပါမစ်မိတ္တူမှန်ပြုလုပ်ပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ သမဝါယမအသင်းများသို့ ချေးငွေထုတ်ပေး

ပုသိမ်ကြီး ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၏ မြောက်ပိုင်းကျေးရွာ ၂၆ ရွာတွင်ရှိသော သမဝါယမအသင်းများသို့ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဘဝမြင့်မားရေးအတွက် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးအရာရှိ ဒေါ်မိုးသီတာဝင်း၊ မြို့နယ်သမဝါယမအသင်းဦးစီးအရာရှိ ဦးတင့်ဆွေနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီမှ စတင်၍အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ ချေးငွေများ ထုတ်ပေးခဲ့သည်။

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၈၁ သင်းရှိ အသင်းသား ၁၁၇၄၁ ဦးအား ချေးငွေပေါင်း ငွေကျပ်သိန်း ၇၃၃၃ထုတ်ချေးမည်ဖြစ်ရာ ဇန်နဝါရီ ၂၈ ရက်မှစတင်၍ ယနေ့အချိန်ထိ သမဝါယမအသင်း ၂၆ သင်းရှိ အသင်းသား ၂၉၉၄ ဦးအား ချေးငွေပေါင်း ၁၇၃၂၃၀၀၀၀ကို ကွင်းဆင်းထုတ်ချေးခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ရွှေ့လျားတာယာပြင်ဆိုင်ကြောင့် ကုန်ကားသမားများအဆင်ပြေ

ရန်ကုန် ဖေဖော်ဝါရီ ၆

ကုန်တင်ကား အများအပြားရှိသောဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း ကားဘီးတာယာများ လေထိုးကျွတ်ဖာ ပြုပြင်ရာတွင် ယခုအခါ ရွှေ့လျားတာယာပြင်ဆိုင်များရှိလာသဖြင့် ကုန်ကားသမားများ အဆင်ပြေမှုရှိလာသည်ဟု ကုန်ကားယာဉ်လုပ်သားများမှ ဆိုသည်။

ကုန်ကားများအနေဖြင့် ကုန်တင်နေစဉ်၊ ကုန်ချပြီးချိန်တို့တွင် ကားဘီးများပြုပြင်ရန်ရှိသည့်အခါ တာယာဆိုင်များသို့ အရောက်သွားရခြင်း၊ ကားဘီးများဖြုတ်ပြီး ပို့ရခြင်းများရှိလာရာမှ ရွှေ့လျားတာယာဆိုင်များ ရှိလာသဖြင့် ဖုန်းဆက်ခေါ်ယူခြင်းဖြင့် ကုန်ကားများရှိရာသို့ရောက်ရှိလာပြီး တာယာများ ပြုပြင်နိုင်ကြောင်း၊ ငွေကြေးအပိုပေးရန်မလိုဘဲ ဝန်ဆောင်မှုပေးသဖြင့် လမ်းများပေါ်တွင်လည်း ယာဉ်ပိတ်ဆို့မှု လျော့နည်းလာကြကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ကားဘီးလေထိုးရာတွင် ကုန်ကားကြီးများ ၅၀၀ ကျပ်နှုန်း၊ အိမ်စီးယာဉ်ငယ်များ ၁၀၀ ကျပ်နှုန်း၊ တာယာဖာရာတွင် ကားကြီးများ တာယာတစ်လုံးလျှင် ၂၅၀၀ ကျပ်၊ အိမ်စီးကားသေး ၁၀၀၀ ကျပ်နှုန်း ရှိကြောင်း တာယာပြုပြင်သူများက ဖြုတ်တပ်လုပ်ရလျှင် တစ်ဘီးလျှင် ၁၀၀၀ ထပ်မံပေးရကြောင်း တာယာပြင်သူများက ဆိုသည်။

ရွှေ့လျား တာယာဆိုင်များတွင် ဖုန်းများရှိလာရာ ယာဉ်မောင်းများကလည်း အလွယ်တကူ ဆက်သွယ်လာနိုင်

လက်ကိုင်ဖုန်းများ လွယ်ကူပေါများလာမှုကြောင့် အဆိုပါ ရွှေ့လျားတာယာဆိုင်များတွင် ဖုန်းများရှိလာရာ ယာဉ်မောင်းများကလည်း အလွယ်တကူ ဆက်သွယ်လာနိုင်ကြောင်း ကုန်ကားအများစုရှိသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရွှေ့လျားတာယာပြင်ဆိုင်များ ရှိသကဲ့သို့ ရန်ကုန်မြို့တွင်း အလွယ်တကူပြုပြင်ပေးနိုင်သော ရွှေ့လျားတာယာပြင်ဆိုင်များ လိုအပ်နေကြောင်း၊ လက်ရှိလမ်းဘေးများတွင် ဖွင့်လှစ်ထားသော တာယာဆိုင်များမှာ လမ်းကြောင်းပေါ်သွားလာနေသော ယာဉ်မျိုးစုံအတွက် လတ်တလောကားဘီးတာယာချွတ်ယွင်းမှုတွင် အခက်အခဲရှိကြောင်း၊ ဖုန်းများလူတိုင်းနီးပါးကိုင်ဆောင်နိုင်သော အချိန်ကာလတွင် ယာဉ်ငယ်များပေါ် ရွှေ့လျားတာယာပြုပြင်စက်များတင်ထားပြီး ရန်ကုန်မြို့တွင်းကားဘီးတာယာပြုပြင်ပေးသည့် ဈေးကွက်လိုအပ်နေကြောင်း မြို့တွင်းသွားလာနေသော ခရီးသည် ယာဉ်လိုင်းနှင့် ကုန်ကားလုပ်သားတို့က ဆိုသည်။

ခင်ဆိုင်

ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကတ္တရာလမ်းသစ်ဖွင့်

နမ့်ခမ်း ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် ဈေးတန်းရပ်ကွက်ရှိ မြတ်လေးလမ်း (ကတ္တရာလမ်းသစ်) ဖွင့်ပွဲကို

ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ ရပ်ကွက်နေပြည်သူများကိုယ်စား ဦးစိုင်းအိုက်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ပြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးတင်ကိုကို၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ အဖွဲ့ဝင် ဦးစိုင်းထွန်းဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

ယခုဖွင့်လှစ်သော ကတ္တရာလမ်းမှာ ငွေကျပ် သိန်း ၁၄၀ ကုန်ကျပြီး အလျား ၁၂၃၅ ပေ၊ အနံ ၁၂ ပေရှိကြောင်း သိရသည်။

ညဏ်မင်း (နမ့်ခမ်း)

မိုးညှင်းမြို့ ပညာလင်္ကာရ ဇောတိရှမ်းကျောင်းတိုက် အကြိမ်(၂၀)မြောက် ရှမ်းစုပေါင်းရှင်ပြုပွဲတော်ကျင်းပမည်

မိုးညှင်း ဖေဖော်ဝါရီ ၆

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ထေရဝါဒဗုဒ္ဓဘာသာဝင် ပညာလင်္ကာရ ဇောတိရှမ်းကျောင်းတိုက်၏ သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပမြဲဖြစ်သော အကြိမ် (၂၀) မြောက် ရှမ်းစုပေါင်းရှင်ပြုပွဲတော်ကို ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၇ ရက်မှ လပြည့်နေ့အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကျင်းပရေးကော်မတီဝင်များက လိုအပ်သော မုခ်ဦး၊ မဏ္ဍပ်၊ ဧည့်တည်းခိုဆောင်များ၊ ပြန်ကြားရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ဈေးဆိုင်ခန်းများ၊ ဇာတ်ရုံများကို ဆောက်လုပ်မွမ်းမံလျက်ရှိသည်ကို တွေ့မြင်ရသည်။

စုပေါင်းရှင်ပြုပွဲတော်တွင် အမြို့မြို့အနယ်နယ်မှ ရှမ်းတိုင်းရင်းသားများ ရင်သွေး ၃၀၁ ပါးကို ဗုဒ္ဓသာသနာတော်အတွင်းသို့ ရှင်သာမဏေအဖြစ် သွတ်သွင်းကြမည်ဖြစ်သည်။ ပွဲတော်ကျင်းပမည့်အစီအစဉ်မှာ တပို့တွဲလဆန်း ၇ ရက်တွင် သံဃာတော်များဖြင့် ဖွင့်ပွဲမင်္ဂလာကျင်းပမည်ဖြစ်သည်။ တပို့တွဲလဆန်း ၈ ရက် မှ လဆန်း ၁၄ ရက်အထိ တစ်ရက်လျှင် ၄၃ ပါးဖြင့် စုစုပေါင်း ၃၀၁ ပါးကို ရှင်သာမဏေမဏ္ဍပ်၌ ရှင်သာမဏေအဖြစ် သွတ်သွင်းမည်ဖြစ်သည်။

ပွဲတော်ရက်တွင် ရှမ်းယဉ်ကျေးမှုဇာတ်ပွဲ၊ ရှမ်းတိုင်းရင်းသားများ ယဉ်ကျေးမှုအကအလှများ၊ ဖျော်ဖြေသီဆိုပွဲများဖြင့် စည်ကားစွာ ကျင်းပမည် ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီအဖွဲ့ဝင်ထံမှ သိရသည်။

(ဝ၆၃)

မြတ်သန္တာမဟာစည် သာသနာ့ရိပ်သာ (၁၀)ရက် တရားစခန်း

မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာနှင့် ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ အရှင်သူမြတ်မှ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ မြတ်သန္တာမဟာစည် သာသနာ့ရိပ်သာ (၁၀)ရက်တရားစခန်းကို ၁၀-၂-၂၀၁၄ ရက်မှ ၂၀-၂-၂၀၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသမီး နှစ်ထပ်ယောဂီဆောင် ဆောက်လုပ်ရန်ရှိပါသဖြင့် အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၅၁၈၉၈၂၈၊ ၀၉-၄၅၀၀၄၄၁၆၂၊ ၀၉-၇၃၀၉၀၄၉၀

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးပွဲကျင်းပမည်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၄ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲ နိုင်ငံတော်ကချီးမြှင့်သော ဘွဲ့ထူး ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ၃လမ်းထိပ် စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသင်းသူ အသင်းသားများ၏ သားသမီးများ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများသည် ဖေဖော်ဝါရီ ၁၀ရက်ထက် နောက်မကျစေဘဲ ဦးစိုးညွန့်(နာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ)၊ ဖုန်း-၂၄၆၁၄၀၊ ၂၄၆၁၄၂၊ ဦးစန်းအောင်(အတွင်းရေးမှူး) ဖုန်း-၀၉-၄၄၈၀၄၃၄၁၉၊ ဦးမောင်မောင်မြင့်(ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၄၃၀၉၆၂၈၅၊ ဒေါ်ခင်သန်းလွင်(အမှုဆောင်) ဖုန်း-၃၉၈၂၀၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

ပညာဝတီရိပ်သာ ဣန္ဒာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်အတွင်း၊ ကျေးဇူးရှင် ပညာဝတီဆရာတော်ကြီး ဘဒ္ဒန္တပညာသီရိ၏ အဓိဋ္ဌာန်းဖြင့် တည်ထားကိုးကွယ်တော်မူသော ဓာတ်တော်ပေါင်း ရှစ်သောင်းလေးထောင်ကိန်းဝပ်ရာ **ဣန္ဒာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထမနဲပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ**ပြုလုပ်သောအချိန်၌ ဘုရားအမှူးရှိသော သံဃာတော်(၄၅)ပါးတို့အား မိမိတို့စိတ်စေတနာ သဒ္ဓါတရားထက်သန်သလောက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်း စသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဒုက္ခငြိမ်းချမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သမှု အာရုံပြုပြီး စုပေါင်းလှူဒါန်းလိုပါသောကြောင့် ၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၄ရက်၊ ၁၃-၂-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃နာရီမှ ၈နာရီတွင် ဣန္ဒာသယဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သစ်သီးဆွမ်း၊ မုန့်ဆွမ်း၊ ပန်းစသည်တို့ဖြင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး ၁၃၇၅ခုနှစ် တပို့တွဲလပြည့်နေ့၊ ၁၄-၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာ(၄၅)ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်း၊ ဆီ၊ ဆား၊ ဆေး၊ ဆပ်ပြာ၊ သွားတိုက်ဆေး စသော အမျိုးမျိုးသော လှူဖွယ်ဝတ္ထုအစုစုတို့ကို သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်း သူတော်ကောင်းတို့အား လာရောက်ပြီး လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်ကိုးပြီး တိုက်တွန်းနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့
ပညာဝတီရိပ်သာ၊ ရန်ကင်း**

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ထွေးကြည် ၁၂/ဥကမ(နိုင်)၀၁၃၄၃၈ သည် မြန်မာနိုင်ငံကူးလက်မှတ်အမှတ် (အမှတ်မမှတ်မိ) ဈေးသွားရင်း ပျောက်ဆုံးသွားပါသည်။

ဖုန်း-၀၉-၄၅၀၀၅၀၈၃၇

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် အထက်တန်းကျောင်း အဋ္ဌမတန်း(စ)မှ မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၅/ဆလက(နိုင်)၀၆၇၁၆၄ ဖြစ်ပါကြောင်း။

ဦးမောင်ဇော်

အမည်ပြောင်း

ဦးစံအောင်၏သမီး မိုင်းဆတ်မြို့၊ အထက၊ န၀မတန်း (က)မှ မရွှေရည်ချမ်းအား မရွှေရည်စံအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မရွှေရည်စံအောင်

သရက်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

သရက်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်း ၃ လမ်းမှတ်တိုင်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ် ပြည့်ပြီးသူများနှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ အမည်စာရင်းကို အထောက်အထားများဖြင့် ဦးလှဝမ်း-ဒေါ်မြမိုးနှင့် ဖုန်း-၆၄၃၆၀၇၊ ဦးကျော်စိုး ဖုန်း-၃၈၇၁၅၉၊ ဦးသိန်းဘော် ဖုန်း-၀၁-၈၆၁၉၀၀၁၊ ဦးတင်အောင် ဖုန်း-၅၂၂၃၁၄၊ ဦးခင်စိုး ဖုန်း-၀၉-၇၃၁၂၃၇၇၀၊ ဦးလှမျိုးအောင် ဖုန်း-၀၉-၅၀၈၉၅၃၇တို့သို့ ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် သရက်မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်။

အထက(၄)၊ သန်လျင်မြို့ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

(၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၂-၂-၂၀၁၄ ရက် (ပြည်ထောင်စုနေ့) နံနက် ၉း၀၀နာရီတွင် အထက(၄)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ အပူဇော်ခံ ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ နှစ်စဉ်တွေ့ဆုံကန်တော့နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် ဆရာမဒေါ်တီဝင်း ဖုန်း-၀၉-၇၃၀၄၁၅၀၈၊ ဆရာမ ဒေါ်ခင်ခင် ထ/၄ ဖုန်း-၀၉-၄၂၀၁၄၉၆၇၆၊ ဆရာမ ဒေါ်စန်းစန်းဦး ထ/၂ ဖုန်း-၀၉-၄၂၁၀၂၂၅၈၂-ကိုမြင့်ထွန်း ဖုန်း-၀၉-၃၁၆၂၅၆၆၊ကိုလှမော် ဖုန်း-၀၉-၃၁၆၂၅၆၃

ဖြစ်မြောက်ရေးကော်မတီ

ဌာနဆိုင်ရာနှင့် လူမှုရေး စီးပွားရေးကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကလေးခရိုင်၊ ကလေးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရက်စွဲ။ ၇-၂-၂၀၁၄

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကလေးခရိုင်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တံတားအထူးအဖွဲ့(၁၁)နှင့် ကလေးခရိုင်မှ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ရေတွက်ပုံ	မှတ်ချက်
၁။	သစ်(ထု)	၁၂၅·၆၃	တန်	
၂။	သစ်(ပါး)	၅·၂၅	တန်	
၃။	မြစ်သဲ	၂၂၄·၈၂	ကျင်း	
၄။	ချောင်းကျောက်စရစ်	၂၄၉·၉၁	ကျင်း	
၅။	400x200 I Beam 12m Long	၈၄·၀၀	Nos	
၆။	400x200 I Beam 7.62m Long	၂၆·၀၀	Nos	
၇။	400x200 I Beam 9.14m Long	၅·၀၀	Nos	
၈။	150x75 bracing I Beam (12m)	၅၅·၅၀	Nos	
၉။	Bearing Plate (1'-4'x 1'-8"x20mm)	၂၉၀·၀၀	Nos	
၁၀။	Gusset (1'-2"x1'-5"x0'-5")	၂၉၀·၀၀	Nos	
၁၁။	3/4 dia anchor bolt 1.5 long (HT)	၁၁၄၀·၀၀	Nos	
၁၂။	14-5x4x1/4 Stiffiner	၆၆၅၀·၀၀	Nos	
၁၃။	3"x3" Angle 20'Long	၃၂·၅၀	Nos	
၁၄။	အုတ်	၁၇၀၀၀၀	ချပ်	

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၂-၂၀၁၄ ရက် ၁၇း၀၀နာရီ

၃။ **တင်ဒါစိစစ်မည့်ရက်/အချိန်** - ၁၅-၂-၂၀၁၄ ရက် ၁၄း၀၀နာရီ

၄။ တင်ဒါလျှောက်လွှာနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်လိပ်စာများ

၁။ ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကလေးခရိုင်၊ ကလေးမြို့၊ ဖုန်း-၀၇၃-၂၁၀၅၄

၂။ မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကလေးမြို့နယ်၊ ကလေးမြို့၊ ဖုန်း-၀၇၃-၂၁၁၃၇

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ကလေးမြို့

အောင်မြင်သူအုပ်စုကုမ္ပဏီလီမိတက်
ဝန်ထမ်းအလိုရှိသည်

၁။ **Assistant Manager** ကျား/မ ၁ ဦး
- ဘွဲ့ရဖြစ်ရမည်။
- Export/ Import ပိုင်းဆိုင်ရာ အတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိရမည်။
- သွင်းကုန်/ထုတ်ကုန်လုပ်ငန်းကိစ္စများ တာဝန်ယူစီမံခန့်ခွဲနိုင်သူဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကား (4 Skills)ကျွမ်းကျင်သူဦးစားပေးမည်။
- လိုအပ်ပါက အချိန်မရွေးနယ်ဝေးသို့ခရီးထွက်နိုင်ရမည်။
- ကားမောင်းကျွမ်းကျင်သူအား ဦးစားပေးမည်။
- ဌာနဆိုင်ရာရုံးလုပ်ငန်းကိစ္စများဆောင်ရွက်နိုင်သူ ဦးစားပေးမည်။

၂။ **Business Development Assistment Manager** ကျား/မ ၁ ဦး
- MBA ဘွဲ့ရဖြစ်ရမည်။ (ပြည်ပဘွဲ့ရအားဦးစားပေးမည်)
- အင်္ဂလိပ်ဘာသာစကား (4 Skills)ကျွမ်းကျင်သူဦးစားပေးမည်။
- ပြည်ပကုမ္ပဏီများနှင့် လုပ်ငန်းပိုင်းဆိုင်ရာကိစ္စများအား ညှိနှိုင်းဆောင်ရွက်နိုင်ရမည်။
- ကွန်ပျူတာ၊ Internet, Email ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ကားမောင်းကျွမ်းကျင်သူအား ဦးစားပေးမည်။

၃။ **Operation Staff** ကျား ၂ ဦး
- ဘွဲ့ရ၊ ကွန်ပျူတာအသုံးပြုနိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
- ဌာနဆိုင်ရာရုံးကိစ္စများ ဆောင်ရွက်နိုင်သူဦးစားပေးမည်။

၄။ **ယာဉ်မောင်း** ကျား ၃ ဦး၊ မ ၁ ဦး
- အနိမ့်ဆုံး ယာဉ်မောင်းလိုင်စင် (ခ)ရှိရမည်။
- ယာဉ်မောင်းလုပ်သက် (၃)နှစ်အနည်းဆုံးရှိရမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
- Auto/ Manual ဘယ်မောင်း၊ ညာမောင်း မောင်းနိုင်သူဦးစားပေးမည်။
- ကျား (၃၀-၄၅)နှစ်၊ မ(၃၅-၄၅)နှစ်အတွင်း
- အခြေခံပညာအထက်တန်းအဆင့် အနိမ့်ဆုံးရှိရမည်။

အထက်ဖော်ပြပါ Position များအတွက် ကြော်ငြာပါသည့်ရက်မှစတင်၍ (၁၄)ရက်အတွင်း CV Form၊ စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။ ပညာအရည်အချင်း၊ လုပ်သက်/လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ ရာထူးနှင့်လစာအား ညှိနှိုင်းပေးမည်။

ဆက်သွယ်ရန်လိပ်စာ-အမှတ် ၃၄/၉၊ စမ်းရေတွင်းလမ်း၊ ဟာမစ်တစ်မှတ်တိုင်အနီး၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာမျက်စောင်းထိုး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၀၇၀၅၊
Email:hr.ygn@aungmyinthu.com



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၆၅၀၁၁ Zhong Shem 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဇော် ၉/အမရ(နိုင်)၁၂၇၉၄၅က (ကမ- ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၆၆၃၀ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၉/မဟမ(နိုင်)၀၄၂၀၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

အမည်ဖြည့်စွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် ဦးစိန်ရှောင်(ခ)ဦးမင်းသိန်း၏သမီး သိန်းသိန်းငွေ ၈/မထန(နိုင်)၀၀၀၃၆၈ အား ယနေ့မှစ၍ သိန်းသိန်းငွေ(ခ)သိမ့်သန္တာနွယ်ဟု ဖြည့်စွက်ခေါ်ပါရန်။ **သိန်းသိန်းငွေ(ခ)သိမ့်သန္တာနွယ်**

ရောင်းမည်

လက်ရှိအသုံးပြုလျက်ရှိသော သွား-ဆေးခန်းသုံးပစ္စည်းများအားလုံး ညှိနှိုင်းဈေးနှင့်ရောင်းမည်။

ဖုန်း-၀၉-၄၂၃၆၇၅၃၈၂၊ ရန်ကုန်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၇၉၆၊ မြေကွက်တည်နေရာအမှတ် ၇၉၆၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးဘိုးထောင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးဘိုးထောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးသိန်းဝင်း ၁၂/ကတန(နိုင်)၀၁၄၇၂၁မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ အရောင်းစာချုပ်၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၃/၆၉၊ မြေကွက်တည်နေရာအမှတ် ၆၅၁၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးစန်းယု ၁၄/ပသန(နိုင်)၁၄၆၃၉၄ အမည်ပေါက် တစ်နှစ်ယာယီမြေ ၁$\frac{၆}{၁၀}$ မှ ၃၁$\frac{၅}{၁၁}$ အထိ မြေအားအမည်ပေါက် ဦးစန်းယုထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ချိုချိုထွန်း ၁၃/တကန(နိုင်)၀၀၉၇၄၄ က နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၃၃

ဦးမြခင် **နှင့်** ၁။ ဦးမြတ်ထွန်း
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီနီဝင်း) ၂။ ဒေါ်မျိုးသူဇာ
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဃ/၁၃)ရပ်ကွက်၊ ဆိပ်ကမ်းသာပတ်လမ်း၊ ကျူချောင်ရေတံခါးအနီးနေ ဒေါ်မျိုးသူဇာ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုပိုင်ဥယျာဉ်ခြံမြေအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ပြီး ကျောက်များစုပုံထားသူများအားဖယ်ရှား၍ ယင်းမြေကိုလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နန်းရွှေမြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၈၂)၊ မြေညီထပ်(ဝဲ)၊ ဧရိယာ(၁၃ပေ×ပေ၇၀)အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ မီလ္လာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေပိုင်ရှင်မှ အသိအမှတ်ပြုလက်မှတ်ရေးထိုး၍ ကျွန်ုပ်တို့၏မိတ်ဆွေက တရားဝင်ဝယ်ယူပြီး လက်ဝယ်ထားပိုင်ဆိုင်သောအခန်းဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B
တရားလွှတ်တော်ရှေ့နေ
ရုံး-အမှတ်(၁၃၆/၁၃၈)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ်(၃၇၃/က)၊ ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်ဟုခေါ်တွင်သော သာကေတမြို့နယ် (၅)ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ်(၃၇၃/က)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ရင်မေမှအမည်ပေါက်ပြီး ၎င်းထံမှ ဒေါ်အေမီကျော် ၁၂/သကတ(နိုင်)၁၃၆၁၀၈က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ LL.B,D.B.L	ဒေါ်ခင်မာနွယ် LL.B,D.B.L	ဒေါ်ဟန်သီစိုး LL.B,IDCS,IADCS
စဉ်-၂၈၆၄၁	စဉ်-၃၁၀၇၀	စဉ်-၃၉၄၄၇

အထက်တန်းရှေ့နေများ
အမှတ် ၁၃၆/၁၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၇၉၆၊ မြေကွက်တည်နေရာအမှတ် ၇၉၆၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးဘိုးထောင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးဘိုးထောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးသိန်းဝင်း ၁၂/ကတန(နိုင်)၀၁၄၇၂၁မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ အရောင်းစာချုပ်၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၄၊ မြေကွက်အမှတ် ၅၀၉/ခ၊ မြေကွက်တည်နေရာအမှတ် (၅၀၉/ခ)၊ ၁၀၄ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးချစ်ဆွေ ၉/မနမ(နိုင်)၀၈၂၁၃၄ ကွယ်လွန်သဖြင့် ဦးချစ်ဆွေထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဖွေဇာအမတ်(ခ)ဦးကျော်ဝင်း MDW-၂၃၈၀၂၅ က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၄၄၄/ခ၊ မြေကွက်တည်နေရာအမှတ် (၄၄၄/ခ)၊ တကောင်းလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင်ဆွေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ဆွေ ၁၂/ဥကတ(နိုင်)၀၇၈၀၅၉ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ မြေကွက်အမှတ် ၁၇၃၊ အိမ်အမှတ် ၂/ခ၊ ဘုရင့်နောင် ၁၆ လမ်းတွင် တည်ရှိသည့် အကျယ်ပေ(၂၀×၆၀) စလစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်းထွန်း ၁၂/သဃက(နိုင်)၁၆၉၃၂၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သီရိနိုင်
ဖုန်း-၀၉-၂၅၄၁၉၂၄၈၉

ကန့်ကွက်နိုင်ပါကြောင်း
သက်ဆိုင်သူများသိရှိစေရန် ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ဆုံရပ်၊ ဘုရားလမ်း၊ အမှတ် ၁၃၉ မြေတိုင်းအခေါ် ကွင်းအကွက်အမှတ်နှင့်အမည် (၂-က၊ ဆုံရပ်)၊ ဦးပိုင်အမှတ် ၁၂၅-ခ၊ မြေဧရိယာ ၀ ဒသမ ၀၂၁ဧကရှိ ဘိုးဘပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဦးသောင်းကြည်အမည်ဖြင့် ပေါ်ပေါက်တည်ရှိလျက် လက်ရှိနေထိုင် အသုံးပြုလျက်ရှိပြီး ရောင်းချလွှဲပြောင်း ပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဦးသောင်းကြည်၏ဇနီး ဒေါ်ဆယ်တင် ၈/ပဖန(နိုင်)၀၆၅၉၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက လက်ရောက်ရယူဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းကို ပေးချေဆောင်ရွက်ထားပြီးဖြစ်ပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများနှင့် ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းအထောက်အထားများကို ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းဝတ်ရည် LL.B,LL.M — **အထက်တန်းရှေ့နေ**
ဦးကျော်ညွန့် LL.B — **တရားလွှတ်တော်ရှေ့နေ**
အမှတ်(စီ-၂၇၅)၊ ၁၈လမ်းနှင့် ၄ရွှေဝါလမ်းထောင့်၊ ကန်သာရပ်၊ မကွေးမြို့၊
ဖုန်း-၀၆၃-၂၆၁၈၀၊ ၀၉-၅၃၄၂၇၇၅၊ ၀၉-၄၄၀၂၂၅၇၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၇၆၇ အမည်ပေါက် ဒေါ်မူမူ ၁၂/တမန(နိုင်)၀၀၄၆၇၆၊ L/RGN-၀၃၄၅၉၉သည် မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၁၁၁၁၊ မြေကွက်တည်နေရာအမှတ် ၁၁၁၁၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးစိုးမြင့် အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်ယုံ(ခ)ဒေါ်ခင်ရှဲ ၁၀/မဒန(နိုင်)၀၀၇၉၈၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းထံမှ GPအမှတ် ၆၅၈၈ (၂၉-၄-၂၀၁၃)ဖြင့် ပါဝါရရှိသူ ဦးဝင်းထွဋ် ၁၂/မဂဒ(နိုင်)၀၅၂၇၈ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၆၈၁/က)၊ မြေကွက်တည်နေရာအမှတ် (၆၈၁/က)၊ အနော်မာ(၁၆)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြလေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြလေး(မိခင်)နှင့် ဒေါ်ကျင်ခ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ရီရီမြင့် ၁၂/သကတ(နိုင်)၀၉၇၅၀၇၊ ၂။ ဦးမောင်မောင်ဦး ၁၂/သကတ(နိုင်)၀၃၉၉၄၆၊ ၃။ ဦးမြင့်အောင် ၇/ပတန(နိုင်)၀၅၆၆၉၄၊ ၄။ ဦးမြသွေး ၁၀/မဒန(နိုင်)၀၅၉၈၆၁၊ ၅။ ဦးသောင်းညွန့် ၁၂/ဒပန(နိုင်)၀၂၃၅၂၊ ၆။ ဦးမြင့်မောင် ၁၂/သကတ(နိုင်)၀၃၅၇၈၀ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၈/၂၀၁၄ နှင့် ၅၉/၂၀၁၄ ရရှိသူ ဦးခင်မောင်ဌေး ၁၂/တမန(နိုင်)၁၁၀၂၃၅ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၂-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ ၂၀ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ ဒေါပုံမြို့နယ် ဦးအောင်ကြည်+၂၏ ဂရန်မိတ္တူတွင် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင်ဦး ၁၂/ဒပန(နိုင်)၀၀၂၅၁၀ အစား ဦးခင်ဦး ၁၂/ဒပန(နိုင်)၀၀၂၅၁၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံး၌

၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၃၅

ကွယ်လွန်သူ ဦးလာန်လျှန်းမန်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်ညောင်အင်းလန်း **လျှောက်သူ**

အမှတ် ၁၀၉၈၊ စက်မှုလယ်ယာလမ်း၊ ၄၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် နေ ဒေါ်ညောင်အင်းလျှန်းက ကွယ်လွန်သူ ဦးလာန်လျှန်းမန်၏ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးလာန်လျှန်းမန်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးလာန်လျှန်းမန်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် မတ် ၆ ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၆ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ညောင်အင်းလန်း၏ လျှောက်ချက်ကိုနားကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)

ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တူးမိုင် ၁/မကန(နိုင်)၁၃၃၆၉၄၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၀၀၄၂၆

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဝိုင်း၏ သမီးဖြစ်သူ အင်တောမြို့၊ အထက၊ အလယ်တန်းပြ ဒေါ်မျိုးမျိုးနှင့် ဒေါ်မျိုးမျိုးသန်း ၅/ကလဝ(နိုင်)၀၁၀၁၂၉ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မျိုးမျိုး(ခ)ဒေါ်မျိုးမျိုးသန်း

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကေလာသ

သာသနာ့ရောင်ခြည်ကျောင်း၊ တိုးချဲ့မြို့သစ်၊ ထားဝယ်မြို့

သက်တော်(၅၇)နှစ်၊ သိက္ခာတော်(၃၂)ဝါ

(၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၃-၂-၂၀၁၄ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) ၁၂-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ညောင်ရမ်းတောင်ရပ်ကွက် ဘုန်းကြီးပျံကုန်း၌ မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ONE TEA JOB FAIR

- Chief Accountant
- Sale & Marketing Manager
- HR Staff (Executive)
- Assistant Accountant
- Sale & Marketing
- Receptionist & Phone Operator
- Accountant (Computer)
- Tele Sale (ဖုန်းဆော်ဒါ/အရောင်း)
- DTP Office Staff (Excel, Word, Pagemaker)
- Office Staff
- Driver
- Graphic Designer

▲ နေရာ - အမှတ်(15) Junction Square Compound ...

▲ Email . vacancy@og-m.com

မြန်မာ့အလင်း

ကြေးမုံ အားကစား

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

စစ်တောင်းတံတားအမှတ်(၃) ထန်းတပင်ကို တည်ဆောက်လျက်ရှိ

စာ - ၃

လူမှုစီးပွား

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေသည့် ရှမ်းပြည်နယ်နေ့

စာ - ၄

ခရီးသွား

လက်တွဲညီညီ SDC

စာ - ၅

ဇန်နဝါရီအပြောင်းအရွှေ့နှင့် ပရီမီယာလိဂ်အသင်းများ၏လားရာ - ၁

၂၀၁၄ ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ကတော့ ပိတ်သိမ်းသွားခဲ့ပြီ ဖြစ်သည်။ ထုံးစံအတိုင်း ပရီမီယာလိဂ်အသင်းများသည်သာ အပြောင်းအရွှေ့ဈေးကွက်ကို ဦးဆောင်ခဲ့သည်ဟုဆိုရမည်။ အထူးသဖြင့် ပရီမီယာလိဂ်အသင်းများအနက် ချယ်လ်ဆီးသည် ယခုနှစ် ဇန်နဝါရီဈေးကွက်၌ ငွေသုံးအများဆုံးအသင်းအဖြစ် ရပ်တည်ခဲ့ကာ မာတစ်၊ ဆာလာ၊ ဇူမာစသည့် ကစားသမားများကို ခေါ်ယူခဲ့သည်။ မန်ယူသည်လည်း ချယ်လ်ဆီးကစားသမား ဂျူအန်မာတာကို စံချိန်တင်ပြောင်းရွှေ့ကြေးပေးကာ ခေါ်ယူခဲ့ပြီး ပရီမီယာလိဂ်အသင်းများ၏ စုစုပေါင်း အသုံးပြုငွေသည်ပေါင်သန်း ၁၃၀ ထိ ရှိခဲ့သည်။ ထိုပမာဏသည် ၂၀၁၁ ဇန်နဝါရီ အပြောင်းအရွှေ့တုန်းက အသုံးပြုခဲ့သော ပေါင်

ပန်ချီယွန်

၂၂၅ သန်းကိုမမီသော်လည်း ဇန်နဝါရီဈေးကွက်များ၌ ပရီမီယာလိဂ်အသင်းများသည် အားဖြည့်မှုများကို ထိထိမိမိ လုပ်ဆောင်ခဲ့ကြသည်ဟု ဆိုရမည်။ ထို့ကြောင့် ဇန်နဝါရီဈေးကွက် ပိတ်သိမ်းသွားချိန်တွင် ခေါ်ယူခဲ့သော ကစားသမားများနှင့် ချိန်ဆကာ ပရီမီယာလိဂ်အသင်းများ၏ အနေအထားကို သုံးသပ်ဖော်ပြပေးလိုရာ ယခုတစ်ပတ်တွင် အာဆင်နယ်၊ ဗီလာ၊ ကာဒစ်ဖ်၊ ချယ်လ်ဆီး၊ ပဲလေ့စ်၊ အဲဗာတန်၊ ဖူလ်ဟမ်တို့ အကြောင်းကို စတင်ဖော်ပြပေးလိုက်ပါသည်။

အာဆင်နယ်

ခေါ်ယူမှု-ကီလ်စထရောင်း

အာဆင်နယ်သည် ယခုနှစ် ဇန်နဝါရီဈေးကွက်၌ အသင်းကို ထိရောက်သောအားဖြည့်မှုမျိုးပြုလုပ်နိုင်ခဲ့ခြင်းမရှိပေ။ အထူးသဖြင့် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် အာစင်ဝင်းဂါးသည် စပါးတပ်မော်စကို ကွင်းလယ်ကစားသမား ကီလ်စထရောင်းတစ်ဦးကိုသာ အငှားဖြင့် ခေါ်ယူနိုင်ခဲ့သည်။ သို့သော် ခေါ်ယူ

ဟော့ဘီ

ခဲ့သည့် ကီလ်စထရောင်းမှာလည်း ဒဏ်ရာရရှိနေရာ အာစင်ဝင်းဂါးအနေဖြင့် လတ်တလော အသုံးပြု၍မရပေ။ ထို့အပြင် အာစင်ဝင်းဂါအနေဖြင့် ဂီရောက်ဒ်တစ်ဦးကိုသာ အားပြုနေရသော တိုက်စစ်ပိုင်းကိုလည်း အားဖြည့်နိုင်ခြင်းမရှိ သကဲ့သို့ ဝီလ်ရှီးယား၊ ရမ်ဆေးတို့သည်လည်း ဒဏ်ရာရရှိနေရာ အာဆင်နယ်သည် ယခု ဇန်နဝါရီဈေးကွက်၌ အသင်း၏ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခြင်းမရှိဟု သုံးသပ်ရပေမည်။

ဗီလာ

ခေါ်ယူမှု-ဂရမ့်ဟော့၊ ဘားထရန့်

ဗီလာသည် ယခုနှစ်ဇန်နဝါရီဈေးကွက်၌ ဝီဂန်တိုက်စစ်မှူး ဂရမ့်ဟော့ကို အငှားဖြင့် ခေါ်ယူခဲ့သလို ချယ်လ်ဆီးကစားသမား ဘားထရန့်ကိုလည်း အငှားဖြင့် ခေါ်ယူသွားခဲ့သည်။

အထူးသဖြင့် ဂရမ့်ဟော့ကိုခေါ်ယူမှုသည် ဘန်တီကီတစ်ဦးတည်းကိုသာ အားပြုနေရသော တိုက်စစ်ပိုင်းအတွက် အရန်အင်အားကို တောင့်တင်းစေသကဲ့သို့ ယခုနှစ်ရာသီတွင် ကျစ်လျစ်မှုမရှိဘဲ ပေးဂိုးအများဆုံး အသင်းများအနက် တစ်သင်းအပါအဝင်ဖြစ်လျက်ရှိသော ခံစစ်ကြောင်းအတွက်လည်း ဘားထရန့်ကိုခေါ်ယူမှုသည် ထိမိသော အားဖြည့်မှုဟု ဆိုရမည်။ ထို့အပြင် ဗီလာသည် ဒီဇန်နဝါရီဈေးကွက်၌ အသင်းမှ ထွက်ခွာသွားသူဟူ၍ စတီဗင်အိုင်ယာလန်တစ်ဦးသာ ထင်ထင်ရှားရှားရှိပြီး ကျန်ကစားသမားများမှာမူ လူငယ်ကစားသမားများသာ ဖြစ်နေသောကြောင့် ဗီလာအနေဖြင့် ဇန်နဝါရီဈေးကွက်၌ အသင်း၏ လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းနိုင်ခဲ့သည်ဟု ဆိုရပေမည်။

ကာဒစ်ဖ်

ခေါ်ယူမှု-အီကာရမ်၊ ကီဝင်ဂျုံးစ်၊ ဘားဂက်စ်၊ ဖာဘီယို၊ ဇာဟာ၊ ဒေါ့ချ်လီ

ယခုနှစ် ဇန်နဝါရီဈေးကွက်တွင် ကစားသမားအရေအတွက် အရအပြောင်းအလဲအများဆုံးအသင်းမှာ ကာဒစ်ဖ်ဟု ဆိုရမည်။ အသင်း၏ တိုက်စစ်မှူး အိုဒန်ဝင်ဂီကို စတုတ်တိုက်စစ်မှူး ကီဝင်ဂျုံးစ်နဲ့ လဲလှယ်ခဲ့သလို ဟီရန်ဗင်း ကစားသမား အီကာရမ်၊ မီဒီကစားသမားများဖြစ်သည့် ဒေါ့ချ်လီ၊ ဘားဂက်စ်တို့ကို ခေါ်ယူခဲ့သလို မန်ယူကစားသမားများဖြစ်သည့် ဖာဘီယိုနှင့် ဇာဟာတို့ကိုလည်း အငှားဖြင့် ထပ်မံခေါ်ယူခဲ့သည်။ ကာဒစ်ဖ်အနေဖြင့် မန်နေဂျာနေရာ၌ ဆိုးရှားလ်ကို အစားထိုးခန့်အပ်ထားရာ ဆိုးရှားလ်အနေဖြင့် သူ့စိတ်တိုင်းကျအသင်းကို ကိုင်တွယ်နိုင်ရန် ယခုကဲ့သို့ အပြောင်းအလဲများစွာပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ကာဒစ်ဖ်၏ အပြောင်းအရွှေ့များကို ကြည့်မည်ဆိုပါက ဖာဘီယို၊ ဇာဟာ၊ ကီဝင်ဂျုံးစ် တို့ကဲ့သို့သော ကစားသမားများကို ရရှိခဲ့ခြင်းမှာ ကောင်းမွန်သည်ဟု ဆိုနိုင်သည်။ သို့သော် နှစ်ဝက်ကာလအတွင်း ယခုကဲ့သို့အပြောင်းအလဲများစွာပြုလုပ်ခြင်းကြောင့် အသင်းအနေဖြင့် အထိုင်သစ်ဖြစ်တည်လာနိုင်ကာ အလျင်အမြန် အထိုင်ကျခြင်းမရှိပါက တန်းဆင်းရမည့်

ကီဝင်ဂျုံးစ်

ထရာအိုရေး

လင်းဆက်

အန္တရာယ်အတွင်းမှ ရုန်းထွက်နိုင်ရန် လွယ်ကူမည်မဟုတ်ပေ။ ထို့ကြောင့် ကာဒစ်ဖ်အတွက် ဇန်နဝါရီဈေးကွက်သည် အရဲစွန့်ခဲ့သော ကာလ

ဂရမ့်ဟော့

တစ်ခုဟု ဆိုရမည်။

ချယ်လ်ဆီး

ခေါ်ယူမှု-ထရာအိုရေး၊ မာတစ်၊ ဆာလာ၊ ဇူမာ

ချယ်လ်ဆီးသည် ယခုနှစ် ဇန်နဝါရီဈေးကွက်၌ ငွေသုံးအများဆုံးအသင်းဟု ဆိုရမည်။ လူငယ်ကစားသမားများဖြစ်သည့် ထရာအိုရေးနှင့် ဇူမာတို့အပါအဝင် ဘင်ဖီကာ ကွင်းလယ်ကစားသမားမာတစ်နှင့် ဘေဆယ် တောင်ပံကစားသမား ဆာလာတို့ကို ခေါ်ယူခဲ့ကာ အသင်းမှ မာတာ၊ အက်ဆီယန်နှင့် ဒီဘရူနီ တို့သာ အထွက်ရှိခဲ့သည်။ ချယ်လ်ဆီး၏ အပြောင်းအရွှေ့ကို သုံးသပ်ကြည့်မည်ဆိုပါက စနစ်ကျသော လုပ်ရပ်ဟုဆိုရမည်။ အထူးသဖြင့် စိန့်အက်တီယန်မှ ခေါ်ယူပြီး ရာသီကုန်အထိ စိန့်အက်တီယန်သို့ပင် အငှားပြန်ချခဲ့သော ဇူမာသည် အနာဂတ်အတွက် အားပြုရမည့်သူဖြစ်သည်။ တယ်ရီအသက်ကြောင့် အကျဘက်ရောက်လာမှု၊ လူးဝစ်ဇ်၏ အနာဂတ်မသေချာမှုများကြောင့် အားပျော့ဖွယ်ရှိနေသောချယ်လ်ဆီး ခံစစ်အတွက် ဇူမာသည် ကြိုတင်အစားထိုးမှုတစ်ရပ်ဖြစ်သည်။ ထို့အပြင် ဒီဘရူနီ၊ အက်ဆီယန်၊ မာတာတို့ထက် အသင်းနှင့် ပိုမိုအံဝင်နိုင်သော မာတစ်၊ ဆာလာတို့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းမှာ လက်ရှိကာလအတွင်းအသင်း၏ အင်အားကျဆင်းမသွားရန် အကောင်းဆုံးဖြည့်ဆည်းမှု တစ်ရပ်ဖြစ်သည်။

ပဲလေ့စ်

ခေါ်ယူမှု-ပန်ချီယွန်၊ စကော့ဒန်း၊ ဟာနီဆေး၊ တွမ်အင့်၊ ဂျိုးလက်လေ

တန်းမဆင်းရဖို့ ရုန်းကန်နေရသောပဲလေ့စ်

ကီလ်စထရောင်း

သည်လည်း ဆောက်သမ်တန်တွင် ခြေစွမ်းပြနေသော ပန်ချီယွန်၊ ဆဲလ်တစ်ကစားသမား ဂျိုးလက်လေ၊ ပရီမီယာလိဂ်အတွေ့အကြုံရင့် ဘလက်ဘန်းခံစစ်မှူးစကော့ဒန်း၊ ဝုဖ်ကစားသမား ဟာနီဆေးတို့ကို ခေါ်ယူခဲ့သည့်အပြင် ဘလက်ပူးလ်ကစားသမား တွမ်အင့်ကိုလည်း အငှားဖြင့်ခေါ်ယူခဲ့သည်။ အထူးသဖြင့် ပဲလေ့စ်သည်ခံစစ်နှင့် ကွင်းလယ်ကို အဓိကအားဖြည့်ခဲ့ခြင်းဖြစ်ကာ ဂျိုးလက်လေရောက်ရှိလာခြင်းကြောင့် ကွင်းလယ်ပိုင်းပြည့်စုံသွားနိုင်သလို တောင်ပံကစားသမားပန်ချီယွန်နှင့် ကွင်းလယ်တိုက်စစ်ကစားသမား တွမ်အင့်တို့ ရောက်ရှိလာခြင်းကြောင့်လည်း ချာမတ်ကိုသာ အားပြုနေရသော တိုက်စစ်အတွက် ပိုမိုပြည့်စုံသွားနိုင်ကာ စကော့ဒန်းသည်လည်း ခံစစ်ကို အထိုက်အလျောက် အားဖြည့်နိုင်သူဖြစ်သည်။ သို့သော် ပဲလေ့စ်သည်လည်း အပြောင်းအလဲများပြားခဲ့ခြင်းကြောင့် ကာဒစ်ဖ်နည်းတူ အထိုင်မကျခဲ့ပါက တန်းဆင်းရမည့်အန္တရာယ်မှ ရုန်းထွက်နိုင်ရန် ခက်ခဲနိုင်သည်။

အဲဗာတန်

ခေါ်ယူမှု-စတာနက်၊ ထရာအိုရေး၊ မက်ဂီယာဒီ

ယခုနှစ်တွင် မထင်မှတ်သောခြေစွမ်းများနှင့် ခြေစွမ်းများ ပြသလျက်ရှိသော အဲဗာတန်သည် အသင်း၌ ခြေစွမ်းကျဆင်းလာသည့် ဂျီလာဗစ်ကို ရောင်းချကာ မိုနာကို၏ လူငယ်တိုက်စစ်မှူး ထရာအိုရေးကို အငှားဖြင့်ပြန်လည်ခေါ်ယူနိုင်ခဲ့သည်။ ထို့အပြင် ကွင်းလယ်ပိုင်းကိုလည်း အားဖြည့်နိုင်ရန်အတွက် စပါးတပ်မော်စကိုကွင်းလယ်ကစားသမား မက်ဂီယာဒီကို ခေါ်ယူကာ အသက် ၁၇ နှစ်အရွယ် စပါးတပ်ကစားသမား စတာနက်ကိုလည်း အနာဂတ်အတွက် ခေါ်ယူခဲ့သည်။ သို့သော် အသင်း၏ အားထားရသော ခံစစ်မှူး ဟိုင်တင်ဂါ ထွက်ခွာမှုကို အချိန်မီပြန်လည်အားဖြည့်နိုင်ခြင်းမရှိခဲ့ခြင်းက အဲဗာတန်၏ လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။

ဖူလ်ဟမ်

ခေါ်ယူမှု-ဒမ်ဆေး၊ ကီဘတ်၊ ဟော့ဘီ၊ မီထရိုဂလူးစ်၊ ဟိုင်တင်ဂါ၊ တန်နီကလစ်ဖီ၊ ကာနယ်ကိုးလ်

ဖူလ်ဟမ်သည်လည်း ယခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့တွင် ကစားသမားအများအပြားကို ခေါ်ယူခဲ့သောအသင်း ဖြစ်သည်။ သို့သော် မန်ယူလူငယ်ကစားသမားများဖြစ်သည့် တန်နီကလစ်ဖီနှင့် ကာနယ်ကိုးလ်တို့ကို ခေါ်ယူမှုမှာ အနာဂတ်အတွက်ဖြစ်ပြီး ဟိုင်တင်ဂါ၊ မီထရိုဂလူးစ်တို့ကို ခေါ်ယူခြင်းမှာမူ ထိရောက်သော ခေါ်ယူမှုဟု ဆိုရာမှ ဟိုင်တင်ဂါသည် အသင်း၏ ပြိုပျက်လျက်ရှိသော ခံစစ်ကြောင်းကို အကောင်းဆုံး အားဖြည့်နိုင်သူဖြစ်ကာ ဘာဘာတော့ဗ် ထွက်ခွာသွားသောတိုက်စစ်ပိုင်းအတွက်လည်း မီထရိုဂလူးစ်သည် အကောင်းဆုံး အစားဝင်နိုင်သူဖြစ်သည်။ ထို့အပြင်စတုဂတ်ကွင်းလယ်ကစားသမား ကီဘတ်၊ စပါးကွင်းလယ်ကစားသမား ဟော့ဘီ၊ ဆီယက်တဲလ်ကွင်းလယ်ကစားသမား ဒမ်ဆေးတို့ကို ခေါ်ယူခဲ့ခြင်းမှာလည်း ကွင်းလယ်ပိုင်းကို ပိုမိုတောင့်တင်းလာစေနိုင်ရာ ဇန်နဝါရီဈေးကွက်သည် ဖူလ်ဟမ်အတွက် လုံလောက်သောအားဖြည့်မှုကို ပြုလုပ်နိုင်ခဲ့သော ကာလဟုသာ ဆိုချင်မိသည်။

ချယ်လ်ဆီးရဲ့ အနာဂတ်ခံစစ်တံတိုင်း သို့မဟုတ် ဇူမာ

ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ ဆောင်းရာသီဈေးကွက်အတွင်း ကစားသမားသစ်ခေါ်ယူဖို့အတွက် ယူရို ၅၂ ဒသမ ၈ သန်းအထိအသုံးပြုခဲ့ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးရဲ့ ဇန်နဝါရီဈေးကွက်မှာ အသုံးပြုထားတဲ့ ငွေကြေးဟာ ဥရောပထိပ်တန်းအသင်းများအားလုံးရဲ့ ရှေ့ဆုံးမှာရှိနေပါတယ်။ ဒါတင်မကပါဘူး။ ပရီမီယာလိဂ်မှာလည်း ငွေကြေးအသုံးအများဆုံးအသင်းလည်းဖြစ်နေပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ပြီးခဲ့တဲ့ဈေးကွက်အတွင်း ကွင်းလယ်အတွက် မာတစ်၊ ဆာလာတို့ကို ခေါ်ခဲ့သလို နောက်တန်းခံစစ်အတွက်တော့ ပြင်သစ်ကလပ် စိန့်အက်တီယန်အသင်းရဲ့ လူငယ်ခံစစ်မှူး ဇူမာကိုခေါ်ယူခဲ့ပါတယ်။

အဲဒီခေါ်ယူခဲ့တဲ့ကစားသမား သုံးဦးထဲမှာ ဇူမာဟာ အသက်အငယ်ဆုံးဖြစ်ပြီး ၁၉နှစ်သာရှိနေပါသေးတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီး အသင်းဟာသူ့ကို နှစ်ရှည်စာချုပ်အဖြစ် ငါးနှစ်ခွဲအထိ ချုပ်ဆိုလိုက်ခြင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းဟာ ဇူမာကို သူ့ရဲ့အသင်းဟောင်းမှာပဲ ရာသီကုန်အထိအငှားနဲ့ ဆက်လက်ကစားစေပါတယ်။ ဇူမာဟာ အသက်ငယ်သေးပေမယ့် ဥရောပရဲ့ အကောင်းဆုံး ခံစစ်မှူးတစ်ဦးဖြစ်လာမယ့် သူအဖြစ် သတ်မှတ်ခြင်းခံထားရသူလည်း ဖြစ်ပါတယ်။ ဇူမာဟာ ပြင်သစ်ယူ-၁၆ အသင်းမှ ယူ-၂၁အသင်းအထိ အကောင်းဆုံးပါဝင်ကစားနေသည့် ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ စိန့်အက်တီယန်အသင်းမှာ ၂၀၁၁ ခုနှစ်က စတင်ပါဝင်ပွဲထွက်ကစားခဲ့ခြင်းဖြစ်ပြီး သူစတင်ကစားချိန်က အသက်ဟာ ၁၆ နှစ်သာရှိနေပါသေးတယ်။ သူဟာလူငယ်ကစားသမားတစ်ဦးဖြစ်ပေမယ့် ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်ကလည်း လူတိုင်းဂရုပြုစရာ ဖြစ်နေပါတယ်။ သူဟာ အရပ် ၆ပေ၊ ၃ လက်မရှိတာကြောင့် အရပ်မြင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ရမှာဖြစ်ပြီး သူ့ရဲ့အရပ်အမောင်းကြောင့် အမြင့်ဘောတွေဖျက်ထုတ်ရာမှာတော့ သူ မတူအောင် ကောင်းမွန်တဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်လိဂ်ဝမ်းရဲ့ အမြန်ဆုံးခံစစ်မှူး တစ်ဦးအဖြစ်သတ်မှတ်ခြင်းခံထားရသူလည်း ဖြစ်ပါတယ်။

ဇူမာဟာ ပြီးခဲ့တဲ့နိုဝင်ဘာလက ဆိုချော့အသင်းနဲ့ပွဲမှာ ဆိုချော့ကစားသမားသောမက်ဂူဘတ်ကို ညာခြေထောက်ကျိုးပြီး ခြေချင်းဝတ် အဆစ်လွဲအောင် ကြမ်းတမ်းစွာဖျက်ထုတ်ခဲ့တဲ့အတွက် ၁၀ ပွဲပယ် ပြစ်ဒဏ်ခံခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီပြစ်ဒဏ်ဟာ သူ့ဘဝကို သိသိသာသာပြောင်းလဲစေခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။ သူဟာ ၁၀ပွဲပယ်ပြစ်ဒဏ်ပြီးလို့ ပြန်လည်ကစားလာနိုင်တဲ့ အချိန်မှာတော့ ကစားတဲ့နေရာမှာ အရင်ကထက် ပိုမိုအေးဆေးထားကစားလာတာကိုတွေ့ရပါတယ်။ အဲဒါတွေဟာလည်း သူ့ရဲ့ကစားသမားဘဝကို ပိုမိုတိုးတက်မှုရှိနေစေခဲ့တယ်လို့ ပြောရမှာပါ။ ဇူမာဟာဗဟိုခံစစ်မှူး တစ်ဦးဖြစ်ပေမယ့် လိုအပ်ပါက ဘယ်နောက်ခံ လူငယ် ကစားသမား အဖြစ်ပါ ကစားနိုင်တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် အရပ်မြင့်ကစားသမားတစ်ဦး ဖြစ်တာကြောင့် သူ့ရဲ့အဓိကအားနည်းချက်ကတော့ အနိမ့်ဘောတွေကို ဖျက်ထုတ်မှုမှာ အနည်းငယ် အားနည်းတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်း မန်နေဂျာမော်ရင်ညိုက “သူဟာ ချယ်လ်ဆီးအသင်းပြီးခဲ့တဲ့ နှစ်တွေက ခေါ်ယူခဲ့တဲ့ ကစားသမားတွေလိုပဲ ထင်ပေါ်လာမယ့် လူငယ်ကစားသမားတစ်ဦးပါ။ သူဟာပရီမီယာလိဂ်နဲ့လည်း အံဝင်ခွင်ကျရှိမယ့် ကစားသမားတစ်ဦးလို့လည်း ထင်ပါတယ်။ သူဟာ အခုအချိန်မှာ အငှားနဲ့ ဆက်လက်ကစားနေတယ်ဆိုပေမယ့် လာမယ့်ရာသီအကြိုမှာတော့အသင်းကို ပြန်လည်ရောက်ရှိလာမှာပါ။ သူဟာ ကျွန်တော်တို့အသင်းအနာဂတ်အတွက် လိုအပ်နေတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ရုပ်ပိုင်းဆိုင်ရာသာမက နည်းစနစ်ပိုင်းကလည်း အသင်းမှာ ပါဝင်ကစားနိုင်ဖို့အတွက် အဆင်သင့်ဖြစ်နေတဲ့ ကစားသမားတစ်ဦးပါ”ဟုလည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ချယ်လ်ဆီးဟာ ဇူမာကို အသင်းရဲ့ ကပ္ပတိန်တယ်ရီရဲ့နေရာမှာ အစားထိုးဖို့အတွက် လျာထားပါတယ်။ တယ်ရီဟာ လက်ရှိအချိန် အသင်းမှာ အကောင်းဆုံးကစားနိုင်ပေမယ့် သူ့ရဲ့အသက်အရွယ်ကြောင့် အကောင်းဆုံး ဆက်လက်ကစားနိုင်ဖို့ကတော့ သံသယဖြစ်စရာရှိနေပါတယ်။ ဒါကြောင့် ချယ်လ်ဆီး မန်နေဂျာ မော်ရင်ညိုအနေနဲ့ နောက်တန်းခံစစ်အတွက် အချိန်မရွေး အစားထိုးနိုင်ရန်အတွက် ဇူမာကို ခေါ်ယူထားခြင်းဖြစ်တယ်လို့လည်း ဆိုရမှာပါ။ ဒါကြောင့် ဇူမာဟာ ချယ်လ်ဆီးခံစစ် တံတိုင်းအတွက် အကောင်းဆုံး နောက်တန်း ခံစစ်မှူးတစ်ဦး ဖြစ်လာမလားဆိုတာကတော့ အနာဂတ်မှာပဲ ဆက်လက်စောင့်ကြည့်ရမှာပါ။

ဇူမာ ကိုယ်ရေးအကျဉ်း

အမည်
ကတ်ဇူမာ

မွေးနေ့
၂၇-၁၀-၁၉၉၄

မွေးရပ်
လယွန်၊ပြင်သစ်

အရပ်
၆ပေ၊၃လက်မ

နေရာ
ဗဟိုခံစစ်

ကစားခဲ့သည့်အသင်း
-စိန့်အက်တီယန်(၂၀၁၁-၂၀၁၄)

နိုင်ငံအသင်းမှတ်တမ်း
ပြင်သစ်ယူ-၁၆၊ယူ-၁၇၊ယူ-၁၉၊ယူ-၂၀၊ယူ-၂၁

> ။ သူဟာ အရပ် ၆ပေ၊ ၃ လက်မရှိတာကြောင့် အရပ်မြင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ရမှာဖြစ်ပြီး သူ့ရဲ့အရပ်အမောင်းကြောင့် အမြင့်ဘောတွေဖျက်ထုတ်ရာမှာတော့ သူမတူအောင် ကောင်းမွန်တဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်လိဂ်ဝမ်းရဲ့ အမြန်ဆုံးခံစစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသူလည်းဖြစ်ပါတယ်။ ။

အောင်က

မိမိနှင့်ယှဉ်ပြိုင်ထိုးသတ်မည့်သူကို ရွေးချယ်ပေးရန် ပရိသတ်များအား ဖလွိုက်မေဝဲလ်သာတောင်းဆို

အောင်က

ဖလွိုက်မေဝဲလ်သာ

အမေရိကန် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဖလွိုက်မေဝဲလ်သာက ဗြိတိန်လက်ဝှေ့သမား အမီယာခန်းနှင့် အာဂျင်တီးနားလက်ဝှေ့သမား မာကို့စ်မိုင်ဒါနာတို့အနက်မှ မည်သူနှင့်ရင်ဆိုင်ထိုးသတ်ရမည်ဆိုသည်ကို ရွေးချယ်ပေးရန် သူ၏ပရိသတ်များကို တောင်းဆိုမှုပြုလုပ်လိုက်သည်။

အမီယာခန်းသည် မေဝဲလ်သာအား သူနှင့်ထိုးသတ်ရန် တိုက်တွန်းပြောဆိုမှုများ ပြုလုပ်လျက်ရှိပြီး အသက် ၃၀ အရွယ် လက်ရှိ WBA ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ရှင် မိုင်ဒါနာသည်လည်း မေဝဲလ်သာနှင့် ထိုးသတ်ဖြစ်ဖွယ်ရှိကြောင်း ထင်ကြေးပေးမှုများ ထွက်ပေါ်လာခဲ့သည်။

မေဝဲလ်သာက သူ၏ Twitter စာမျက်နှာတွင် “ကျွန်တော့်ဟာ ဘယ်သူနဲ့ ယှဉ်ပြိုင်ထိုးသတ်သင့်သလဲ။ အမီယာခန်းနဲ့လား၊ မိုင်ဒါနာနဲ့လား။ ပရိသတ်တွေက ကျွန်တော့်ပြိုင်ဘက်ကို ရွေးချယ်ပေးဖို့ တောင်းဆိုပါတယ်”ဟု ရေးသားထားသည်။

မိုင်ဒါနာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားသက်တမ်းအတွင်း ၃၈ ပွဲထိုးသတ်ခဲ့ရာတွင် ၃၅ ပွဲအနိုင်ရရှိခဲ့ကာ သုံးပွဲ အရေးနိမ့်ခဲ့ပြီး ၃၁ ပွဲတွင် အလဲထိုးနိုင်ခဲ့သူဖြစ်သည်။ မိုင်ဒါနာသည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၁၁ ရက်တွင် WBA လိုက်ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် အမီယာခန်းနှင့် ထိုးသတ်ခဲ့ရာတွင် ရှုံးနိမ့်ခဲ့သည်။

နာမည်ကျော် လက်ဝှေ့သမား မေဝဲလ်သာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်တွင် Denver Broncos အသင်းနှင့် Seattle Seahawks အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော အမေရိကန်ဘောလုံးပွဲတွင် Denver Broncos အသင်းအနိုင်ရရှိလိမ့်မည်ဟု အမေရိကန်ဒေါ်လာ ၁၀ သန်း အလောင်းအစားပြုလုပ်ခဲ့ကြောင်း၊ သို့သော်လည်း Denver Broncos အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့ရ၍ မေဝဲလ်သာအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀ သန်း ဆုံးရှုံးခဲ့ရကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

သို့သော်လည်း မေဝဲလ်သာကမူ အဆိုပါသတင်းကို ငြင်းဆိုထားသည်။

မေဝဲလ်သာသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် အမေရိကန်လက်ဝှေ့အားကစားကလောင်ရှင်များအဖွဲ့က ရွေးချယ်ပေးအပ်သည့် ၂၀၁၃ ခုနှစ်အတွက် Fighter of the Year ဆုကို ရရှိခဲ့သည်။

မေဝဲလ်သာသည် အဆိုပါဆုကို ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် တွင်လည်း ရရှိခဲ့ဖူးကာ ယခု ဒုတိယအကြိမ်ရရှိခဲ့ခြင်း ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး

စစ်တောင်းတံတားအမှတ်(၃)ထန်းတပင်ကို တည်ဆောက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့ရှိ စစ်တောင်းမြစ်ပေါ်တွင် တည်ဆောက်ထားသော စစ်တောင်းတံတားအမှတ် (၃) ထန်းတပင်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ တည်ဆောက်လျက်ရှိရာ ယခုလုပ်ငန်းတည်ဆောက်ပြီးစီးမှုအခြေအနေမှာ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါစီမံကိန်းမှ အငယ်တန်းအင်ဂျင်နီယာ ဦးနိုင်ဝင်းထွန်း၏ ပြောကြားချက်အရ သိရသည်။ လက်ရှိအခြေအနေတွင် ကျန်ရှိနေသည့် ရေလယ်တိုင်နှင့် တံတားရက်မ (plate girder) တင်ခြင်း စသည့် အဓိကလုပ်ငန်းများကို ဆောင်ရွက်နေပြီး တံတားကြမ်းခင်းနှင့် တံတားလက်ရန်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းသတ်မှတ်ကာလ ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် လူအင်အား၊ စက်အင်အားဖြင့် အရှိန်အဟုန်မြှင့်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ကူးတံတားသည် သံကူကွန်ကရစ်ဘိုးပိုင်ဖောင်ဒေးရှင်း အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၁၂၀၀၊ ကားလမ်းအကျယ် ၂၄ ပေနှင့် တစ်ဖက်တစ်ချက်တွင် သုံးပေအကျယ်ရှိသည့် လူသွားလမ်းပါရှိသည်။ တံတားခံနိုင်ဝန်တန်မှာ တန် ၆၀ ဖြစ်သည်။ ယင်းတံတားသည် ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်း မိုင်တိုင်အမှတ် (၁၇၂/၃) မှ တောင်ငူ-ထန်းတပင်လမ်းပေါ်ရှိ မြင်းစုကျေးရွာနှင့် ထန်းတပင်မြို့ကို ဖြတ်ဖောက်ထားခြင်းဖြစ်သည်။

ယင်းတံတားကြီး ရာနှုန်းပြည့်ပြီးစီးသွားလျှင် ဒေသခံပြည်သူများအနေဖြင့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

တောင်ငူ-ထန်းတပင်လမ်းပေါ်ရှိ မြင်းစုကျေးရွာနှင့် ထန်းတပင်မြို့တို့ကို ဖြတ်ဖောက်ထားသည့် စစ်တောင်းမြစ်ကူးတံတား ရာနှုန်းပြည့်ပြီးစီးသွားလျှင် ဒေသခံပြည်သူများအနေဖြင့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်

သူရ(တောင်ငူ)

မန္တလေးတိုင်းဒေသကြီး

ရမည်းသင်းမြို့တွင် ဆွမ်းဆန်စိမ်းလောင်းလှူ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီမှစတင်၍ စံပြသိမ်ကုန်းမုဋ္ဌလိန္ဒာ ပရိယတ္တိစာသင်တိုက်နှင့် ပျဉ်တပ်ရပ်ကွက် ရန်အောင်မင်းကျောင်းပရိယတ္တိစာသင်တိုက်တို့တွင် ပရိယတ္တိစာပေများကို သင်အံကြိုးစားအားထုတ်နေကြသော သံဃာတော် ၂၀၀ ပါး ရမည်းသင်းမြို့ပေါ်ရပ်ကွက်များသို့ တစ်နှစ်တစ်ကြိမ် ကြွရောက်အလှူခံခဲ့ရာ ၁၄ နှစ်သို့ ရောက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စိတ်စေတနာသဒ္ဒါတရားထက်သန်စွာဖြင့် ဆွမ်းဆန်အလှူငွေနှင့် အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းကြရာ ဆန် ၅၀၂ တင်း ရှစ်ပြည်၊ တန်ဖိုး ၅၇၆၅၀၀၀၊ ငွေသားအလှူခံရငွေ ၂၄၃၄၁၀၀ အခြားပစ္စည်းစုံ တန်ဖိုး ၅၆၅၀၀၀ ရရှိကြောင်း ယင်းနေ့ညနေ ၅ နာရီခွဲတွင် မြို့လယ်ရန်အောင်မြင်မွှာရုံသို့ ပြန်လည်ရောက်ရှိပြီး ဆရာတော်ဦးဝိမလက လှူဒါန်းမှု အစုစုတို့ကို ရေစက်ချအမျှပေးဝေကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ

(ယခင်အပတ်မှအဆက်)

၆။ ယာဉ်လိုင်းပေါ်တွင် လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူနှင့် ယာဉ်မှူး/ယာဉ်လိုက်များ စကားအခြေအတင်ပြောဆိုပြီး အချင်းများခြင်း၊ ယာဉ်မှူး/ယာဉ်လိုက်များဆက်ဆံရေးမပြေပြစ်ကြောင်းတိုင်ကြားလာပါက မည်ကဲ့သို့ အရေးယူဖြေရှင်းဆောင်ရွက်သည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ ယာဉ်ပေါ်တွင် လိုက်ပါခရီးသွားသည့် ခရီးသည်နှင့် ယာဉ်မှူး/ယာဉ်လိုက်များ စကားအခြေအတင်ပြောဆိုပြီး အချင်းများခြင်း၊ ဆက်ဆံရေး မပြေပြစ်ကြောင်း၊ နေ့ရက်၊ အချိန်၊ ယာဉ်လိုင်းအမှတ်ယာဉ်နံပါတ်နှင့်တကွ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(မြို့တွင်း)ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသားပေးပို့၍ဖြစ်စေ တိုင်ကြားလာပါက သက်ဆိုင်ရာ ယာဉ်အသင်းတာဝန်ခံ၊ ယာဉ်ကိုင်ငင်းနေ့တွင် မောင်းနှင်/လိုက်ပါခဲ့သည့် ယာဉ်မှူး/ယာဉ်လိုက်များနှင့်တကွ ခေါ်ယူ၍ ဖြစ်စဉ်အပေါ်စစ်ဆေးမေးမြန်းပြီး ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုအခြေအနေပေါ်မူတည်၍ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (မြို့တွင်း)ရုံးတွင် ဖွဲ့စည်းထားသည့် စစ်ဆေးအရေးယူရေးခုံအဖွဲ့မှ ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်း၊ ဒဏ်ငွေတပ်ရိုက်ခြင်း၊ အလုပ်ဆင်းခွင့်ရက်ပိတ်ခြင်းများ အပြစ်ပေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ အိုးတော်ရပ်ကွက် သိမ်ကြီးဈေး၏ အရှေ့ဘက်ခြမ်းရှိ သံလမ်းကို အုတ်တံတိုင်းဖြင့် ကာရံထားခြင်းကြောင့် သံလမ်းအတွင်းသို့ အမှိုက်ပစ်ခြင်း၊ အခင်းစွန့်ခြင်း၊ ဈေးရောင်းခြင်းနှင့် မဖွယ်မရာကိစ္စများဖြစ်ပေါ်ခြင်းများ တွေ့ရှိရခြင်းကြောင့် ၎င်းကာရံထားသော အုတ်တံတိုင်းအစား သံဆန်ခါ ကာရံပေးသင့်ပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ အဆိုပါနေရာသည် အမရပူရ-ရတနာ့ဂူဘူတာကြား ရထားလမ်းအနီး ဈေးရှိသောနေရာဖြစ်ခြင်း၊ ရထားသွားလာမှုများပြားသော လမ်းပိုင်းဖြစ်နေခြင်းကြောင့် ရထားဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးရည်ရွယ်၍ မြန်မာ့မီးရထားမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် အုတ်တံတိုင်းကာ ဆောင်ရွက်ပေးထားခြင်းဖြစ်ပါသည်။ စည်းကမ်းမဲ့အမှိုက်မပစ်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများနှင့် ရပ်ကွက်မှတာဝန်ရှိသူများ ပူးပေါင်းကြပ်မတ်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၈။ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မော်တော်ယာဉ် ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များကို မြို့နယ်အတွင်းသို့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းကိစ္စများအား ဝေးလံသည့်မြို့နယ်များသို့ ဦးစားပေး၍ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရန် ကြိုတင်စီမံချက်ရေးဆွဲပြီး လစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုသိမ်ကြီးမြို့နယ်တွင် ပါဝင်သော ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)သည် ဝေးလံပြီးယာဉ်စီးရေများပြားသည့် မိုးကုတ်၊ စဉ့်ကူး၊ သပိတ်ကျင်း၊ မတ္တရာမြို့နယ်များသို့ အလှည့်ကျလစဉ် သွားရောက်လျက်ရှိပါသည်။ ပုသိမ်ကြီးမြို့နယ်သည် မန္တလေးမြို့အနီးတွင် တည်ရှိပြီး ဌာနအနေဖြင့် ဝန်ထမ်းအင်အားနှင့် လုပ်ငန်းပမာဏများပြားခြင်းတို့ကြောင့် ပုသိမ်ကြီးမြို့နယ်သို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ သို့သော်လည်း မြို့နယ်အတွင်းရှိ ယာဉ်ပိုင်ရှင် ပြည်သူများ၊ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါက ဖေဖော်ဝါရီလ ပထမအပတ်တွင် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ ပုသိမ်ကြီးမြို့နယ်အတွင်း လမ်းပေါ်သွားလာနေသောလိုင်စင်မဲ့ ထော်လာဂျီများ များပြားလာပြီး ယာဉ်မတော်တဆတိုက်ခိုက်မှုများ များပြားလာသဖြင့် အရေးယူဆောင်ရွက်ရန် အခက်အခဲရှိသဖြင့် စနစ်တကျ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း အများပြည်သူသွားလာသည့် လမ်းပေါ်တွင် ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကောင်းမွန်စေရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းစေရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးမှုကို ပြုလုပ်လျက်ရှိရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရှောင်တခင်စစ်ဆေးရေးအဖွဲ့လေးဖွဲ့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပုသိမ်ကြီး အုန်းချောနယ်မြေအတွင်း စည်းကမ်းချိုးဖောက်စစ်ဆေးအရေးယူခဲ့သည့် ထော်လာဂျီ ၁၄ စီး ရှိခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် ပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းတို့ကို ယခုထက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးတင်ပြရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်မဲ့ထော်လာဂျီများ မတော်တဆယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များ လျော့နည်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၀။ မန္တလေးမြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ပေးနေသည့် ယာဉ်လိုင်းလမ်းကြောများတစ်လျှောက် ယာဉ်ရပ်မှတ်တိုင်များ၊ ခရီးသည်နားနေဆောင်များ၊ တိုးချဲ့စိုက်ထူပေးနိုင်မည့် အခြေအနေအား သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(မြို့တွင်း)မှ မန္တလေးမြို့တွင်း ခရီးသည်ပို့ဆောင်ရေးယာဉ်လမ်းကြောများတစ်လျှောက် ယာဉ်ရပ်မှတ်တိုင် (၁၅၆)ခုနှင့် ခရီးသည်နားနေဆောင် (၅၁)ဆောင်ကို ကုန်ပစ္စည်းကြော်ငြာသည့် ကုမ္ပဏီများနှင့် ပူးပေါင်း၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံ ခွင့်ပြုချက်ရယူပြီး စိုက်ထူတည်ဆောက်ထားပြီး ဆက်လက်၍ ယာဉ်ရပ်မှတ်တိုင်စိုက်ထူပေးရန် ကျန်ရှိသည့်နေရာများ၊ ခရီးသည်နားနေဆောင်တည်ဆောက်ပေးရန် ကျန်ရှိသည့်နေရာများတွင် စိုက်ထူတည်ဆောက်ပေးနိုင်ရန်အတွက် ကုန်ပစ္စည်းကြော်ငြာမည့် ကုမ္ပဏီများအား ဆက်သွယ်ဖိတ်ခေါ်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံ ခွင့်ပြုချက်တောင်းခံပြီး ဆက်လက်စိုက်ထူတည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ ရန်ကုန်-မန္တလေးမီးရထားသံလမ်းအား ဖြတ်သန်းဖောက်လုပ်ထားသော (၃၆)လမ်း၊(၃၇) လမ်း၊ (၃၉)လမ်း၊ လမ်း(၄၀)တို့ရှိ ရထားလမ်း ဖွင့်/ပိတ်ဂိတ်တံများမှာ အဖွင့်အပိတ်ပြုလုပ်စဉ်တွင် ဂိတ်တံပိတ်/ဖွင့်သည့်တံခါးမှာ ရှည်လျားပြီး လမ်းအသုံးပြုသူများကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် (၃၈)လမ်းကဲ့သို့ ဘေးသို့ တွန်းဖွင့်/ပိတ်ဂိတ်တံခါးပြောင်းလဲတပ်ဆင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ (၃၆)လမ်း၊ (၃၇)လမ်း၊ (၃၉)လမ်း၊ လမ်း(၄၀)တို့ရှိ ဂိတ်တံခါးများအား (၃၈)လမ်းရှိ ထိုတံခါးကဲ့သို့ လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေသည့် ရှမ်းပြည်နယ်နေ့

(ယခင်အပတ်မှအဆက်)

နယ်ချဲ့နှင့် အပေါင်းအပါတို့သည် အဆိုပါ အစည်းအဝေးကြီးတွင် ပြည်မနှင့်အတူ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရမည့်အရေး အောင်မြင်သွားမည်ကို များစွာစိုးရွံ့လျက်ရှိရာ ယင်းရည်ရွယ်ချက်ပျက်ပြားစေရန် အစွမ်းကုန်ခြေထိုးနှောင့်ယှက်ခဲ့ကြသည့်အပြင် အထူးသဖြင့် ရှမ်းအမျိုးသားများကြားတွင် ခပ်သွက်သွက်ခြေထိုးနှောင့်ယှက်ခဲ့ကြသည်။ သို့သော် သွေးစည်းညီညွတ်ပြီးဖြစ်သော ရှမ်းပြည်နယ်လူထုကြီးနှင့် အခြားသော တိုင်းရင်းသားလူမျိုးများကို သွေးခွဲ၍ မရခဲ့ပေ။

နှစ်ရှည်လများ နယ်ချဲ့တို့အလိုကျ ဆောင်ရွက်ခဲ့ကြသော ရှမ်းစော်ဘွားတို့သည် လူထုမပါလျှင် မည်သည့်ကိစ္စကိုမျှ အောင်မြင်မည်မဟုတ်သည်ကို နားလည်သဘောပေါက်ကာ ၁၉၂၂ ခုနှစ်က နယ်ချဲ့တို့က ၎င်းတို့အလိုကျဖွဲ့စည်းထားသော ရှမ်းပြည်နယ်အတွက် မည်သို့မျှအကျိုးမပြုခဲ့သော ပဒေသရာဇ်ကောင်စီကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဖျက်သိမ်းပြီး ရှမ်းပြည်နယ်ကောင်စီကို ဖွဲ့စည်းလိုက်သည်။

ထို့ကြောင့် ဤနေ့သည် ရှမ်းပြည်နယ်စော်ဘွားကြီးများနှင့် လူထုကိုယ်စားလှယ်ခေါင်းဆောင်ကြီးများ ညီညွတ်သောနေ့၊ တိုင်းတစ်ပါးတို့၏ အစီအမံ၊ ဩဇာအာဏာကို တွန်းလှန်နိုင်သောနေ့၊ ဒီမိုကရေစီအခွင့်အရေးကို လူထုလက်သို့ စတင်အပ်နှင်းပေးသောနေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်နေ့ဟု ဖေဖော်ဝါရီ ၁၂ ရက် ပင်လုံညီလာခံအစည်းအဝေးက ဆုံးဖြတ်ခဲ့ကြသည်။

ယင်းအစည်းအဝေးမှာပင် ရှမ်းအမျိုးသားသီချင်းနှင့် ရှမ်းအမျိုးသားအလံကို သတ်မှတ်ခဲ့ကြသည်။ ပင်လုံညီလာခံတွင် သမိုင်းတွင်မည့် ပင်လုံစာချုပ်လက်မှတ်ထိုး ပြီးလျှင်ပြီးချင်း ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်ကြီးများနှင့် ဗြိတိသျှအစိုးရ ကိုယ်စားလှယ်တို့သည် ရှမ်းအမျိုးသားအလံကို ရှေးဦးစွာ လွှင့်ထူအလေးပြုခဲ့ကြသည်။ ဤသို့ သမိုင်းဝင်မော်ကွန်းတွင်ခဲ့သော ရှမ်းပြည်နယ်နေ့သည် ယခုအခါ (၆၇)နှစ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ပင်လုံမြေတွင် ညီညွတ်ခဲ့သည့် အစဉ်အလာကြီးအတိုင်း ဆက်လက်ကြိုးပမ်းခဲ့ကြသဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ ကြီးမြတ်သော အောင်ပွဲများကို ရယူနိုင်သည်ဆိုသည်ကို ယင်းသမိုင်းမှတ်တိုင်များက ပြဆိုလျက်ရှိပေသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့တွင် ရှမ်းတိုင်းရင်းသားများသည် ရှေးအစဉ်အလာကညီညွတ်ခဲ့သည့် စည်းလုံးညီညွတ်မှုအစဉ်အလာကြီးကို မပျက်မယွင်းအောင် ထိန်းသိမ်းပြီးနိုင်ငံ၏တာဝန်များကို ဆက်လက်ထမ်းဆောင်သွားကြမည်ဟူသော သန္နိဋ္ဌာန်ကို ချမှတ်အကောင်အထည်ဖော်သွားရန် လိုအပ်ပေသည်။

နယ်မြေကျယ်ပြန့်ပြီး စီးပွားရေးကဏ္ဍစုံသော ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားတို့သည် စီမံကိန်းစီမံချက်များနှင့်အညီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးတာဝန်များနှင့် ၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည် ချက်များဖြစ်သည့်-

-ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွ ပူးပေါင်းနေထိုင်ရေး။

-ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

-ရရှိထားပြီးဖြစ်သည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

-တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

-ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး စသည့် ဦးတည်ချက်များကို ရှမ်းပြည်နယ်နေ့တွင် ရှမ်းတိုင်းရင်းသားတစ်ရပ်လုံးက ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီး စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့အပေါ် တာဝန်ကျေပွန်နိုင်ကြပါစေဟု တိုက်တွန်းဆန္ဒပြုအပ်ပါသည်။

ရှမ်းတိုင်းရင်းသားများ ရိုးရာအကဖြင့် ဖျော်ဖြေနေစဉ်။

ဆောင်းပါး-စိုင်းသာလှိုင်(လိမ္မော်မြေ)
ဓာတ်ပုံ-စိုင်း(သီပေါ)

နမ့်ခမ်းမြို့ မြို့လယ်မဟာမုနိဘုရားသို့ တရုတ်ခရီးသွားများ လာရောက်ဖူးမြော်ကြစဉ်။

မြန်မာ-တရုတ်နယ်စပ် နေ့ချင်းပြန်တရုတ်ခရီးသွားများ လာရောက်မှုများပြား

မူဆယ်၊ နမ့်ခမ်းမြို့များတွင် တရုတ်နှစ်သစ်ကူးပွဲအပြီး၌ တရုတ်နိုင်ငံမှ နေ့ချင်းပြန်ဧည့်သည်များ လာရောက်မှုများပြားခဲ့သည်။ မူဆယ်မြို့တွင် ရွှေသမင်ဘုရား၊ မူဆယ်ဈေးကြီး၊ နမ့်ခမ်းမြို့တွင် မြို့လယ်ဘုရားကြီး၊ မန့်ခမ်းစေတီနှင့် "တိုင်း" ပန်းခြံများသို့လည်ပတ်ရန် နယ်စပ်ခရီးသွားကုမ္ပဏီများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ သတ်မှတ်ထားသော ဝန်ဆောင်ခကိုယူ၍ စားသောက်သွားလာပို့ဆောင်ရေးကိစ္စများကို ဆောင်ရွက်ပေးကြသည်။ သတ်မှတ်ထားသောနေရာတွင် လေ့လာလည်ပတ်ရာ၌ ဧည့်လမ်းညွှန်များက လိုက်ပါပြီး သတ်မှတ်ထားသောအချိန်တွင် မြန်မာနိုင်ငံ မူဆယ်မြို့ ရွှေနန်းတော်အလယ်ပေါက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးရသည်။

"မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ ၁၉၇၀-၁၉၈၀ ခုနှစ်က တရုတ်နိုင်ငံရဲ့ အခြေအနေနဲ့ တူနေပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေးတွေဆိုရင် တရုတ်နိုင်ငံက အခုမြန်မာနိုင်ငံလိုပဲ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာခဲ့ပါတယ်၊ မြန်မာနိုင်ငံရဲ့ တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်လာတာကလည်း တရုတ်ပြည်စပြီး ဖွံ့ဖြိုးတိုးတက်တဲ့အချိန်ကာလနဲ့ တူနေပါတယ်"ဟု တရုတ်နိုင်ငံသားတစ်ဦး၏ တရုတ်ဘာသာဖြင့် ပြောပြချက်ကို ဧည့်လမ်းညွှန်တစ်ဦးက ဘာသာပြန်ပြောပြသည်။

"နယ်စပ်ခရီးသွားလုပ်ငန်းကို သုံးနှစ်ကျော် ရပ်နားထားတယ်။ ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့က ပြန်လည်လုပ်ကိုင်ခဲ့တဲ့အခါ တရုတ်ဧည့်သည်အတော်နည်းတယ်ဗျ။ အခုတရုတ်နှစ်သစ်ကူးမှာ တရုတ်နိုင်ငံကရုံးတွေသုံးရက်ပိတ်ထားတဲ့အချိန်မှာ လာရောက်လည်ပတ်သူတွေ နည်းနည်းများလာတယ်၊ ရုံးတွေ ပြန်ဖွင့်ရင်တော့ ဘယ်လိုဖြစ်မလဲတော့ မသိဘူး၊ အလာနည်းမယ်လို့ထင်တယ်။ တရုတ်ပြည်အတွင်းပိုင်းက ကူမင်း၊ ရှန်ဟိုင်း စတဲ့မြို့တွေကလည်း လာကြတယ်"ဟု မူဆယ်၊ နမ့်ခမ်း ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ လာရောက်လည်ပတ်သူ တရုတ်ဧည့်သည် ယခင်ကထက်များပြားကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

မွန်ပြည်နယ်

လက်တွဲညီညီ SDC

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆွစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Swiss Agency for Development and Cooperation-SDC)တို့အကြား ကရင်ပြည်နယ်အတွင်းက ကော့ကရိတ်၊ လှိုင်းဘွဲ့၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ သံတောင်ကြီးမြို့နယ်များ၊ မွန်ပြည်နယ်အတွင်းက ဘီးလင်း၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးနှင့် သထုံမြို့နယ်များမှာ SDC ရဲ့ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းဖြင့် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ကျေးလက် ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်း၊ ကျေးရွာရေရရှိရေးနှင့် သန့်ရှင်းမှုအစီအမံများ ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပေးခြင်းလုပ်ငန်းများကို ၂၀၁၃ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့အထိ သုံးနှစ်ကြာဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding MOU) လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စာသင်ကျောင်းများဆောက်လုပ်ပေးခြင်း

SDC အနေနဲ့ သက်ဆိုင်ရာပြည်နယ်အစိုးရက ရွေးချယ်ပေးတဲ့နေရာများမှာ စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ ကျောင်းသုံးပရိဘောဂပစ္စည်းများ ဖြည့်တင်းပေးခြင်း၊ သောက်ရေကန်တည်ဆောက်ခြင်း၊ လေးခန်းတွဲနှင့် နှစ်ခန်းတွဲရေလောင်းအိမ်သာများ တည်ဆောက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းစတင်တဲ့ ၂၀၁၃ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ ငါးလတာ ကာလအတွင်း မွန်ပြည်နယ် ရေးမြို့နယ်အတွင်းက ဓမ္မပါလ၊ ကိုင်းတော၊ ဝယ်ပေါင်၊ အထက်ရစ်ချောင်း၊ အိုင်ရှည်နဲ့ ဝယ်ဇင်ကျေးရွာတွေမှာ အမက (၆) ကျောင်းတည်ဆောက်ပေးပြီးဖြစ်ပါတယ်။ စီမံကိန်းကာလပြီးဆုံးမည့် ၂၀၁၆ ခုနှစ် ဇွန်လမှာ ကရင်ပြည်နယ်အတွင်း စာသင်ကျောင်း ၁၅ ကျောင်း၊ မွန်ပြည်နယ်အတွင်းမှာ စာသင်ကျောင်း ၂၄ ကျောင်း ပြီးစီးမှာဖြစ်ပါတယ်။ ဆောင်ရွက်ပြီးကျောင်းများဟာ ဥပမိရုပ်ကောင်းမွန်ပြီး ပရိဘောဂလည်း ပြည့်စုံမှုရှိလာတယ်။ ရေလောင်းအိမ်သာနဲ့မိလ္လာကန်များ သန့်ရှင်းသပ်ရပ်စွာ ဆောက်လုပ်ပေးထားလို့ ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးနဲ့ ညီညွတ်တာမို့ ရပ်ရွာလူထုလည်း ကျေနပ်အားရမှုရှိကြောင်း တွေ့ရှိရပါတယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲများဆောက်လုပ်ပေးခြင်း

စီမံကိန်းကာလအတွင်း ကရင်ပြည်နယ်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲ/ဆေးပေးခန်း ရှစ်ခု၊ မွန်ပြည်နယ်မှာ ၁၃ ခု တည်ဆောက်ပေးမှာဖြစ်ပါတယ်။ မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲကို တည်ဆောက်ပေးပြီး မွေးခန်းသုံးပစ္စည်းများကိုပါ ဖြည့်တင်းဆောင်ရွက်ပေးခဲ့ပါတယ်။ SDC အနေနဲ့ ဒေသခံအင်ဂျင်နီယာများ၊ ကျွမ်းကျင်လုပ်သားများဖြင့် ကျောင်းများ၊ ဆေးခန်းများကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆွစ်ဇာလန်နည်းပညာများကိုလည်း မျှဝေဖြန့်ဖြူးအသုံးပြုခဲ့ပါတယ်။ ဆောက်လုပ်ပြီး အဆောက်အအုံများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ဖို့အတွက် ကော်မတီများ ဖွဲ့စည်းပေးခဲ့ပါတယ်။

ကျေးရွာရေရရှိရေးလုပ်ငန်းများ

ပထမနှစ်မှ တတိယနှစ်အထိ ရေရရှိရေးလုပ်ငန်းများကို ကရင်ပြည်နယ်မှာ ကိုးခု၊ မွန်ပြည်နယ်မှာ ၁၃ ခုဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ရေးမြို့နယ် ဓမ္မပါလကျေးရွာမှာ ရေဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ပေးခဲ့ပါတယ်။ SDC စီမံကိန်းရဲ့အားသာချက်တစ်ခုကတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ စီမံကိန်းအတွက် လျာထားငွေအားလုံး အပြည့်အဝသုံးစွဲသွားခြင်းဖြစ်ပြီး အုပ်ချုပ်မှုဆိုင်ရာစရိတ်များ၊ လစာစရိတ်များကို ဆွစ်ဇာလန်နိုင်ငံသံရုံးမှ ကျခံဆောင်ရွက်ပေးခြင်းပါပဲ။

အမြင်ဖွင့်သင်တန်းများ

အလင်းဖွင့်ခြင်းဆိုတဲ့ ဝေါဟာရကိုတော့ စည်ပင်သာယာရေးလုပ်ငန်းတွေမှာ ကျွန်တော်ကြားခဲ့ဖူးပါတယ်။ လမ်းတစ်ခုအပေါ်မှာ အုပ်မိုးနေတဲ့ သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တွေကို သင့်တင့်စွာဖြတ်တောက်ရှင်းလင်းဖယ်ရှားပေးပြီး လမ်းအရည်အသွေး မြင့်မားလာအောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ပေးခြင်းပါပဲ။ ယခု SDC က စီမံကိန်းနေရာဒေသအသီးသီးမှာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ တစ်နည်းအားဖြင့် သူတို့အခေါ်အဝေါ်အရ အမြင်ဖွင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချ ဆောင်ရွက်ပေးနေကြောင်း သိရပါတယ်။ သင်တန်းတွေကတော့ လူထုအခြေပြုစွမ်းဆောင်မှုမြှင့်တင်ရေးသင်တန်း၊ လူထုကိုယ်တိုင်ရေးဆွဲသောကျေးရွာဖွံ့ဖြိုးရေးသင်တန်း၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း၊ ကျောင်း သို့မဟုတ် ဆေးခန်းများ ရေရှည်ပြုပြင်ထိန်းသိမ်းရေးသင်တန်းနှင့် ရန်ပုံငွေထိန်းသိမ်းရေးသင်တန်းများဖြစ်ပါတယ်။

SDC ဟာ ကျောင်းတွေ၊ ဆေးခန်းတွေ ဆောက်လုပ်ပေးတဲ့အခါမှာ ဒေသခံပြည်သူလူထုက ပါဝင်လာတဲ့ လုပ်အား၊ ရွာဖွေစုဆောင်းထည့်ဝင်တဲ့ အုတ်၊ သဲ၊ ကျောက်စတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေအတွက် တန်ဖိုးသင့်ပြီး အဆောက်အအုံဆောက်လုပ်ပြီးချိန်မှာ ကျောင်း ရန်ပုံငွေ၊ ဆေးခန်းရန်ပုံငွေအဖြစ် ထူထောင်ပေးပါတယ်။ နိုပွန်ဖောင်ဒေးရှင်းက (စေတနာ) အဖွဲ့နဲ့ လုပ်ငန်းစဉ်ချင်းတူညီတာကို သတိပြုမိပါတယ်။ ဖွဲ့စည်းပေးထားတဲ့ ကျောင်းကော်မတီ၊ ကျန်းမာရေးကော်မတီတွေက အဆိုပါရန်ပုံငွေကို လည်ပတ်ထိန်းသိမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ သည်လိုဆောင်ရွက်နိုင်အောင် ရန်ပုံငွေထိန်းသိမ်းရေးသင်တန်းများ ဖွင့်လှစ်ပို့ချ ပေးလျက်ရှိပါတယ်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၂၆၄ ဒသမ ၆၃ သန်း သုံးစွဲပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံတို့နဲ့လည်းကောင်း၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်ကြတဲ့ နိပွန်ဖောင်ဒေးရှင်း၊ GRET၊ Malteser၊ SWISS AID၊ WHH၊ World Vision၊ TPA၊ AMDA တို့နဲ့လည်းကောင်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဆွစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ SDC အနေနဲ့လည်း ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်အတွင်းက ဒေသခံတိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးကိစ္စတွေမှာ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

မြင့်စိုး(နတလ)

ဓမ္မပါလ အမကကျောင်း။

နိုင်ငံ့ဘက်စုံ
တည်ဆောက်
ရေး
မှန်မှန်
ကန်ကန်
အခွန်ပေး

ရုံ	ဇာတ်ကား	သရုပ်ဆောင်
သမ္မတ ဖုန်း- [illegible]	၃၉ ဗိုက်ပူ	[illegible]
သွင် ဖုန်း- [illegible]	၃၉ ဗိုက်ပူ	[illegible]
မင်္ဂလာ(၁) [illegible] ဖုန်း- [illegible]	၃၉ ဗိုက်ပူ	[illegible]
Top Royal ဖုန်း- [illegible]	၃၉ ဗိုက်ပူ	[illegible]
နေပြည်တော် ဖုန်း- [illegible]	JACK RYAN SHADOW RECRUIT	[illegible]
ရွှေဆောင်(၁) ဖုန်း- [illegible]	THE MONKEY KING 3D	[illegible]
ရွှေဆောင်(၂) ဖုန်း- [illegible]	WALKING WITH DINOSAURS 3D	[illegible]
မင်္ဂလာ(၂) [illegible] ဖုန်း- [illegible]	WALKING WITH DINOSAURS 3D	[illegible]

သဘာဝဘေးအန္တရာယ်များကိုအသိတရားဖြင့်ရင်ဆိုင် ပညာပေးလုပ်ငန်းနှင့် ဆွေးနွေးပွဲများကိုစဉ်ဆက်မပြတ်ပြုလုပ်

ရခိုင်ပြည်နယ်

(ယခင်အပတ်မှအဆက်)

ကျောင်းနေအရွယ်ကလေးငယ်များသည် ဘေးအန္တရာယ်ကြုံတွေ့လာပါက ထိခိုက်မှုလွယ်ကူတတ်သဖြင့် ပိုမိုဂရုစိုက်ရန်လိုအပ်ခြင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများနှင့်ဆက်စပ်နေသော မိဘများအား ဘေးကင်းလုံခြုံစွာနေထိုင်တတ်အောင် ပညာပေးရန်လိုအပ်ခြင်း၊ ပညာပေးလုပ်ငန်းများအား ရပ်ရွာများရှိ ပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရမည်ဖြစ်ခြင်း၊ ယခုအခါ ယခင်ဖြစ်လေ့ဖြစ်ထရှိသော ဘေးအန္တရာယ်များအပြင် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာသဖြင့် သတ္တလောကကြီးတွင် ကြိုတင်ကာကွယ်မှုများပြုလုပ်ထားရန်လိုခြင်း၊ အကယ်၍ဖြစ်လာပါက မည်သို့ရင်ဆိုင်ရန် စီမံထားရမည်ဖြစ်ခြင်း၊ ဖြစ်ပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုတင်စီစဉ်ထားရန်လိုအပ်ခြင်း စသည်တို့အား သင်တန်းတွင် ပို့ချသင်ကြားပြီး အပြန်အလှန်ဆွေးနွေးသွားကြသည်။

ဒေသနှင့်သက်ဆိုင်သော အန္တရာယ်
မေးမြန်းရာဝယ်

ရခိုင်ဒေသနှင့် သက်ဆိုင်သော သဘာဝဘေးအန္တရာယ်များအကြောင်းကို သိရှိလိုသဖြင့် စာရေးသူအနေဖြင့် ဇန်နဝါရီလ တတိယပတ်က ပညာပေးလုပ်ငန်းဆွေးနွေးပွဲ အဖွဲ့ခေါင်းဆောင်ဆရာမကြီး ဒေါက်တာမြင့်မြင့်စန်းအား ဆွေးနွေးပွဲကျင်းပရာ အထက(၄) စစ်တွေရှိ မဟာပညာကျော်ခန်းမ၌ သွားရောက်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

မေး။ ။ **ကျွန်တော်တို့ရခိုင်ဒေသမှာ ဘယ်လိုဘေးအန္တရာယ်မျိုးတွေ ဖြစ်နိုင်ခြေရှိပါသလဲ။**

ဖြေ။ ။ ကျွန်မတို့သိထားရတဲ့ ဒီက သင်တန်းသားတွေ ပြောပြချက်အရဆိုရင်တော့ မုန်တိုင်းနဲ့ မီးဘေးအန္တရာယ်တွေ ဖြစ်နိုင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ကမ္ဘာ့ပေါ်မှာ သဘာဝဘေးအန္တရာယ်အဖြစ်များတဲ့ အာရှနှင့် ပစိဖိတ်ဒေသမှာ ပါဝင်တာကြောင့် ရခိုင်ဟာလည်း သဘာဝနဲ့ဆိုင်တဲ့ အန္တရာယ်တွေပဲဖြစ်နိုင်မှာပါ။ အထူးသဖြင့်တော့ မုန်တိုင်းအန္တရာယ်ပေါ့။

မေး။ ။ **မုန်တိုင်းအန္တရာယ်ဖြစ်နိုင်သလို ငလျင်အန္တရာယ်ဖြစ်နိုင်ပါသလား။**

ဖြေ။ ။ အများအားဖြင့်တော့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ဖြစ်လာရင်တော့ ပြင်းထန်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ်းလွန် သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေရေးလုပ်ငန်းတွေ၊ နောက်ပြီး ဒေသခံတွေပြောပြချက်အရ တချို့ တိုက်တာအဆောက်အအုံတွေဟာ ငလျင်ဒဏ်ခံနိုင်အောင် ဆောက်ထားတာ မဟုတ်ပါဘူးလို့ သိရတဲ့အတွက် ရခိုင်ဒေသမှာ ငလျင်ဖြစ်လာရင် ပိုမိုပြင်းထန်နိုင်ပါတယ်။

မေး။ ။ **ဆူနာမီတွေ ကျရောက်နိုင်ခြေရှိပါသလား။**

ဖြေ။ ။ မိုးလေဝသပညာရှင်တွေ ပြောပြချက်အရဆိုရင်တော့ ရခိုင်ဒေသမှာ ဆူနာမီတွေ ဖြစ်နိုင်ခြေမရှိပါဘူး။ မုန်တိုင်းဒီရေလှိုင်းတွေပဲ ကျရောက်နိုင်ပါတယ်။ ဆူနာမီတွေ ဖြစ်ခဲ့ရင်လည်း အဖျားခတ်တာလောက်ပဲ ဖြစ်နိုင်မှာပါ။

မေး။ ။ **ဆရာမကြီးအနေနဲ့ ပြည်သူတွေကို ဘယ်လိုအသိပေးချင်ပါသလဲ။**

ဖြေ။ ။ ပြည်သူတွေကို ပြောချင်တာကတော့ သဘာဝဘေးအန္တရာယ်တွေဆိုတာက ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့လိုအပ်ပါတယ်။ ကြိုတင်စီစဉ်မှုရှိရင်တော့ ပျက်စီးမှုတွေကလည်း နည်းသွားမှာပါ။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှုကအစ လုပ်ဆောင်သင့်တဲ့ စီစဉ်မှုတွေကို လုပ်ထားရင်တော့ ဘေးအန္တရာယ်မဟုတ်ဘဲ အန္တရာယ်အဆင့်နဲ့လောက်ပဲ ကျော်လွှားနိုင်မှာပါ။ ဒါကြောင့် ကြိုတင်စီစဉ်မှုဟာ အဓိကပါလို့ ပြောချင်ပါတယ်။

စာတွေ့ကို လက်တွေ့အသုံးချနိုင်မှ

ရခိုင်ဒေသသည် ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ရိုးမတောင်တန်းကြီးကြားတွင် ကျရောက်နေသည်။ မြစ်ချောင်းပေါများပြီး တောတောင်ထူထပ်ခြင်းကြောင့် သဘာဝဘေးဒဏ်များ မကြာခဏကျရောက်တတ်တယ်။ အထူးသဖြင့် မုန်တိုင်းအန္တရာယ်များ ကျရောက်တတ်သည်။ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေများသော ဒေသများတွင် တစ်ခုအပါအဝင် ဖြစ်သည်။

ကမ္ဘာကြီး၏ သဘာဝဘေးအန္တရာယ်များ၊ သဘာဝမဟုတ်သော အန္တရာယ်များကို နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်ရန်လိုအပ်သည်။ ဤသို့ဆောင်ရွက်နိုင်မှသာ ပျက်စီးဆုံးရှုံးမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအားလုံး၌ ပညာပေးလုပ်ငန်းသည်လည်း အလွန်အရေးကြီးပေသည်။ မိမိတို့ရရှိသည့် အသိပညာများကို အများပြည်သူတို့သိရှိနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိဒေသ၏ သဘာဝဘေးအန္တရာယ်များကို စုပေါင်းကာကွယ်ကြပါစို့ဟု တိုက်တွန်းလျက်စုစည်းရေးသားလိုက်ရပါသည်။

လေးဝတီထွန်းစောခိုင်

C B BANK
Let's Win-Win Together !
ကသာဘဏ်ခွဲဖွင့်လှစ်ခြင်း
Phone : (075) 259 88, 259 95, 259 96
Fax : (075) 259 89, 259 92, 259 93
Call Center : 1874
E-mail : contact@cbbankmm.com
Website : www.cbbankmm.com
Facebook : https://www.facebook.com/CBBankmyanmar

ဂနိုင်ငံတကာအားကစား

မြန်မာ့အလင်း
၇-၂-၂၀၁၄ (သောကြာနေ့)

LIVERPOOL VS ARSENAL

Team	League	FACup	Capital One	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
လီဗာပူး	၁၈	၇	၈	၁၅	၅	၃	-	၃	-	-	၅၉
အာဆင်နယ်	၁၃	၁၀	၂	၁၂	-	-	၁	-	-	-	၃၈

PREDICTED TEAM

အိမ်ကွင်း ၁၂ပွဲတွင် အရှုံးတစ်ပွဲသာရှိသည့် လီဗာပူး၏ခြေ သည် တည်ငြိမ်မှုရှိလွန်းလှသည်။ အထူးသဖြင့် စတားရစ်နှင့် ဆွာရက်ဇ်တို့ တိုက်စစ်အတွဲသည် အိမ်ကွင်း၌ ဂိုးသွင်းခြေမှန်သည်။ သို့သော် ခံစစ်အား ကျလာသည်ကို မေ့၍မရ။

KEY PLAYER

ဆွာရက်ဇ်(တိုက်စစ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	-	၂၃ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	-	၁၉ ပွဲ
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	-	၆၂ဂိုး
လီဗာပူးအတွက် စုစုပေါင်းသွင်းဂိုး	-	၇၄ဂိုး
လီဗာပူးအတွက် စုစုပေါင်း ပွဲကစားမှု	-	၁၁၈ပွဲ

သစ်မင်းအိမ်

PREDICTED TEAM

ယခုပွဲကစ၍ အာဆင်နယ်ပွဲကျပ်တွေ ဆက်နေသည်။ ထို့ကြောင့် ဒီပွဲစဉ်၌ ခြေကုန်ထုတ်နိုင်ရန်မှာ ခက်ခဲသည်။ အထူးသဖြင့် အာဆင်နယ်၌ ဒဏ်ရာရကစားသမားများ များလွန်းနေ၍ ခြေစွမ်းကို ထိခိုက်နိုင်ဖွယ်ရှိသည်။

KEY PLAYER

ဂီရောက်ဒ်(တိုက်စစ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	-	၁၀ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	-	၂၂ပွဲ
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	-	၂၁ဂိုး
အာဆင်နယ်အတွက် စုစုပေါင်းသွင်းဂိုး	-	၃၁ဂိုး
အာဆင်နယ်အတွက် စုစုပေါင်း ပွဲကစားမှု	-	၇၉ပွဲ



Last 5 matches record

D(1-1)	W(4-0)	D(2-2)	W(3-5)	W(2-0)

Last 5 matches record

W(2-0)	D(2-2)	W(2-0)	W(1-2)	W(2-0)

FIVE CLASSIC MATCHES

လီဗာပူး ၀-၂ အာဆင်နယ်
၂-၉-၁၂ ပရီမီယာလိဂ်

ဆွာရက်ဇ်၊ဂျရတ်တို့ လူစုံပါဝင်ခဲ့သည့်တိုင် လီဗာပူးရှုံးခဲ့ရခြင်းဖြစ်သည်။ ၃၁ မိနစ်၌ပင် ပိုဒေါစကီးက အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ၆၈မိနစ်၌ ကာဇိုလာက အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူခဲ့၍ အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

လီဗာပူး ၁-၂ အာဆင်နယ်
၃-၃-၁၂ ပရီမီယာလိဂ်

ကိုစီနီ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ၂၃မိနစ်တွင် လီဗာပူးအဖွင့်ဂိုးစရခဲ့သော်လည်း ၈၁မိနစ်၌ ဗန်ပါစီက ပြန်ချေပနိုင်ပြီး နာကျင်အချိန်ပို၌ ဗန်ပါစီက အာဆင်နယ်အတွက် အနိုင်ဂိုးသွင်းခဲ့သည်။ ၁၉မိနစ်၌ ရသောပယ်နယ်တီကိုလည်း ဒတ်ကွက်ဂိုးမဝင်ခဲ့ပေ။

လီဗာပူး ၁-၁ အာဆင်နယ်
၁၅-၈-၁၀ ပရီမီယာလိဂ်

၄၄မိနစ်တွင် ဂျိုကိုးလ် အနီကတ်ဖြင့် အထုတ်ခံရသော်လည်း ၄၆မိနစ်တွင် အန်ဂေါ့က လီဗာပူးအတွက် အဖွင့်ဂိုးသွင်းပေးခဲ့သည်။ သို့သော် ပွဲပြီးခါနီးတွင် ရေးနာ ကိုယ့်ဂိုးကိုယ်သွင်းမိ၍ ချေပဂိုးပြန်ပေးရကာ ပွဲပြီးခါနီးတွင် အာဆင်နယ်ခံစစ်မှူး ကိုစီနီ အထုတ်ခံခဲ့ရသည်။

လီဗာပူး ၁-၂ အာဆင်နယ်
၁၃-၁၂-၀၉ ပရီမီယာလိဂ်

၄၁မိနစ်တွင် ဒတ်ကွက်က အဖွင့်ဂိုးသွင်းခဲ့သော်လည်း မိနစ် ၅၀တွင်ဂွန်ဆင်က ကိုယ့်ဂိုးကိုယ်သွင်းမိ၍ လီဗာပူးတို့ဂိုးပြန်ပေးရသည့်အပြင် ၅၈ မိနစ်၌ အာရှာဗင် က အာဆင်နယ်အတွက် အနိုင်ဂိုးထပ်သွင်းသွား၍ လီဗာပူးတို့ အိမ်ကွင်း၌ ရှုံးပွဲကြုံခဲ့ရပြန်သည်။

လီဗာပူး ၄-၄ အာဆင်နယ်
၂၂-၄-၀၉ ပရီမီယာလိဂ်

အမှတ်ရစရာပွဲဖြစ်သည်။ ၃၆၊၆၇၊၇၀၊၉၀မိနစ်များ၌ အာရှာဗင်တစ်ဦးတည်းက အာဆင်နယ်အတွက် ဂိုးများသွင်းခဲ့ခြင်းဖြစ်သည်။ လီဗာပူးအတွက်မူ ၄၉၊၅၆၊ ၇၂၊၉၀တို့တွင် တောရက်စ်နှင့် ဘီနာယောင်တို့က နှစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းဖြစ်ကာ လီဗာပူးတို့ သရေသာရခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ် (၂၅)

လီဗာပူး	-	အာဆင်နယ်	ည ၇း၁၅	(၈-၂-၁၄)
ဗီလာ	-	ဝက်စ်ဟမ်း	ည ၉း၃၀	(၈-၂-၁၄)
ချယ်လ်ဆီး	-	နယူးကာဆယ်	ည ၉း၃၀	(၈-၂-၁၄)
ပဲလေ့စ်	-	ဝက်စ်ဘရွန်း	ည ၉း၃၀	(၈-၂-၁၄)
နော့ဝှစ်ချ်	-	မန်စီးတီး	ည ၉း၃၀	(၈-၂-၁၄)
ဆောက်သမ်တန်	-	စတုတ်	ည ၉း၃၀	(၈-၂-၁၄)
ဆန်းဒါးလန်း	-	ဟားလ်	ည ၉း၃၀	(၈-၂-၁၄)
ဆွမ်ဆီး	-	ကာဒိဖ်	နံနက် ၀၀း၀၀	(၉-၂-၁၄)
စပါး	-	အဲဗာတန်	ည ၈း၀၀	(၉-၂-၁၄)
မန်ယူ	-	ဖူလ်ဟမ်	ည ၁၀း၃၀	(၉-၂-၁၄)

၂၀၁၄ခုနှစ် Dubai Desert Classic ဂေါက်သီးပြိုင်ပွဲတွင် စကော့တလန်နိုင်ငံသား ဂါလာချာ အနိုင်ရဗိုလ်စွဲ

European Tour ဂေါက်သီးပြိုင်ပွဲများအနက်မှ တစ်ခုဖြစ်သည့် ၂၀၁၄ ခုနှစ် Dubai Desert Classic ဂေါက်သီးပြိုင်ပွဲတွင် စကော့တလန်နိုင်ငံသား စတီဖင်ဂါလာချာက အနိုင်ရဗိုလ်စွဲသွားသည်။

၂၀၁၄ ခုနှစ် Dubai Desert Classic ဂေါက်သီးပြိုင်ပွဲကို ပြီးခဲ့သည့် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြိုင်ပွဲ၌ အသက် ၃၉ နှစ်အရွယ်ရှိ ဂါလာချာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ချက်လျော့၊ စုစုပေါင်း ရိုက်ချက်၂၇၂ချက်ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဂါလာချာသည် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် အာဂျင်တီးနားနိုင်ငံသား အီမီလီယာနိုထက် ရိုက်ချက်တစ်ချက်လျော့ဖြင့် ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ပထမနေ့နှင့် ဒုတိယနေ့များ ကစားအပြီးတွင် နာမည်ကြီးဂေါက်သီးသမားတစ်ဦးဖြစ်သူ မက်အီရွိုင်းက ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ သို့သော် တတိယနေ့ ကစားအပြီး၌ မက်အီရွိုင်းသည် စုစုပေါင်း ရိုက်ချက် ၂၀၂ ချက်ဖြစ်နေခဲ့ပြီး ဂါလာချာက စုစုပေါင်း ရိုက်ချက် ၂၀၀ ဖြင့် ဦးဆောင်ခွင့်ရရှိခဲ့သည်။ ပြိုင်ပွဲနောက်ဆုံးနေ့တွင် ဂါလာချာသည် သတ်မှတ်ချက်ရိုက်အတိုင်း ရိုက်နိုင်ခဲ့သော်လည်း မက်အီရွိုင်းမှာမူ သတ်မှတ်ရိုက်ချက် ၇၂ ချက်ထက် ၂ ချက်ပိုသွားခဲ့၍ လေးရက် စုစုပေါင်း ရိုက်ချက် ၂၇၆ ချက်ဖြစ်သွားခဲ့ပြီး အင်္ဂလန်နိုင်ငံသား ကေစီပေါလ်၊ ဩစတြီးယားနိုင်ငံသား ဘားနက်ဝီစဘာဂျာ၊ အီတလီနိုင်ငံသား မိုလီနာရီတို့နှင့်အတူ အဆင့် ၉ နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် အမီလီယာနိုသည် သတ်မှတ်ရိုက်ချက်ထက် ၆ချက်လျော့၊ ၆၆ ချက် ရိုက်နိုင်ခဲ့သော်လည်း လေးရက် စုစုပေါင်းရိုက်ချက် ၂၇၃ ချက်ဖြစ်သွားခဲ့၍ ဒုတိယနေရာဖြင့်ပင် ကျေနပ်ခဲ့ရသည်။

ဂါလာချာသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် Dubai Desert Classic ဂေါက်သီးပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သူဖြစ်ကာ ၁၉၈၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အဆိုပါ ပြိုင်ပွဲသမိုင်း တစ်လျှောက်ချန်ပီယံဆုကို ပထမဆုံးကာကွယ်နိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုနှစ် Dubai Desert Classic ဂေါက်သီးပြိုင်ပွဲတွင် ရရှိခဲ့သည့် ချန်ပီယံဆုသည် ဂါလာချာ၏ European Tour ဂေါက်သီးပြိုင်ပွဲပေါင်း ၄၃၁ ပွဲ ပါဝင်ယှဉ်ပြိုင်မှုအနက် တတိယမြောက် အောင်မြင်မှုဖြစ်သည်။ ဂါလာချာသည် သူ၏ ပထမဆုံး European Tour ဂေါက်သီး ချန်ပီယံဆုကို ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း စကော့တလန်နိုင်ငံ၌ ကျင်းပခဲ့သော Dunhill Links Championship ဂေါက်သီး ပြိုင်ပွဲတွင် ရရှိခဲ့ခြင်းဖြစ်သည်။ Desert Classic ဂေါက်သီးပြိုင်ပွဲသည် အရှေ့အလယ်ပိုင်းဒေသတွင် ပထမဆုံးကျင်းပခဲ့သည့် European Tour ဂေါက်သီးပြိုင်ပွဲ ဖြစ်သည်။

ထက်အောင်